
နန္ဒကျော်သူ
ရွှေနဂါးသိုင်းကျမ်း
စာစဉ် (၁ + ၆)
4
ဒုတိယပိုင်း
အပိုင်း (၂)
မူယုံမီ၏ကျင်းလုံပိတ်ချန့်
1984
ALiEN.
Alien-ချစ်စုလှိုင်
သိုင်းစာစဉ်များ:page.
12.3.2019
Alien မှ pdf အဖြစ် စကန်ဖတ်သည်


ဒုတိယပိုင်း
နှငကျောသူ
ရွှေနဂါးသိုင်းကျမ်း

🌸 စာမူကြိုတင်ခွင့်ပြုချက်အမှတ် (၁၂၁၈)

🌸 မျက်နှာဖုံးနှင့် ရေခံခွင့်ပြုချက် အမှတ် (၃၁၁)


| | | |
|---|---|---|
| ထုတ်ဝေခြင်း | – | ၁၉၈၄–ခု၊ အောက်တိုဘာလ၊ မထမအကြိမ်၊ အုပ်ရေ–၁၈၀၀၊ တန်ဖိုး–နှစ်ဆယ့်နှစ်ကျပ်၊ |
| ထုတ်ဝေသူ | – | ဦးကံညွန့် (မြဲ–၀၃၀၆၈) ရွှေမိစာပေ အမှတ်(၁၈၀)၊ ရွှေဂုံတိုင်စာတိုက်၊ ဘောင်ဒရီလမ်း၊ ဗဟန်း၊ ရန်ကုန်မြို့။ |
| ပုံနှိပ်သူ | – | ဦးသန်းအောင် (မြဲ–၀၄၉၁) မော်ဒန်ပုံနှိပ်တိုက် အမှတ်–၁၆၅/၂၊ ဗိုလ်ချုပ်လမ်း၊ ရန်ကုန်မြို့။ |
| မျက်နှာဖုံးနှင့်ရေခံပန်းချီ | – | ပန်းချီ ငြိမ်းအောင်၊ |
| အဖုံးရိုက် | – | ဆန်းသစ်စ။ |
| ကာလာခွဲ | – | မောင်မောင်ဟိန်း |
| စီစဉ်သူ | – | ခင်မောင်ကျော်။ |


ရွှေနဂါးသိုင်းကျမ်း စာစဉ် [၂]

# နန္ဒကျော်သူ

## ရွှေနဂါးသိုင်းကျမ်း (ဒုတိယပိုင်း)


ဝဏ္ဏကျွန်းစာပေ
အမှတ် ၉၀ ဘီ၊ ၅လမ်း၊ ရန်ကုန်


F.1



## ပိတ်စာ (၁၂)စောင်

တနေ့ပြီးတနေ့၊ တလပြီးတလဖြင့် မျက်စိတမှိတ် အတွင်း ဆောင်းရာသီကို ကျော်လွန်ခဲ့ပြီဖြစ်ပါသည်။

ထိုအချိန်၌ ရွှေနဂါးသိုင်းသမား ဆန်ဝန်ကျက်နှင့် ရိပိန်နတ်သမီး ဆန့်ကွမ်းချုံးတို့၏ မင်္ဂလာဖိတ်စာသည် သိုင်းလောက တခုလုံးကို လှုပ်လှုပ်ရှားရှား ဖြစ်စေလေတော့သည်။

* * *

ရှောင်လင်ကျောင်း။

ဂိုဏ်းချုပ်လျှောင်အင်းသည် မိမိ၏တပည့်များ သိုင်းပညာ လေ့ကျင့်နေသည်ကို မမြင်တွေ့ပဲ လွန်ခဲ့သော (၁၀)နှစ်က ချီချဲ့ဂိုဏ်းချုပ်နှင့် ရိပိန်တောင်ဘီလူးမဆူးရိဖုံးတို့ သိုင်းပညာ ပြိုင်နေသည်ကို မြင်တွေ့နေလေသည်။

အတန်ကြာမှ သူသည် သက်ပြင်းတချက်ချလိုက်ပြီး လက်ထဲမှအနီရောင်ဖိတ်စာကို တချက်ပြန်လည်၍ကြည့်လိုက်လေသည်။

* * *

ဝူးတန်ကျောင်း။

ဤအခန်းသည် ဝူးတန်ဂိုဏ်းချုပ် ဝူစွမ်း၏ သီးသန့်အခန်းဖြစ်သည်။ ယင်းသီးသန့်အခန်းထဲ၌ ဝူစွမ်းသည် ခေါက်တုံ့ခေါက်ပြန် လမ်းလျှောက်၍ နေသည်။

အတန်ကြာမှ သူသည် စားပွဲဘေး၌ရပ်တန့်ပြီးစားပွဲပေါ်မှ အနီရောင်ဖိတ်စာကို ကောက်ယူ၍ နောက်ထပ်တကြိမ်ဖတ်လိုက်လေသည်။

ချင်းမြို့။

ပိုင်ဂေဟာ။

ပိုင်ဂေဟာ၏ ညှော်ခန်းထဲ၌ ပိုင်ဂေဟာပိုင်ရှင် ပိုင်လိန်ကျီနှင့် လုံကျီတို့နှစ်ယောက် ငြင်းခုံနေကြသည်။ သူတို့နှစ်ယောက်၏လက်ထဲ၌ အနီရောင်ဖိတ်စာများ ကိုင်ထားကြလေသည်။

* * *





ဝှံဆန်းဂိုဏ်းချုပ် ဖုံးမီဝူ။

ဟွာဆန်းဂိုဏ်းချုပ် မေတ္တာမဲ့ဓားကျွမ်းယုံ။ ကျွင်းဆန်းမှ စွီအောင်နှင့် ချိုက်ဝေ။

ထိုက်ဝူထိုက်ကျီအဖွဲ့မှ ထိပ်တန်းသိုင်းသမား ဖန်စိုစင်းနှင့် ဖန်စိုရီ ဖုန်းယန်းဒေါင်း တနေ့ဖြစ်သောဒေါင်းဖြူ အိုက်ရင်းဖိန်နှင့် ဒေါင်းမည်း အိုက်စူကျင့် သူတို့သည်လည်း အနီရောင်ဖိတ်စာကြောင့် ဦးနှောက်ခြောက်နေရလေသည်။

သို့သော် လွန်ခဲ့သော (၁၀)နှစ်က ရိုပိန်တောင်ဘီလူးမဆူးရိဖုံးကို တရုတ်ပြည်မှနှင်ထုတ်ရာတွင် ပါဝင်ခဲ့သော ကျင်လင်ကူကျားအဖွဲ့မှ ထိပ်တန်းသိုင်းသမားနှစ်ဦးမှာမူ အနီရောင်ဖိတ်စာမရသဖြင့် ဦးနှောက်မခြောက်ခဲ့ရပေ။

အကြောင်းမှာ ထိုထိပ်တန်း သိုင်းသမားနှစ်ဦးမှာ ကွယ်လွန်ခဲ့သဖြင့် သိုင်းလောကတွင် ကျင်းလင်ကူးကျား ဟူသော အမည်သာ ကျန်ရစ်ခဲ့သည် မဟုတ်ပါလော။

* * *

ဖိတ်စာရရှိသူ ၁၂ယောက်သာမက သိုင်းလောက တခုလုံးကို လှုပ်လှုပ်ရှားရှားဖြစ်စေသောအကြောင်းမှာ ရွှေနဂါးသိုင်းသမား ဆန်ဝန်ကျက်အမည်ကြောင့်မဟုတ်ပါ။

ရိုပိန်နတ်သမီး ဆန္ဒ ကွမ်းချုံး အမည်ကြောင့် လည်းမဟုတ်ပါ။

လွန်ခဲ့သော (၁၀)နှစ်ကျော်က နာမည်ကြီးခဲ့သော ရိုပိန်တော် ဘီလူးမ ဆူးရိုဖိုး၏ အမည်ကြောင့်လည်းမဟုတ်ပါ။

လူတိုင်း စိတ်ဝင်စားစေသော စာကြောင်းမှာ ဖိတ်စာ၏ အောက်ဆုံး၌ရေးသားထားသော စာကြောင်းကြောင့်ပင် ဖြစ်ပါသည်။

ထိုစာကြောင်းမှာ....

မင်္ဂလာညစ်ခံပွဲကို ကျန်မင်ရှောင်ယောင် တောင်ကြား၌ ကျင်းပမည်

ဟူသော စာကြောင်းပင်ဖြစ်ပါသည်။

* *

သိုင်းလောကသားတိုင်း စိတ်ဝင်စားကြသည်။

ထိုလူများထက်ပို၍ စိတ်ဝင်စားသူမှာ ဝမ်လန်ဂေါင်ပင် ဖြစ်ပါသည်။

ဝမ်လန်ဂေါင်သည် ချီချွဲဂိုဏ်းချုပ် ရှင်ကျူးချီဆုကွယ်လွန်ပြီးနောက် ဂိုဏ်းချုပ်ဖြစ်လာသူဖြစ်ပါသည်။

သူသည် (၃)လပိုင်း လဆန်း(၃)ရက်နေ့၌ ကျင်းပမည့် မင်္ဂလာပွဲ၏သတင်းကို (၁)လပိုင်းမှစ၍ သတင်းရရှိခဲ့သည်။

ထိုအချိန်မှစ၍ သူသည် မိမိ၏ဌာနခွဲများသို့ သတင်းပို့ကာ လဝက်အတွင်း မိမိ၏ဌာနချုပ်သို့ လာရောက်ရန် ဆင့်ခေါ် လိုက်လေတော့သည်။





ထို့နောက် ဝမ်လန်ဂေါင်သည် အရေးပေါ် အစည်းအဝေးတရပ် ပြုလုပ်ပြီး မိမိ၏အဖွဲ့သားအားလုံးကို ဌာနချုပ်၌ စုစည်းထားရန်နှင့် ရှောင်လင်၊ ဝူးတန် စသောအဖွဲ့(၈)ဖွဲ့သို့ လူလွှတ်ပြီး အဆက်အသွယ်ပြုလုပ်ရန် ဆုံးဖြတ်လိုက်လေတော့သည်။

အကြောင်းမှာ ရွှေနဂါးသိုင်းသမား ဆန်ဝန်ကျက်နှင့် ရိုပိန်နတ်သမီး ဆန့်ကူမ်းချုံးတို့၏ မင်္ဂလာညစ်ခံပွဲကျင်းပပြုလုပ်မည့် နေရာသည် ချီချွဲအဖွဲ့ဌာနချုပ်တည်ရှိရာ 'ကျန်မင်ရှောင်ယောင်တောင်ကြား'၌ ဖြစ်သည်မဟုတ်ပါလော။

* * *

ရှန်ယန်းဂေဟာ။

သို့မဟုတ် ရွှေနဂါးဌာန၌ အမှတ်(၄)၊ ဌာနခွဲမှူး ချိုက်သည် ချီချွဲအဖွဲ့၏ လှုပ်ရှားမှု သတင်းမှန်သမျှကိုကြားမိနေရလေသည်။

အကြောင်းမှာ ရွှေနဂါးဌာန၌ အမှတ် (၄)သည် ချီချွဲအဖွဲ့ဌာနချုပ် တည်ရှိရာ ကျန်မင်ရှောင်ယောင်တောင်ကြားနှင့် နီးကပ်သောကြောင့် ဖြစ်ပါသည်။

ထို့ကြောင့် ချီချွဲ အဖွဲ့၏ ကျန်မင်ဌာနချုပ်မှ လှုပ်ရှားမှုမှန်သမျှသည် ရွှေနဂါးအမှတ်(၄)ဌာနခွဲကို ဖြတ်ကျော်၍လှုပ်ရှားရသဖြင့် ဌာနခွဲမှူးချိုက်က သိရှိနေခြင်းပင်ဖြစ်ပါတော့သည်။

ဌာနခွဲမှူးချုပ် သိပြီးသည်နှင့် ထိုအကြောင်းအရာများကို ချီစီဖုံအမည်ခံ ကုန်းစွန်းယန်းနှင့် လက်ငါးချောင်းသမားတော်တို့ သိရလေတော့သည်။

အကြောင်းမှာ စာကြည့်ခန်းထဲသို့ ဌာနခွဲမှူးချုပ် ဝင်ရောက်လာတိုင်း ချီစီဖုအမည်ခံ ကုန်းစွန်းယန်း မပျင်းရအောင် ပြင်ပမှဖြစ်ပေါ်နေသော သတင်းများကို ပြောပြနေသောကြောင့် ဖြစ်ပါသည်။

သို့ဖြစ်၍လည်း ချီချုံအဖွဲ့မှ ရှောင်လင်နှင့်ဝူးတန်သို့ စေလွှတ်သော သတင်းသည် (၃)ရက်ကြာပြီးနောက် စာကြည့်ခန်းထဲသို့ ရောက်ရှိလာလေတော့သည် မဟုတ်ပါလော။

* * *

လက်ငါးချောင်း သမားတော်က ကုန်း စွန်း ယန်း အား တချက်ကြည့်လိုက်ပြီး...

'မင်း ဆုံးဖြတ်ပြီးပြီလား'

ဟု ရုတ်တရက်မေးလိုက်လေသည်။

ကုန်းစွန်းယန်းက မျက်ခုံးတချက်ပင့်ကာ....

'ဘာကိုဆုံးဖြတ်ရမှာလဲ'

ဟု ပြန်မေးလိုက်လေသည်။

လက်ငါးချောင်းသမားတော်က

'ဒီကထွက်ဖို့ နည်းလမ်းပေါ့'





ဟု ဖြေလိုက်လေသည်။

ကုန်းစွန်းယန်းက

'ဒီကထွက်ပြီး ဘယ်သွားမှာလဲ'

လက်ငါးချောင်းသမားတော်က ပခုံးတချက်တွန့်လိုက်ပြီး....

'မင်း ဘယ်သွားမယ်ဆိုတာ ကျုပ် ဘယ်သိပါ့မလဲ'

ကုန်းစွန်းယန်းက ဘချက်ပြုံးလိုက်ပြီး

'ခင်ဗျားရော ဆုံးဖြတ်ပြီးပြီလား'

ဟု ရုတ်တရက်မေးလိုက်သည်။

လက်ငါးချောင်းသမားတော်က ဦးခေါင်းကိုခါယမ်းလိုက်ပြီး...

'ဟင့်အင်း မဆုံးဖြတ်ရသေးဘူး'

ကုန်းစွန်းယန်းကပြုံးလျက်

'ဒါဆို ငြိမ်ငြိမ်ပဲ နေပေါ့၊ ဘာဖြစ်လို့ ဒီလောက်တောင် ထွက်ချင်နေရတာသဲ'

ဟု ပြောလိုက်လေသည်။

လက်ငါးချောင်း သမားတော်က မျက်မှောင်ကြုတ်လိုက်ပြီး....

'မင်းက'

ကုန်းစွန်းယန်းက လက်ကာပြယင်း

'ဘယ်သွားရမယ်ဆိုတာကို ခင်ဗျား မဆုံးဖြတ်ရသေးယင် ခင်ဗျားသွားဖို့နေရာမရှိကြောင်း ပြနေတာပဲ၊ ဒီတော့ငြိမ်ငြိမ်ပဲ နေပါ၊ ထွက်ဖို့မစဉ်းစားပါနဲ့'

လက်ငါးချောင်းသမားတော်က ဒေါသဖြစ်ဟန်ဖြင့်

'မင်းက ရော ဒီကမထွက်ချင်ဘူးလား'

ဟု မေးလိုက်လေသည်။

ကုန်းစွန်းယန်းကပြုံးလျက်

'ကျုပ်ထွက်ချင်ယင် အချိန်မရွေး ဒီအခန်းထဲက ထွက်သွားနိုင်တယ်'

လက်ငါးချောင်း သမားတော်က မျက်မှောင် ကြုတ်ပြီး

'ဘာလဲ မင်းမှာ နည်းလမ်းရလို့လား'

ကုန်းစွန်းယန်းကပြုံးလျက်

'ရှိတယ်'

လက်ငါးချောင်းသမားတော်က

'ဘယ်လိုနည်းလမ်းလဲ'

ကုန်းစွန်းယန်းက လက်ငါးချောင်းသမားတော်အား စူးစိုက်၍ တချက်ကြည့်လိုက်ပြီး

'နောက်တခေါက် ဌာနခွဲမှူးချိုက် လာတာနဲ့ ကျုပ်ရဲ့ လက်နှစ်ချောင်းက သူတို့အတွက် ရိသံမျှတံခါးတွေ ဖွင့်ပေးအောင် လုပ်နိုင်တယ်ဆိုတာ ခင်ဗျားမသေမ့ပါနဲ့'

ဟု ပြောလိုက်လေသည်။





လက်ငါးချောင်းသမားတော်က သက်ပြင်းတချက်မှုတ်ထုတ်လိုက်ပြီး

'ဒါဖြင့်မင်းက ဘာလို့မလုပ်တာလဲ'

ကုန်းစွန်းယန်းက သဘောကျစွာ တချက်ပြုံးလိုက်ပြီး

'ကျုပ် အပင်ပန်း ခံပြီး ဒီအထဲ ဝင်လာတာ ခင်ဗျားကို ကယ်ဖို့များ ထင်နေသလား'

ဟု မေးလိုက်လေသည်။

ကုန်းစွန်းယန်း၏ စကားကြောင့် လက်ငါးချောင်း သမားတော်သည် ရုတ်တရက် ငေးကြောင်သွားပြီး

'ဒါ.... ဒါဖြင့် တို့ရဲ့အပေးအယူက အလကားပဲပေါ့'

ဟု ညည်းညည်းညူညူပြောလိုက်လေသည်။

ကုန်းစွန်းယန်းက တချက်ပြုံးလိုက်ပြီး—

'ကျုပ်ပြောတဲ့စကားကို ဘယ်တော့မှမပြင်ပါဘူး'

ဟု ပြောလိုက်လေသည်။

လက်ငါးချောင်း သမားတော်က ယဲ့ယဲ့ကလေး ပြုံးလိုက်ပြီး...

ကုန်းစွန်းယန်းက တချက်ပြုံးလိုက်ပြီး

'ရွှေနဂါးဌာနချုပ်ကို မသိရမချင်း၊ ရွှေနဂါးဌာနရဲ့ဌာနခွဲ (၁၂) နေရာတွေ မသိရမချင်း၊ ပြီးတော့ ရွှေနဂါးသိုင်းကျမ်းအစစ်ကို ပြန်မရမချင်း ကျုပ်ဒီက တဖဝါးမှမခွာဘူး'

လက်ငါးချောင်းသမားတော်က စိတ်ပျက်စွာဖြင့်

'ဒါဖြင့် မင်းနဲ့အတူ ကျုပ်က ဘယ်လောက်အထိစောင့်ရအုံးမှာလဲ'

ကုန်းစွန်းယန်းက တချက်ပြုံးလိုက်ပြီး

'ခင်ဗျားမစောင့်နိုင်ယင်တော့ခင်ဗျားဘာသာနည်းလမ်းရှာပြီး သွားပါ၊ ကျုပ်မတားပါဘူး၊ ခင်ဗျားရှိနေလဲကျုပ်အတွက် အထောက်အကူရတာမှမဟုတ်ပဲ၊ တခုတော့ ရှိတယ်၊ ခင်ဗျားဘာသာခင်ဗျား မသွားနိုင်တာ ကျုပ်ကြောင့်မဟုတ်ဘူးဆိုတာ နားလည်ထားပါ'

လက်ငါးချောင်း သမားတော်က သက်ပြင်းတချက် ဖြည်းညင်းစွာ ချလိုက်ပြီး

'အခုလောက်ကောင်းတဲ့အခွင့်အရေးကို ဘာဖြစ်လို့ မင်းက လက်လွှတ်လိုက်သလဲဆိုတာ ကျုပ်စဉ်းစားလို့ မရဘူး'

ကုန်းစွန်းယန်းကပြုံးလျက်

'ဘာအခွင့်အရေးတုန်း'

လက်ငါးချောင်းသမားတော်က ပြုံးယင်း

'ဌာနခွဲမှူးချိုက်ပြောသွားတာမင်းလဲကြားသားပဲ၊ အခုလို သိုင်းလောကသားတွေ လှုပ်လှုပ်ရှားရှား ဖြစ်နေတဲ့အချိန်မှာ မင်းလဲ လှုပ်ရှားသင့်တာပေါ့'





ကုန်းစွန်းယန်းက ဦးခေါင်းကိုညိတ်ယင်း

'ကောင်းပြီ၊ ကျုပ်မေးမယ်'

လက်ငါးချောင်း သမားတော်က ပြုံး၍ ဦးခေါင်းကို ညိတ်ယင်

'မေး'

ကုန်းစွန်းယန်းက လက်ငါးချောင်း သမားတော်အား စူးစိုက်၍ကြည့်လိုက်ပြီး

'တကယ်လို့ ခင်ဗျားသာ အမည်မဲ့ခြံပိုင်ရှင်ဖြစ်မယ်ဆိုယင် ဘာလုပ်ဖို့ စိတ်ကူးသလဲ'

ဟု မေးလိုက်လေသည်။

လက်ငါးချောင်းသမားတော်က ပြုံးယင်း

'ခြံထဲကသိုင်းဆရာတွေကို ချက်ချင်းခေါ်ပြီး ချီချွဲအဖွဲ့ရဲ့ ကျုံမင်ဌာနချုပ်ကို သွားမှာပေါ့'

ကုန်းစွန်းယန်းကပြုံးလျက်

'သွားပြီး ဘာလုပ်မှာလဲ'

လက်ငါးချောင်းသမားတော် အံ့သြဟန်ဖြင့် ကုန်းစွန်းယန်းကို တချက်ကြည့်လိုက်ပြီး

'ဟိုမှာစောင့်ပြီး ဆန်ဝန်ကျက်နဲ့ စာရင်းရှင်းမှာပေါ့'

ကုန်းစွန်းယန်းကပြုံးယင်း

'ဆန်ဝန်ကျက်နဲ့ စာရင်းရှင်းလို့ ရမယ်လို့ထင်သလား'

လက်ငါးချောင်းသမားတော်က မဲ့ပြုံးပြုံးလိုက်ပြီး

'နာမည်ကြီးသိုင်းအဖွဲ့ (၈)ဖွဲ့ရဲ့ ထိပ်တန်းသိုင်းသမား (၁၂) ယောက်ရယ်၊ ချီချဲ့အဖွဲ့ကလူတွေရဲ့ ပူးပေါင်းပြီး စာရင်းရှင်းယင် ဆန်ဝန်ကျက် ခံနိုင်ပါ့မလား'

ကုန်းစွန်းယန်းက တချက်ပြုံးလိုက်ပြီး

'အဲဒီ ထိပ်တန်းသိုင်းသမား(၁၂)ယောက်နဲ့ ချီချဲ့အဖွဲ့နဲ့ ပူးပေါင်းပြီး ဆန်ဝန်ကျက်ကိုရင်ဆိုင်မယ်လို့ ခင်ဗျားကိုဘယ်သူပြောသလဲ'

လက်ငါးချောင်း သမားတော်က မျက်မှောင် တချက်ကြုတ်ယင်း

'အဲ့ဒါကြောင့် မဟုတ်ယင်၊ ဘာဖြစ်လို့ သိုင်းလောကမှာ လှုပ်လှုပ်ရှားရှား ဖြစ်နေရတာလဲ'

ကုန်းစွန်းယန်းက တချက်ပြုံးလိုက်ပြီး

'ကောင်းပြီ၊ ကျုပ်တခုထပ်မေးမယ်'

'ဘာမေးမှာလဲ'

'အဲ့ဒီ ထိပ်တန်းသိုင်းသမား (၁၂) ယောက်ထဲမှာ ရှောင်လင်ကလျှောင်အင်းနဲ့ ဝူးတန်ကစူစွမ်းတို့ ပါတယ်မဟုတ်လား'

လက်ငါးချောင်းသမားတော်က ဦးခေါင်းကိုညိတ်လိုက်ပြီး

'သူတို့က အသက်ရှင်နေသေးတာပဲ၊ ပါတာပေါ့'





ကုန်းစွန်းယန်းကပြုံးလျက်

'ကောင်းပြီ၊ ကျုပ်နောက်တခုမေးအုံးမယ်'

လက်ငါးချောင်းသမားတော်က စိတ်မရှည်ဟန်ဖြင့်

'ကဲ၊ မေး'

ဟု ပြောလိုက်လေသည်။

ကုန်းစွန်းယန်းက တချက်ပြုံးလိုက်ပြီး

'ချီချဲ့ဂိုဏ်းချုပ် ရှင်ကျူးချီဆိုတာကို သိသလား'

လက်ငါးချောင်းသမားတော်က ဦးခေါင်းကိုညိတ်လိုက်ပြီး

'လူကိုတော့မသိဘူး၊ ဒါပေမယ့် သူ့အကြောင်းတော့ကြားဖူးတယ်'

ကုန်းစွန်းယန်းကပြုံးလျက်

'ဒါဖြင့် အဲဒီရှင်ကျူးချီဆိုတာ ဘယ်လိုလူစားမျိုးလဲ'

လက်ငါးချောင်းသမားတော်က လည်ချောင်းတချက်ရှင်းလိုက်ပြီး

'အင်မတန် ဖြောင့်မတ်တဲ့လူစားပဲ၊ အမှန်တရားဘက်ကရပ်တည်တဲ့လူစားမျိုး၊ မဟုတ်တာတွေ့ယင် ဆိုင်ဆိုင် မဆိုင်ဆိုင် ဝင်ရှင်းတတ်တဲ့ လူစားမျိုးပဲ၊ ပြီးတော့ သူနဲ့တွေ့တဲ့အနက်ရောင်သိုင်းသမားတွေရော၊ လူထုကိုဒုက္ခပေးတဲ့ လူတွေကိုပါ တယောက်မှ အရှင်မထားဘူး'

ကုန်းစွန်းယန်းကပြုံးယင်း

'ကောင်းပြီ ဒါဖြင့်ဘာဖြစ်လို့ရိပိန်တောင်ကဘီလူးမဆူးရိဖိုးဟာ သူ့လက်ထဲကနေအသက်ရှင်လျက်နဲ့ထွက်သွားနိုင်ရတာလဲ'

လက်ငါးချောင်းသမားတော်သည် ကုန်းစွန်းယန်း၏စကားကြောင့် အနည်းငယ်တွေဝေသွားပြီး၊ (၉) အဖွဲ့ထဲက တချို့က တောင်းပန်ခဲ့တယ်လို့ ပြောချင်တာမဟုတ်လား'

ကုန်းစွန်းယန်းကပြုံးလျက်

'ဟုတ်တယ်၊ ပုဂ္ဂိုလ်နှစ်ဦးက တောင်းပန်ပေးခဲ့တယ်'

လက်ငါးချောင်းသမားတော်က နှုတ်ခမ်းတချက်ကို ကိုက်လိုက်ပြီး....

'ဘယ်သူတွေလဲ'

ကုန်းစွန်းယန်းက ဦးခေါင်းကို တချက်မော့ကြည့်လိုက်ပြီး

'ရှောင်သင်က လျှောင်အင်းရဲ့ ဝူးတန်က ဝူစွမ်းတို့ပဲ'

လက်ငါးချောင်းသမားတော်က သက်ပြင်းတချက်မှုတ်ထုတ်လိုက်ပြီး....

'တကယ်လို့ အဲဒီတုန်းကတည်းက လျှောင်အင်းနဲ့ ဝူစွမ်းတို့ကသာ မတောင်းပန်ခဲ့ယင် ဆူးရိဖုံးလဲဒလာကမှာရှိမှာ မဟုတ်သေးဘူး၊ ပြီးတော့ ဒီမင်္ဂလာပွဲလဲ ဖြစ်လာမှာ မဟုတ်တော့ဘူး'

ကုန်းစွန်းယန်းကပြုံး၍ ဦးခေါင်းကိုညိတ်ကာ....

'ဒါပေါ့'

လက်ငါးချောင်းသမားတော်က ဦးခေါင်းကို ခါယမ်းယင်း သက်ပြင်းတချက်ကို မှုတ်ထုတ်ကာ စိတ်ရှုပ်သောလေသံဖြင့်....





'အင်း ဘာတွေဖြစ်လာအုံးမလဲမသိဘူး'

ဟု ညည်းညည်းညူညူ ပြောလိုက်လေတော့သည်။

* * *

ကုန်းစွန်းယန်းက ကျားကစားသည့်ခုံဘေးသို့ ရွှေ့လိုက်ပြီး ထိုင်ရာမှ ထလိုက်လေသည်။

လက်ငါးချောင်းသမားတော်ကလည်း ထိုင်ရာမှထလိုက်ပြီး ကုန်းစွန်းယန်းအား

'မင်းဘာလုပ်မယ် စိတ်ကူးသလဲ'

ဟု ရုတ်တရက်မေးလိုက်လေသည်။

ကုန်းစွန်းယန်းက စားပွဲပေါ်သို့ လက်ထောက်ယင်း....

'ကျန်မင်ယောင်တောင်ကြားကိုသွားမယ်'

ဟု ပြောလိုက်လေသည်။

လက်ငါးချောင်းသမားတော်က အံ့သြဟန်ဖြင့်

'ဘာလဲ မင်းက.... မင်းရဲ့ လူတွေခေါ်ပြီး ကျန်မင်ရှောင်ယောင် တောင်ကြားက ချီချွံရဲ့ ကျန်မင်ရှောင် ဌာနချုပ်ကို သွားမလို့လား'

ကုန်းစွန်းယန်းက သဘောကျစွာ တချက်ရယ်မောလိုက်ပြီး

'ကျုပ်ဟာ ရွှေနဂါး ဌာနချုပ်ရဲ့ စာပေပညာရှင်ဆိုတာ မမေ့နဲ့လေ'

ဟု ပြောလိုက်လေသည်။

လက်ငါးချောင်းသမားတော်က သဘောပေါက်ဟန်ဖြင့် တချက်ရယ်မောလိုက်ပြီး

'ဟုတ်သားပဲ၊ ဒါပေမယ့် မင်းရဲ့ရောဂါက နောက် ၂ လ ကျော်ကျော်မှာ ပျောက်မယ်ဆိုတာလဲ မမေ့နဲ့'

ကုန်းစွန်းယန်းကပြုံးယင်း

'ဒီလိုဆို မင်းရဲ့ လက်ငါးချောင်းသမားတော်ဆိုတဲ့ ဂုဏ်ပုဒ်ကို ဖြုတ်လိုက်တော့'

ဟု ပြောလိုက်လေသည်။

လက်ငါးချောင်း သမားတော်က မျက်ခုံးတချက် ပင့်လိုက်ပြီး

'ဘာဖြစ်လို့ကျုပ်က ဒီလိုလုပ်ရမှာလဲ'

ကုန်းစွန်းယန်းကပြုံး ယင်း

'ခင်ဗျားရဲ့ဂုဏ်ပုဒ်ကို မဖြုတ်ချင်ယင်တော့ မနက်ဖြန်ကျုပ်နေကောင်းအောင် ကုပေတော့'

ဟု ပြောလိုက်လေသည်။

လက်ငါးချောင်းသမားတော်ကပြုံးယင်း

'ကောင်းပြီ'

ဟု ပြောလိုက်သည်။

ပြီးမှ မျက်မှောင်တချက်ကြုတ်ကာ

'ဒါပေမယ့်၊ စင်းမမက မင်းနေကောင်းယင် ဌာနချုပ်ကို လွှတ်ပါလို့ပဲ မှာခဲ့တယ်။ ဒီတော့ ကျုပ်အတွက်ဘယ်လိုလုပ်မလဲ'

ကုန်းစွန်းယန်းက တချက်ပြုံးလိုက်ပြီး





'လွယ်ပါတယ်၊ ကျုပ်ရောဂါဟာ (၆) လအတွင်း ပြန်ပြီးဖြစ်ပေါ်လာတတ်တယ်၊ (၆) လကျော်မှ လုံးဝကောင်းမယ်ပေါ့'

လက်ငါးချောင်းသမားတော် ကမျက်မှောင်ကြုတ်ယင်း

'စင်းမမက ယုံပါ့မလား'

ကုန်းစွန်းယန်းကပြုံးယင်း

'မင်းရဲ့အပြောအဆိုပေါ်မှာ မူတည်ပါတယ်'

လက်ငါးချောင်းသမားတော်သည် အဘန်ကြာအောင်စဉ်းစားနေပြီးမှ သက်ပြင်းတချက်ချလိုက်ယင်း

'ကောင်းပြီလေ၊ မနက်ဖြန်ကစပြီး မင်းနေကောင်းသွားပြီပေါ့၊ ဟုတ်လား'

ဟု ပြောလိုက်လေတော့သည်။

* * *



ရွှေနဂါးဌာနချုပ်သို့

လက်ငါးချောင်းသမားတော်က ကုန်းစွန်းယန်း၏ ကျန်းမာရေးအခြေအနေကို ပြောပြနေသည်။

ဌာနခွဲမှူးချုပ်က ဦးခေါင်းကို တဆတ်ဆတ်ညိတ်၍ နားထောင်နေသည်။

လက်ငါးချောင်းသမားတော်၏စကား အဆုံးသတ်သည်နှင့် ဌာနခွဲမှူးချုပ်သည် ကုန်းစွန်းယန်းအား ဝမ်းသာအားရ ပြုံးပြကာ

'ကဲ ဆရာ၊ ကျွန်တော်မြင်းလှည်းသွားစီစဉ်လိုက်တော့မယ်။ ဆရာအဆင်သင့် ပြင်ထားပါ'

ဟု ပြောလိုက်လေသည်။

လက်ငါးချောင်း သမားတော်က ဌာနခွဲမှူး ချိုက်အား လှမ်း၍

'ဌာနခွဲမှူးကိုယ်တိုင် လိုက်ပို့မှာလား'

ဟု မေးလိုက်လေသည်။

ဌာနခွဲမှူးချိုက်က ဦးခေါင်းကိုခါယမ်းလိုက်ပြီး

'ဒီတရက်နှစ်ရက်အတွင်းမင်းသားလာဖို့ရှိတယ်၊ ဒါကြောင့် ကျွန်တော်လိုက်ပို့နိုင်မှာ မဟုတ်ဘူး'

'ဘာဖြစ်လို့လဲ'

လက်ငါးချောင်းသမားတော်ကပြုံးယင်း

'ဩော်၊ ဘာမှမဖြစ်ပါဘူး။ စင်းမမကို မှာစရာရှိလို့ပါ'

ဌာနခွဲမှူးချိုက်က ပြုံးလိုက်ပြီး

'ဘာမှာမလို့လဲ၊ ကျွန်တော်သေသေချာချာ ပြောခိုင်းပေးပါမယ်'

လက်ငါးချောင်းသမားတော်က

'စင်းမမကိုပြောပေးပါ။ ဆရာချီစီဖုက် ဂရုစိုက်ပါလို့၊ သူ့ရောဂါမျိုးက အခုကောင်းနေပေမယ့် (၆)လအတွင်း ပြန်ဖြစ်ချင် ဖြစ်လာတတ်တယ်လို့၊ စင်းမမနားလည်ပါတယ်'

ဟု ပြောလိုက်လေသည်။

ဌာနခွဲမှူးချိုက်သည် သက်ပြင်းတချက်မှုတ်ထုတ်လိုက်ယင်း

'မတော်တဆ ဌာနချုပ်ကိုပို့ပြီးမှ ပြန်ဖြစ်လာယင် ဒုက္ခပဲ ဘယ်လိုလုပ်မလဲ'

လက်ငါးချောင်းသမားတော်က ပြုံးယင်း

'အချိန်မီ ဒီကိုပြန်ပို့ပေါ့'





ဟု ပြောလိုက်လေသည်။

ဌာနခွဲမှူးချိုက်က အတန်ကြာ စဉ်းစားပြီး၊ လက်ငါးချောင်းသမားတော်အား

'ဆရာကြီးပြောတာလဲ နည်းလမ်းမကျသေးဘူး'

ဟု ပြောလိုက်လေသည်။

လက်ငါးချောင်းသမားတော်က ပြုံးလျက် မိမိ၏ပခုံးကို တချက်တွန့်လိုက်ပြီး

'ဌာနခွဲမှူးမှာ ဒီထက် ကောင်းတဲ့နည်းလမ်းများ ရှိပါသလား'

ဟု မေးလိုက်လေသည်။

ဌာနခွဲမှူးချိုက်က အဘန်ကြာစဉ်းစားလိုက်ပြီး၊ နောက်ဆုံး သက်ပြင်းတချက်မှုတ်ထုတ်ကာ

'ဒီကိစ္စကို ကျွန်တော်ဆုံးဖြတ်လို့မရဘူး။ ရက်နည်းနည်းစောင့်ပြီးမှ ပြောပြတာပေါ့'

ဟု ပြောလိုက်ပြီး အခန်းထဲမှ ထွက်သွားလေတော့သည်။

* * *

မကြာမီ။

ဌာနခွဲမှူးချိုက်၏ အခန်းပြတင်းပေါက်မှ ခိုတကောင် ကောင်းကင်ပေါ်သို့ ပျံတက်သွားလေတော့သည်။

* * *

ထိုအချိန်တွင်။

လက်ငါးချောင်းသမားတော်သည် အခန်းထဲ၌ ခေါက်တုံ့ခေါက်ပြန် လျှောက်၍နေသည်။ ပြီးမှ ကုန်းစွန်းယန်းဘက်သို့ လှည့်ကာ

'ကဲ၊ ဘယ်လိုလုပ်မလဲ'

ဟု မေးလိုက်လေသည်။

'ဌာနချုပ်ကအမိန့်ကို စောင့်တာပေါ့'

ဟု ပြောလိုက်လေသည်။

လက်ငါးချောင်းသမားတော်ကပြုံးယင်း၊ စိတ်မရှည်သောလေသံဖြင့်

'အဲဒီအမိန့်ကို ဘယ်နှစ်ရက်လောက် စောင့်ရမလဲ'

ဟု မေးလိုက်လေသည်။

ကုန်းစွန်းယန်းက ကျားကွက်ကို တယောက်တည်းရွှေ့ယင်း

'နှစ်ရက်'

ဟု ပြောလိုက်လေသည်။

လက်ငါးချောင်းသမားတော်က အံ့သြဟန်ဖြင့်

'နှစ်ရက် ဟုတ်လား'

ဟု ထပ်မံမေးလိုက်လေသည်။

ကုန်းစွန်းယန်းက ဦးခေါင်းကိုညိတ်ယင်း

'ဟုတ်တယ်၊ အသွားတရက် အပြန်တရက်…နှစ်ရက်'

လက်ငါးချောင်းသမားတော်က မျက်မှောင်ကြုတ်ယင်း….





ဌာနချုပ်က မိုင်တစ်ရာပတ်ဝန်းကျင်မှာ ရှိမယ်လို့ မင်းက ထင်သလား'

ဟု မေးလိုက်လေသည်။

ကုန်းစွန်းယန်းက လက်ငါးချောင်းသမားတော်အား မော့၍တချက် ကြည့်လိုက်ပြီး

'ဌာနချုပ် ဘယ်မှာရှိမှန်းသိယင် ခင်ဗျားနဲ့ကျုပ် တွေ့စရာအကြောင်းမရှိတော့ဘူး'

လက်ငါးချောင်းသမားတော်က မဲ့ပြုံးပြုံးလိုက်ပြီး….

'ဒါဖြင့် မင်းက ဘာဖြစ်လို့ နှစ်ရက်လို့ပြောနိုင်ရတာလဲ'

ဟု မေးလိုက်လေသည်။

ကုန်းစွန်းယန်းက တယောက်တည်းကျားကစားယင်း….

'ချီချဲ့အဖွဲ့ဌာနချုပ်နဲ့ ဒီနေရာနဲ့ ဘယ်လောက်ဝေးတယ်လို့ ခင်ဗျားထင်သလဲ'

ဟု ရုတ်တရက်မေးလိုက်လေသည်။

လက်ငါးချောင်းသမားတော်က နှုတ်ခမ်းတချက်မဲ့လိုက်ပြီး

ကုန်းစွန်းယန်းကပြုံးယင်း

'အမြန်ဆုံးမြင်းနဲ့ မိုင် ၅၀၀အနီးကိုသွားယင် ၃ရက်ကြာမယ်၊ ဒါကြောင့် ကျုပ်တို့ ချီချဲ့အဖွဲ့ရဲ့ လှုပ်ရှားမှုကို ၃ရက်ကြာပြီးမှ သိရတယ်'

လက်ငါးချောင်းသမားတော်က ဦးခေါင်းကို ညိတ်ပြလိုက်လေသည်။

ကုန်းစွန်းယန်းက လက်ငါးချောင်းသမားတော်ကို တချက်မော့ကြည့်လိုက်ပြီး….

'ဒါပေမယ့် ဌာနချုပ်ရဲ့သတင်းကို ကျုပ်တို့တရက်နောက်ကျပြီး သိရတယ်၊ ဥပမာဆိုပါတော့၊ ဒီနေ့ ဌာနချုပ်ရဲ့သတင်းကို ကျုပ်တို့က နောက်နေ့ညနေမှာ သိရတယ်'

လက်ငါးချောင်းသမားတော်က ဦးခေါင်းကိုညိတ်ယင်း...

'ဟုတ်တယ်'

ဟု ဝန်ခံလိုက်သည်။

ကုန်းစွန်းယန်းက တချက်ပြုံးလိုက်ပြီး

ဒါဟာထူးဆန်းမနေဘူးလား'

ဟု မေးလိုက်လေသည်။

ကုန်းစွန်းယန်း၏စကားကြောင့်...

လက်ငါးချောင်းသမားတော်၏ မျက်လုံးများသည်တချက်ဝင်းလက်သွားပြီး...

'ဟုတ်ပြီ သတင်းတွေကို ချိုချဲ့ပို့တာဖြစ်လိမ့်မယ်'

ဟု တကိုယ်တည်း ရေရွတ်လိုက်မိလေတော့သည်။

* * *

နှစ်ရက်ကြာပြီးနောက်....

ဌာနခွဲမှူးချိုက်၏ ပြတင်းပေါက်၌ ခိုတကောင်ရပ်နားလာလေတော့သည်။

* * *





ထိုနေ့ ညစာစားချိန်၌ ဌာနခွဲမှူးချိုက်သည် စားသောက်စရာများနှင့်အတူ ရွှေနဂါးဌာနချုပ်မှ အမိန့်ကိုပါသယ်ဆောင်လာလေတော့သည်။

ထိုအမိန့်မှာ လက်ငါးချောင်းသမားတော်အား ကုန်းစွန်းယန်းနှင့်အတူ ဌာနချုပ်သို့ခေါ်ဆောင်လာရန် ဖြစ်လေသည်။

* * *

ရာသီဥတု အနည်းငယ်အေးစိမ့်နေသည်။

လမ်းမကြီး၏ ဘေးနှစ်ဘက်ရှိ စိမ်းလန်းသော လယ်ကွင်းများသည် သဘာဝပန်းချီကားတချပ်နှင့်တူလှပေသည်။

ထိုလမ်းမကြီးပေါ်တွင် မြင်းလှည်းတစီးမောင်းနှင်လျက်ရှိသည်။

မြင်းလှည်းမောင်းသမား တိန်းလျောင်လျှိသည် မိမိ၏လက်ထဲမှ ကျာပွတ်ကိုဝင့်လျက် မြင်းလှည်းကို တွင်တွင်မောင်းနှင်နေလေသည်။

ထိုမြင်းလှည်းထဲ၌ ကုန်းစွန်းယန်းသည် မျက်လုံးကိုမှိတ်၍ လိုက်ပါလာလေသည်။

ကုန်းစွန်းယန်းနှင့် မျက်နှာချင်းဆိုင်ထိုင်ခုံ၌လက်ငါးချောင်းသမားတော်သည် မြင်းလှည်းမောင်းပေါက်မှ ပတ်ဝန်းကျင်ကို ငေးမောကြည့် ယင်းလိုက်ပါလာလေသည်။

ထိုမြင်းလှည်း၏ နောက်ဘက်ခပ်လှမ်းလှမ်းနေရာ၌ ရွှေနဂါးဌာနခွဲ အမှတ်(၄)မှ ဆရာပိုင်နှင့် ဆရာရှုံသည် မြင်းကိုယ်စီ စီးလျက်လိုက်ပါလာလေသည်။

* * *

မြင်းလှည်း၏မောင်းနှင်နှုန်း တဖြည်းဖြည်းနှေး၍လာသည်။

အကြောင်းမှာ မြင်းလှည်းသည် တိမ်သောချောင်းတခုကို ဖြတ်ကျော်ရမည် မဟုတ်ပါလော။

ထို့ကြောင့် မြင်းလှည်းမောင်းသမား တိန်းလျှောင်လျှိက မြင်းလှည်းကို အချိန်လျှော့ချလိုက်ခြင်းဖြစ်ပါသည်။

ထိုအချိန်တွင် ကုန်းစွန်းယန်းသည် မျက်လုံး ဖွင့်လိုက်ပြီး ခါးတချက်ဆန့်ကာမိမိရှေ့မှ လက်ဂါးချောင်းသမားတော်အား

'ကျုပ်တို့ မြောက်ဘက်အတိုင်းသွားနေတာ မဟုတ်လား'

ဟု ရုတ်တရက်မေးလိုက်လေသည်။

လက်ဂါးချောင်းသမားတော်သည် အပြင်သို့ငေးကြည့်နေရာမှ ရုတ်တရက် ကုန်းစွန်းယန်း၏အမေးစကားကြောင့်ခေတ္တမျှ ငေးကြောင်သွားပြီး ဝန်းကျင်အရပ်လေးမျက်နှာကိုတချက်အကဲခတ်လိုက်လေသည်။





ပြီးမှ သူ၏ဦးခေါင်းကိုညိတ်၍ ပြလိုက်လေသည်။

ထိုစဉ် မြင်းလှည်းသည် ချောင်းကိုဖြတ်ကျော်ပြီး ဖြစ်လေတော့သည်။

* *

လက်ဂါးချောင်းသမားတော်က မြင်းလှည်းနောက်ဘက်မှ မြင်းကိုယ်စီဖြင့် လိုက်ပါလာသော ဆရာပိုင်နှင့် ဆရာရှုံကို ပြတင်းပေါက်မှတဆင့် တချက်လှမ်းကြည့်လိုက်သည်။

ပြီးမှ ကုန်းစွန်းယန်းနှင့်မျက်နှာမူလိုက်ပြီး

'မင်း ခန့်မှန်းလို့ရပြီလား'

ဟု မေးလိုက်လေသည်။

ကုန်းစွန်းယန်းက ထပ်မံ၍ခါးတချက်ဆန့်ယင်း....

'ကျုပ်က ဘာကိုခန့်မှန်းလို့ရမှာလဲ'

ဟု ပြန်၍မေးလိုက်လေသည်။

လက်ဂါးချောင်းသမားတော်က

'ရွှေနဂါးဌာနချုပ် ဘယ်မှာရှိတယ်ဆိုတာကို မင်း ခန့်မှန်း
လို့ ရပြီလားလို့မေးတာ'

ဟု အသံကို နှိမ့်၍ပြောလိုက်လေသည်။

ကုန်းစွန်းယန်းက တချက်ပြုံးလိုက်ပြီး

‘မင်းရော ခန့်မှန်းလို့ရပြီလား’

လက်ငါးချောင်းသမားတော်က တချက်ပြုံးလိုက်ပြီး....

‘ကျုပ် ခန့်မှန်းတာ မလွဲဘူးဆိုယင်တော့ ကူဆန်းတောင်တဝိုက်မှာရှိရမယ်’

ကုန်းစွန်းယန်းကပြုံးလျက်

‘ဘာဖြစ်လို့ ခင်ဗျားပြောနိုင်တာလဲ’

ဟု မေးလိုက်သည်။

လက်ငါးချောင်းသမားတော်ကပြုံးယင်း

‘အခု ကျုပ်တို့မြင်းလှည်းဟာ မြောက်ဘက်ကနေ အရှေ့ဘက်ကိုလမ်းကြောင်းပြောင်းသွားတယ်မဟုတ်လား၊ ဒါကြောင့် ကူဆန်းတောင်တဝိုက်မှာရှိရမယ်လို့ ကျုပ်ခန့်မှန်းတာ၊ ပြီးတော့ ဌာနခွဲမှူးချိုက်သည် ဌာနချုပ်နဲ့ အမှတ်(၄)ဌာနခွဲဟာ(၅) ရက်ခရီးပဲရှိတယ်လို့ ပြောတယ်မဟုတ်လား’

ကုန်းစွန်းယန်းက ပြုံးယင်း

‘ဒါဆို တရက်ကို ဂဝမိုင်နှုန်းနဲ့ မြင်းလှည်းကို မောင်းမှ ကူဆန်းတောင်တဝိုက်ကို ရောက်ရုံပဲရှိမယ်’

ဟု ပြောလိုက်လေသည်။

လက်ငါးချောင်းသမားတော်က မျက်မှောင်ကြုတ်လိုက်ပြီး

‘မဖြစ်နိုင်လို့လား’

ဟု မေးလိုက်လေသည်။

ကုန်းစွန်းယန်းက...





‘ကောင်းပြီ ဒီကနေဆက်သွားယင် ကွင်းပြင်ဖြတ်ရမယ်၊ ပြီးတော့ ကျောက်ပြားဆိုင်၊ နန်ယန် ဖန်မြို့ စတဲ့မြို့တွေကို တောက်လျှောက်ဖြတ်ရမယ်။ တကယ်လို့များ တနေရာရာက ကွေ့သွားယင် ကူဆန်းတောင်ကို မရောက်တော့ဘူး’

ကုန်းစွန်းယန်း၏ စကားသည် နည်းလမ်းကျသဖြင့် လက်ငါးချောင်းသမားတော်က ဦးခေါင်းညိတ်ကာ

‘ကောင်းပြီ မင်းကရော ဘယ်နေရာလို့ ခန့်မှန်းသလဲ’

ဟု မေးလိုက်လေသည်။

ကုန်းစွန်းယန်းက တချက်ပြုံးလိုက်ပြီး....

‘တကယ်လို့သာ ဒီလမ်းမကြီးအတိုင်းပဲ ဆက်သွားမယ်ဆိုယင် ငါးရက်အတွင်း စိချန်မြို့ကို ရောက်မယ်၊ နောက်ဆုံး ခိုင်ဖုံးမြို့လဲ ရောက်နိုင်တယ်၊ ဒါမှမဟုတ်ပဲ ကွင်းပြင်ကိုဖြတ်ပြီး အရှေ့ဘက် ဘောလမ်းအတိုင်း သွားယင် ငါးရက်အတွင်း ထုံပိုင်တောင်ခြေကို ရောက်နိုင်တယ်၊ ပြီးတော့ အခု မောင်းနေတဲ့ မြင်းလှည်းနှုန်းအတိုင်း မောင်းနေရုံပဲ’

ဟု ပြောလိုက်လေသည်။

လက်ငါးချောင်း သမားတော်က မိမိ၏ပေါင်ကို လက်ဖြင့် တချက်ပုတ်လိုက်ပြီး

‘ဟုတ်တယ်....ဖြစ်နိုင်တယ်၊ အထူးသဖြင့်ထိုက်ပိုင်တောင်ခြေမှာ ဖြစ်နိုင်တယ်’

ကုန်းစွန်းယန်းက ပခုံးတချက်တွန့်လိုက်သည်။

‘ရွှေနဂါးဌာနချုပ်ဟာ တောင်ကြိုတောင်ကြားမှာ ရှိရမယ်လို့ ခင်ဗျားကို ဘယ်သူပြောသလဲ’

ဟု မေးလိုက်လေသည်။

လက်ငါးချောင်းသမားတော်သည် မိမိ၏ပခုံးအား ဟန်ပါပါတွန့်ပြယင်း

'ဒါကတော့—'

ဟူ၍ မည်သို့ စကားကို ဆက်ပြောရမှန်းမသိ ဖြစ်နေလေသည်။

ကုန်းစွန်းယန်းက တချက်ရယ်မောလိုက်ပြီး

'ဘာပဲဖြစ်ဖြစ်ပေါ့၊ ရွှေနဂါးဌာနချုပ်ကို ရောက်တဲ့အခါ ရွှေနဂါးဌာနချုပ် ဘယ်မှာရှိမှန်း ခင်ဗျားကို ကျုပ်ပြောပြပါ့မယ်'

ဟု ပြောလိုက်လေတော့သည်။

*　　*　　*

လက်ငါးချောင်းသမားတော်သည် သက်ပြင်းတချက် မှုတ်ထုတ်လိုက်ပြီး

'မင်းကို ကျုပ် အကြံတခု ပေးမယ်'

ဟု ကုန်းစွန်းယန်းအား ပြောလိုက်လေသည်။

ကုန်းစွန်းယန်းက တချက်ပြုံးယင်း

'ဆရာပိုင်နဲ့ ဆရာရုံကို ရှင်းပြီး ကျုပ်တို့ ထွက်ပြေးဖို့လား'

လက်ငါးချောင်းသမားတော်က မျက်ခုံးမွေးကို နဖူးထက်သို့ ပင့်တင်ယင်း





'နောက်ထပ် ဒီအခွင့်အရေးမျိုး ရနိုင်ပါအုံးမလား'

ကုန်းစွန်းယန်းက

'အဲဒီ သိုင်းဆရာနှစ်ယောက်ရဲ့ သိုင်းပညာဟာ အမည်မဲ့ခြံက သိုင်းသမားကို ယှဉ်နိုင်တယ် ဆိုယင်တော့ ခင်ဗျား မပြောလဲ ကျုပ်ကရှင်းသင့်ရှင်းရမှာပဲ'

လက်ငါးချောင်း သမားတော်က မဲ့ပြုံး ပြုံးလိုက်ပြီး

'မင်း ဆိုချင်တာက ဆရာပိုင်နဲ့ ဆရာရုံဟာ အမည်မဲ့ခြံက သိုင်းဆရာနဲ့ မယှဉ်နိုင်လို့ မင်းက မသတ်ချင်ဘူး ဆိုပါတော့ ဟုတ်လား'

ကုန်းစွန်းယန်းက ဦးခေါင်းကို ခါယမ်းယင်း

'မဟုတ်ဘူး....'

ဟု ပြောလိုက်လေသည်။

လက်ငါးချောင်းသမားတော်က မျက်မှောင်တချက်ကြုတ်လိုက်ပြီး...

'ဒါဖြင့် ...ဘာဖြစ်လဲ'

ကုန်းစွန်းယန်းက ပြုံးလျက်

'ဒီလို သိုင်းဆရာ နှစ်ယောက်နဲ့ ကျုပ်ကို လိုက်ပို့တယ် ဆိုကတည်းက ကျုပ်ကို သူတို့က သိုင်းပညာမတတ်တဲ့ ချီစီဖူလို့ ရာခိုင်နှုန်းပြည့် ယုံကြည်မှန်း သိရလို့ပဲ၊ နောက်တခုက ဒီ သိုင်းဆရာ နှစ်ယောက်ရဲ့ အစီကတာဝန်က ခင်ဗျားကို စောင့်ကြည့်ဖို့ပဲ'

ဟု ပြောလိုက်လေသည်။

လက်ငါးချောင်းသမားတော်က နားမလည်ဟန်ဖြင့်

'သူတို့က ဘာဖြစ်လို့ ကျုပ်ကို စောင့်ကြည့်ဖို့လိုက်ရတာလဲ'

ကုန်းစွန်းယန်းက ပြုံးယင်း

'ရှင်းရှင်းကလေးပဲ၊ ခင်ဗျားကို စိတ်မချလို့ပေါ့၊ ခင်ဗျားကလဲ သိုင်းပညာ နည်းနည်းပါးပါးတတ်တော့ ဒီနှစ်ယောက်နဲ့တင် ခင်ဗျားကို ထိန်းထားနိုင်တာပေါ့'

လက်ငါးချောင်း သမားတော်က သက်ပြင်းတချက် မှုတ်ထုတ်လိုက်ပြီး

'ဒါနဲ့ စကားမစပ် မင်းတို့ရဲ့ခြံကို ဖျက်ဆီးရပြီးတဲ့နောက် သိုင်းသမားအနည်းငယ် ကျန်ခဲ့သေးတယ်ဆို'

ကုန်းစွန်းယန်းက မြင်းလှည်း၏ ပြတင်းပေါက်မှ အပြင်သို့ ငေးကြည့်ယင်း

'ဟုတ်တယ်'

လက်ငါးချောင်း သမားတော်က

'အခု သူတို့ဘယ်ရောက်နေသလဲ'

ကုန်းစွန်းယန်းက သက်ပြင်းတချက်ကို ဖြည်းညှင်းစွာ မှုတ်ထုတ်ယင်း....

'ကျုပ် သူတို့ကို ကလဲ့စားမချေဖို့နဲ့ တနေရာမှ စုစည်းပြီး နေဖို့မှာထားတယ်၊ ဒါပေမယ့်'

ဟု ပြောလိုက်ယင်း သူ၏စကားကို တဝက်တပျက်နှင့် ရပ်တန့်က မြင်းလှည်း ပြတင်းပေါက်မှ အပြင်သို့ ငေးကြည့်လိုက်သည်။

လက်ငါးချောင်း သမားတော်က စိတ်ဝင်စားသော လေသံဖြင့်...





'ဒါပေမယ့် ဘာဖြစ်သလဲ'

ကုန်းစွန်းယန်းက မပြုံးချင်ပြုံးချင် ပြုံးယင်....

'ဒါပေမယ့် သူတို့ ကျုပ်ပြောသလို မလုပ်ကြဘူး'

လက်ငါးချောင်းသမားတော်က တစုံတရာအား စဉ်းစားမိဟန်ဖြင့်....

'(၃)လပိုင်း လဆန်း (၃)ရက်မှာ သူတို့ ကျန်မင်ရှောင်ယောင် တောင်ကြားကို လာကြမလား'

ကုန်းစွန်းယန်းက သက်ပြင်းတချက် မသိမသာချယင်း...

'ကျုပ် မပြောတတ်ဘူး'

လက်ငါးချောင်းသမားတော်က တချက်ပြုံးလိုက်ပြီး...

'တကယ်လို့ သူတို့ကလာမယ်၊ ပြီးတော့... ရွှေနဂါးသိုင်းသမားနဲ့ စာရင်းရှင်းမယ် ဆိုပါတော့ မင်းဘာလုပ်မလဲ'

ကုန်းစွန်းယန်းက အေးစက်သောလေသံဖြင့်...

'ရွေးစရာလမ်း မရှိတော့ဘူး ဆိုယင်တော့ ကျုပ်လဲ ဘာမှဂရုစိုက်စရာ မလိုတော့ဘူး'

လက်ငါးချောင်းသမားတော်က...

'ဒါဖြင့် မင်းရဲ့အကြံအစည်တွေ ပျက်ကုန်မှာပေါ့'

ကုန်းစွန်းယန်းက တချက်ပြုံးလိုက်ပြီး....

'ကျုပ်လူတွေ တယောက်ပြီးတယောက်လဲကျတာကို ကျုပ်လက်ပိုက်ကြည့်နေရမှာလား'

ဟု မေးလိုက်လေသည်။

လက်ငါးချောင်းသမားတော်သည် သက်ပြင်းတချက် မှုတ်ထုတ်လိုက်ပြီး ဘာမျှ ပြန်လည်မပြောတော့ချေ။

ကုန်းစွန်းယန်းသည် မြင်းလှည်း၏ ပြတင်းပေါက်မှ အဝေးသို့ လှမ်းမျှော်၍ ကြည့်နေသည်။

သို့သော် သူ၏မျက်စိထဲ၌ ထိုက်ပိုင်တောင်ခြေမှ အမည်မဲ့ခြံဝင်း၏ မီးလောင်ပြင်ကိုသာ မြင်တွေ့ နေမိလေတော့သည် မဟုတ်ပါလော။

မြောင်းရွာ။

မြောင်းရွာသို့ သူတို့ရောက်ရှိသောအခါ မိုးချုပ်နေပြီ ဖြစ်သည်။

ထို့ကြောင့် ထိုရွာ၌ သူတို့ ညအိပ်ရပ်နားကြလေသည်။

* * *

ဤတည်းခိုခန်းသည် မြောင်းရွာ၏ တခုတည်းသောဘည်းခိုခန်းဖြစ်သည်။

လက်ငါးချောင်းသမားတော်နှင့် ကုန်းစွန်းယန်းက တခန်းယူလိုက်သည်။

ဆရာပိုင်နှင့် ဆရာရှံတို့က တခန်းယူလိုက်သည်။ မြင်းလှည်းမောင်းသမား တိန်းလျှောင်လျှိုက တခန်းယူလိုက်သည်။

လူငါးယောက် အခန်းသုံးခန်း ငှားရမ်းလိုက်ကြလေသည်။

* * *





ညစာစားသောက်ပြီးနောက် လူစုခွဲကာ မိမိတို့ အခန်းသို့ ပြန်၍ အနားယူကြလေသည်။

လက်ငါးချောင်း သမားတော်က အခန်းထဲ ရောက်ရောက်ချင်း မိမိ၏ ခရီးဆောင်အိတ်ထဲမှ ကျားကွက်ကို ထုတ်ယူလိုက်ပြီး....

'ကျုပ်တို့ ကျားတပွဲလောက် ကစားရအောင်'

ဟု ကုန်းစွန်းယန်းကို ပြောလိုက်သည်။

ကုန်းစွန်းယန်းက ခုတင်ပေါ်သို့လဲလျောင်းလိုက်ယင်း....

'ကျုပ်တော့ မကစားချင်ဘူး၊ အိပ်ရေးဝဝ အိပ်လိုက်အုံးမယ်'

ဟု ပြန်ပြောလိုက်လေသည်။

သို့သော် လက်ငါးချောင်းသမားတော် ကုန်းစွန်းယန်းအား ကျားကစားရန် အတင်းတိုက်တွန်းလေသည်။

ထို့ကြောင့် ကုန်းစွန်းယန်းသည် အိပ်ရာမှ မထချင်ထချင်ဖြင့် ထလိုက်ပြီး...

'ဒီလောက် ပင်ပန်းတဲ့ကြားက ခင်ဗျားက ကစားချင်တဲ့ စိတ်ရှိသေးလား'

ဟု မေးလိုက်လေသည်။

လက်ငါးချောင်း သမားတော်က....

'လျှာမရှည်နဲ့ လာပြီးကစားလှည့်'

ဟု ပြောလိုက်ပြီး ကျားကစားရန်ပြင်ဆင်လိုက်လေသည်။

ထိုစဉ်... ရုတ်တရက် အခန်းတံခါးခေါက်သံ ပေါ်ထွက်လာလေသည်။

ထို့ကြောင့် ကုန်းစွန်းယန်းက အခန်းတံခါး ဖွင့်ပေးလိုက်လေသည်။ အခန်းတံခါးဝ၌ တည်းခိုခန်း တာဝန်ခံရပ်တန့်နေပြီး ကုန်းစွန်းယန်းနှင့် လက်ဝါးချောင်းသမားတော်အား ပြုံးပြကာ....

ရှန့်လန်ကြီးဆိုတာ ဘယ်သူပါလဲခင်ဗျာ'

'ကျုပ်ပဲ'

တည်းခိုခန်းတာဝန်ခံက ပြုံးလျက်

'အမျိုးသမီးတယောက်က ဆရာကြီးကို လာခဲ့ဖို့ပြောပါတယ်'

လက်ဝါးချောင်းသမားတော်က တချက်ကြောင်သွားကာ

'ဘယ်သူက'

ဟု ပြန်၍မေးလိုက်လေသည်။

တည်းခိုခန်းတာဝန်ခံက ပြုံးယင်း

'အမျိုးသမီးတယောက်ပါ၊ ရှန့်လန်ကြီးကို လာခဲ့ပါလို့ပြောယင် သိပါတယ်လို့ပြောပါတယ်'

ဟု ပြောလိုက်လေသည်။

ထိုစဉ် ကုန်းစွန်းယန်းက

'ကောင်းပြီဒီတပွဲကသွားပြီးယင် လာခဲ့မယ်လို့ပြောလိုက်ပါ'

ဟု ဝင်ရောက်ပြောလိုက်လေသည်။

တည်းခိုခန်းတာဝန်ခံက ဦးခေါင်းကိုညိတ်၍ထွက်ခွာ သွားလေတော့သည်။

ထိုလူထွက်ခွာသွားပြီးသည်နှင့်တပြိုင်တည်းလက်ဝါးချောင်းသမားတော်က မျက်မှောင်ကြုတ်ကာ





'ဘယ်သူမှန်းမသိပဲနဲ့ ဘယ်ကိုသွားရမှာလဲ'

ဟု မေးလိုက်လေသည်။

ကုန်းစွန်းယန်းက အခန်းတံခါးကိုပြန်လည်၍ ပိတ်ယင်း....

'မာကျင်လျံကလွဲလို့ ဘယ်သူရှိအုံးမလဲ'

ဟု ပြောလိုက်လေသည်။

လက်ဝါးချောင်း သမားတော်က မျက်မှောင်ကြုတ်ယင်း

'လမ်းတလျှောက်လုံး ကျုပ်တို့နောက်မှာ လူလိုက်လာတာ မတွေ့ရဘူး'

ကုန်းစွန်းယန်းကပြုံးယင်း

'နောက်ဘက်မှာမရှိယင် ရှေ့မှာပေါ့'

လက်ဝါးချောင်းသမားတော်က မဲ့ပြုံးပြုံးယင်း....

'ရှေ့မှာလည်းမရှိဘူး လမ်းတလျှောက်လုံးရှင်းနေတာပဲ'

ကုန်းစွန်းယန်းကပြုံးယင်း....

'ဒါဖြင့် ကျုပ်တို့ခေါင်းပေါ်မှာပေါ့'

လက်ဝါးချောင်းသမားတော်က စိတ်ဆိုးဟန်ဖြင့်

'မာကျင်လျံက မိုးပေါ်က ပျံပြီးလိုက်လာတယ် ထင်လို့လား'

ကုန်းစွန်းယန်းက ပြုံးလျက် ဦးခေါင်းကိုခါယမ်းယင်း

'မဟုတ်ပါဘူး ထိုင်ပြီးလိုက်လာတယ်ထင်လို့ပါ၊ ဥပမာ မြင်းလှည်းမောင်းပြီးပေါ့'

လက်ဝါးချောင်း သမားတော်သည် အတန်ကြာအောင် ကုန်းစွန်းယန်းအား စူးစိုက်၍ကြည့်လိုက်ပြီး

း....မင်း စကားကတ်ပြောတာပဲ...၊ မိန်းမ မြင်းလှည်း
ငင်း....

ရုတ်တရက် လက်ငါးချောင်းသမားတော်သည် တစုံတရာ အား သတိရဟန်ဖြင့် သူ၏စကားကိုဆက်မပြော တော့ပဲ ကုန်းစွန်းယန်းကို စားတော့ဝါးတော့မတတ် မျက်လုံးဖြင့် အတန်ကြာအောင် စူးစိုက်ကြည့်လိုက်လေသည်။ ပြီးမှ

'မင်း ဘာလို့ငါ့ကိုစောစောကတည်းက မပြောတာလဲ'

ဟု ပြောလိုက်လေသည်။

ကုန်းစွန်းယန်းက ပခုံးနှစ်ဘက်ကိုတွန့်ယင်း....

'ပြောလဲ ဘာထူးမှာလဲ အပိုပဲဖြစ်မှာ'

ဟု ပြန်လည်၍ ပြောလိုက်လေသည်။

လက်ငါးချောင်းသမားတော်သည် ကျ းကွက် တင်ထားသော ခုံအားခြေထောက်ဖြင့်တချက်ကန်လိုက်ပြီး ဘာမျှမပြောတော့ပဲ အခန်းထဲမှ ထွက်သွားလေတော့သည်။

ကုန်းစွန်းယန်းသည် လက်ငါးချောင်း သမားတော်၏ နောက်ကျောအားကြည့်ယင်း လက်င းချောင်း သမားတော် မည်သည့်နေရာသို့သွားမည်ကိုကြိုတင်တွက်ဆရလေတော့သည်။

ယခု လက်ငါးချောင်းသမားတော်သည် မြင်းလှည်းမောင်းသမား တိန်းလျှောင်လျှို၏ အခန်းမှလွဲ၍ မည်သည့် အခန်းမှ သွားမည်မဟုတ်ပါ။

ရွှေနါးဌာနခွဲအမှတ်(၄)မှ ထွက်လာကတည်းက ကုန်းစွန်းယန်းသည် မြင်းလှည်း မောင်းသမား တိန်းလျှောင်လျှိုကို ယောကျ်ားတဦး မဟုတ်ကြောင်း သတိပြုမိခဲ့လေသည်။





တိန်းလျှောင်လျှို၏ အမူအရာသည် ယောကျ်ား တဦးနှင့်မခြားသော်လည်း သူ၏မျက်လုံးများကမူ ယောကျ်ားတဦးမဟုတ်ကြောင်း ပေါ်နေသည်မဟုတ်ပါလော။

သို့ဖြစ်၍လည်း ကုန်းစွန်းယန်းသည် ဤမြင်းလှည်းမောင်းသမား တိန်းလျှောင်လျှိုသည် ယောကျ်ားတဦးဟန် ဆောင်ထားသော မိန်းမဖြစ်ရမည်ဟု ခန့်မှန်းမိခဲ့သည်။

ဤသို့ဆိုလျှင် ယောကျ်ားဟန် ဆောင်ထားသော မိန်းမသည် မာကျုင်လျံမှလွဲ၍ မည်သူမျှ မဖြစ်နိုင်ကြောင်း ကုန်းစွန်းယန်း ခန့်မှန်းမိခဲ့သည် မဟုတ်ပါလော။

သို့သော် သူသည် ဤအကြောင်းအရာနှင့် ပတ်သက်၍ ရေငုံနှုတ်ပိတ်နေခဲ့သည် မဟုတ်ပါလား။

ကုန်းစွန်းယန်းသည် သက်ပြင်းတချက်ကို မှုတ်ထုတ်လိုက်ပြီး တကိုယ်တည်း ပြုံးလိုက်လေသည်။ ထို့နောက် မီးအိမ်ငြိမ်းလိုက်ပြီး အိပ်ရာဝင်လေတော့သည်။

* * *

နောက်တနေ့နံနက်ခင်း...။

တိန်းလျှောင်လျှို....သို့မဟုတ် မာကျုင်လျံ။

လက်ထဲမှ ကျာပွတ်ကို ဝင့်၍ မာကျုင်လျံသည် မြင်းလှည်းကို မောင်းနှင်နေလေသည်။

ယခု မြင်းလှည်း၏ ဦးတည်ရာဘက်သည် နန်ယန်မြို့သို့ ဖြစ်ပါသည်။

ယနေ့ ရာသီဥတုသည် မနေ့ကထက် ပို၍သာယာသည်။

ထို့ကြောင့် လမ်းမကြီး၏ ဘေးနှစ်ဘက်မှ ရှုမျှော်ခင်းများသည် မနေ့ကထက် ပို၍လှပသည်။

သို့သော် လက်ငါးချောင်းသမားတော်၏စိတ်ထဲ၌ မနေ့ကလောက် ပျော်ရွှင်မှု မရှိတော့ချေ။

ဤခရီးစဉ်၌ မာကျင်လျှံ ပါဝင်လာခြင်းကို သိရသည့်အချိန်မှစ၍ လက်ငါးချောင်းသမားတော်၏ ပျော်ရွှင်မှုသည် လေနှင့်အတူ လွင့်မျောသွားခဲ့သည် မဟုတ်ပါလော။

ထိုစဉ် ရုတ်တရက် မြင်းလှည်း၏နောက်မှ တရကြမ်းစီးနင်းလာသော မြင်းခွာသံများ ပေါ်ထွက်လာလေ တော့သည်။

* * *

မြင်းခွာသံများကြောင့် မာကျင်လျှံသည် နောက်သို့ တချက်လှည့်ကြည့်လိုက်သည်။

ထို့နောက် မြင်းလှည်းကို ရုတ်တရက် ရပ်တန့်လိုက်လေတော့သည်။

ဆရာပိုင်နှင့် ဆရာရှုံတို့ကလည်း မိမိတို့မြင်းကို ဇက်သတ်၍ ရပ်တန့်လိုက်ပြီး နောက်ဘက်သို့ မျှော်ကြည့်လိုက်လေသည်။

မြင်းလှည်း၏နောက်မှ လူတယောက်သည် မြင်းကို တရကြမ်း စီးနင်း၍ လာလေသည်။

ထိုလူသည် ဆရာပိုင်နှင့် ဆရာချုံတို့နားသို့ ရောက်သောအခါ မြင်းကို ဇက်သတ်၍ရပ်တန့်လိုက်ပြီး ဆရာပိုင်အား ဦးညွှတ်ကာ တစုံတရာ ပြောကြားလိုက်လေသည်။





ဆရာပိုင်က ဦးခေါင်းကို ညိတ်လိုက်ပြီး မြင်းလှည်းအနားသို့ ချဉ်းကပ်လာလေသည်။

လက်ငါးချောင်းသမားတော်က အိပ်ချင်စိတ် ပြေပျောက်မတူသော လေသံဖြင့် ကုန်းစွန်းယန်းအား

'ဘာဖြစ်တာလဲ'

ဟု မေးလိုက်လေသည်။

ကုန်းစွန်းယန်းက မြင်းလှည်းသို့ ချဉ်းကပ်လာသော ဆရာပိုင်ကို တချက်လှမ်းကြည့်ပြီး

'ကျုပ် ခန့်မှန်းတာ မလွဲဘူးဆိုယင်တော့ ကျုပ်တို့ ခရီးစဉ် ပြောင်းသွားပြီ'

ဟု ပြောလိုက်လေသည်။

ထိုစဉ် ဆရာပိုင်သည် မြင်းလှည်းပြတင်းပေါက် အနားသို့ ရောက်ရှိလာပြီး ကုန်းစွန်းယန်းအား ပြုံး၍ဦးညွှတ်ကာ

'ကျုပ်တို့ ဌာနခွဲ အမှတ်(၄)က ထွက်လာပြီး မကြာခင်မှာပဲ ဌာနချုပ်က အမိန့်ရောက်လာတယ်၊ ဆရာချီတို့ကို ကျန်မင်ရှောင်ယောင် တောင်ကြားကိုပို့ဖို့နဲ့ မင်္ဂလာအခမ်းအနားပြီးမှပဲ ဌာနချုပ်ကိုပို့ဖို့ အမိန့်ရောက်လာပါတယ်'

ကုန်းစွန်းယန်းက ပြုံးလျက် ဦးခေါင်းကို ညိတ်ပြလိုက်လေသည်။

ထို့နောက် ကုန်းစွန်းယန်းတို့ လိုက်ပါလာသော မြင်းလှည်းသည် နောက်ကြောင်းအတိုင်း ပြန်၍လှည့် လိုက်လေတော့သည်။

* * *



## ကျန်မင်ရှောင်ယောင်တောင်ကြား

ယင်းတောင်ကြားကို လွန်ခဲ့သော နှစ်ပေါင်းများစွာက 'ဟိုမင်တောင်ကြား' ဟု ခေါ်ဝေါ်ခဲ့ကြသည်။

ယင်းတောင်ကြားသည် 'ကျင်လင်မြို့'၏ အနောက်ဘက်၌ တည်ရှိပြီး မြို့နှင့် မိုင်(၆၀)ခန့် ကွာဝေးလေသည်၊

ကျင်လင်မြို့၏အနောက်ဘက် ၁၀မိုင်ခန့်အထိ မြင်းလှည်း မောင်းနှင်နိုင်သည့် လမ်းရှိသော်လည်း ထို ၁၀မိုင်မှကျော်လျှင် ကွေ့ကောက်သောတောလမ်းသာရှိသည်။

ထို့ကြောင့် ကျန်မင်ရှောင်ယောင်တောင်ကြားသို့ သွားလိုလျှင် ခြေလျင်ခရီးဖြင့်သွားကြရပေသည်။ သို့မဟုတ်ပါက မြင်းဖြင့်သွားနိုင်ပေသည်။

သို့သော် မြင်းလှည်းဖြင့်သွား၍မရချေ။

*　　　*　　　*

ကုန်းစွန်းယန်းတို့လူစုသည် ဤကျင်လင်မြို့၌ တညရပ်နားခဲ့သည်။

နောက်တနေ့နံနက်မှစ၍ သူတို့သည် ကျန်မင်ရှောင်ယောင်တောင်ကြားသို့ ခရီးဆက်ခဲ့လေတော့သည်။ ခရီးမထွက်ခွာမီ ဆရာပိုင်နှင့်ဆရာရှုံသည် ကျင်လင်မြို့မှ ဝေါယာဥ်နှစ်ခုကို ငှားရမ်းလိုက်ပြီး ကုန်းစွန်းယန်းနှင့် လက်ငါးချောင်း သမားတော်ကို ဝေါယာဥ်တစီးစီဖြင့် စီစဉ်ပေးခဲ့လေသည်။

ထို့နောက် သူတို့သည် ကျန်မင်ရှောင်ယောင်တောင်ကြားသို့ ဦးတည်၍ထွက်ခွာသွားလေတော့သည်။

*　　　*　　　*

နေမဝင်သေးပါ။ ကုန်းစွန်းယန်းတို့လူစုသည် နေမဝင်မီ ကျန်မင်ရှောင်ယောင်တောင်ကြားသို့ ရောက်ရှိလာလေသည်။

ကျန်မင်ရှောင်ယောင် တောင်ကြားသို့ရောက်သည်နှင့်တပြိုင်တည်းလက်ငါးချောင်းသမားတော်၏ မျက်လုံးသည် အံ့သြဟန်ဖြင့်ဝိုင်းစက်၍ သွားတော့သည်။





အကြောင်းမှာ ဤသို့သော တောင်ကြားဝန်းကျင်၌ စည်ကားသော ဈေးတန်းရှိမည်ဟု လက်ငါးချောင်းသမားတော်၏ စိတ်ထဲ၌ မည်သည့်အခါမျှ ထင်မှတ်ခဲ့ခြင်းမရှိသောကြောင့် ဖြစ်ပါသည်။

စည်ကားသောဈေးတန်းကို လွန်မြောက် သွားသည်နှင့် ညီညာသောမြက်ခင်းပြင်ကို မြင်တွေ့ရပေမည်။

ထိုကျယ်ပြန့်သော မြက်ခင်းပြင်ပေါ်၌ မဏ္ဍပ်များ အစီအရီတည်ဆောက်ထားလေသည်။

ထိုမဏ္ဍပ်များ၏ဘေး၌ မြင်းများသည် လွတ်လပ်စွာမြက်ခင်းပြင်မှ မြက်များကိုစားသောက်နေလေသည်။

ထိုမဏ္ဍပ်များ၏ ပေါ်၌ အရောင်မတူသော အလံများ စိုက်ထူထားလေသည်။

ထို့ကြောင့် ဤအလံများကို ကြည့်ရုံဖြင့်မည်သည့်မဏ္ဍပ်များတွင် မည်သည့်အာမခံဌာနမှ ပုဂ္ဂိုလ်များရှိနေကြောင်းသိနိုင်သည် မဟုတ်ပါလော။

ထိုမဏ္ဍပ်များကို လွန်သောအခါ သူတို့သည်တောင်ကြားထဲသို့ ရောက်ရှိသွားလေတော့သည်။

ထို့နောက် မင်္ဂလာအခမ်းအနား ကျင်းပမည့်အဆောက်အအုံသို့ ရောက်ရှိလာလေတော့သည်။

သို့သော် ထိုအဆောက်အအုံ၏ အဝင်တံခါးဝ၌မည်သည့် စာတန်းမှ ချိတ်ဆွဲထားခြင်းမရှိချေ။

*　　　*　　　*

ရောက်လျှင်ရောက်ချင်း ကုန်းစွန်းယန်းသည် အနီရောင် စက္ကူပေါ်၌ စာနှစ်ကြောင်းရေးလိုက်လေသည်။

ထို့နောက် ယင်းစာကန်းကို အဆောက်အအုံ၏ အဝင် တံခါး၌ ချိတ်ဆွဲထားလိုက်လေသည်။ ထို့နောက်တဆက်တည်း လက်ဖွဲ့ပစ္စည်းလက်ခံမည့် မှတ်တမ်းစာအုပ်ကို ပြုလုပ်လိုက်လေ သည်။

ယင်းသို့ပြုလုပ်ပြီးနောက် မျက်စိတမှိတ်အချိန်အတွင်း၌ပင် လက်ဖွဲ့ပစ္စည်းလက်ခံသည့်နေရာ၌ လက်ဖွဲ့ပစ္စည်းများမျက်လှည့် ပြသကဲ့သို့ ရောက်ရှိလာလေတော့သည်။

* * *

ကုန်းစွန်းယန်းနှင့် လက်ငါးချောင်း သမားတော်တို့ကို တခန်းစီခွဲခြား၍ စီစဉ်ပေးထားလေသည်။

ညစာစားပြီးနောက် ကုန်းစွန်းယန်းသည် လက်ငါးချောင်း သမားတော်၏အခန်းသို့ ထွက်လာခဲ့လေသည်။

လက်ငါးချောင်းသမားတော်၏ အခန်းသို့ ရောက်သော အခါ အခန်းထဲ၌ မာကျောင်လျှံရှိမနေပါ။

သို့သော် လူတယောက်သည် လက်ငါးချောင်းသမားတော် နှင့် စကားပြောနေသည်ကို မြင်တွေ့ရလေသည်။

ကုန်းစွန်းယန်းက အခန်းတံခါးဝ၌ ရပ်တန့်လိုက်ပြီး တံခါး ဘောင်ကို ခေါက်လိုက်လေသည်။





တံခါးခေါက်သံကြောင့် ထိုလူနှင့် လက်ငါးချောင်းသမား တော်သည် တံခါးဝဘက်သို့ လှည့်ကြည့်လိုက်လေသည်။

လက်ငါးချောင်း သမားတော်က တံခါးဝ၌ ရပ်နေသော ကုန်းစွန်းယန်းကို မြင်သောအခါ ပြုံး၍ပြလိုက်ပြီး...

'လာဝင်ခဲ့လေ'

ဟု ခေါ်လိုက်လေသည်။

အခန်းထဲသို့ ကုန်းစွန်းယန်း ရောက်ရှိလာသောအခါ လက် ငါးချောင်းသမားတော်က ကုန်းစွန်းယန်းအား ရွှေနဂါးဌာ နချုပ်၏ စာပေပညာရှင်ချီစီဖု ဖြစ်ကြောင်း လောင်ကြောက် ဟွာနှင့် မိတ်ဆက်ပေးလိုက်လေသည်။

ကုန်းစွန်းယန်းသည် ပြုံး၍အသိအမှတ်ပြုလိုက်ပြီး တဆက် တည်း ထိုလောင်ကြောက်ဟွာ ဆိုသူမှာ ချီချဲ့အဖွဲ့၏ လူကြီး (၄)ယောက်အနက် မျက်ခုံးဖြူသိုင်းသမား ရှီချီဝူဖြစ်ကြောင်း သိလိုက်လေသည် မဟုတ်ပါလော။

* * *

မျက်ခုံးဖြူသိုင်းသမား ရှီချီဝူ ပြန်လည်ထွက်ခွာသွားသော အခါ လက်ငါးချောင်း သမားတော်သည် အခန်းတံခါးကို ပိတ်လိုက်ပြီး ကုန်းစွန်းယန်းက ...

'တော်တော်ဆိုးတဲ့ လူတွေပဲ'

ဟု ပြောလိုက်လေသည်။

ကုန်းစွန်းယန်းက နားမလည်ဟန်ဖြင့်....

'ဘာဖြစ်လို့လဲ'

ဟု မေးလိုက်လေသည်။

လက်ငါးချောင်းသမားတော်က မဲ့ပြုံးတချက်ပြုံးလိုက်ပြီး....

'မင်းစဉ်းစားကြည့်၊ အခုလို စိတ်မပါပဲ ညှော်ခံမှုမျိုးကို ခံရယင် ဘယ်လိုနေမလဲ'

ကုန်းစွန်းယန်းက နားမလည်ဟန်ဖြင့်....

'ခင်ဗျား ဘာတွေပြောနေတာလဲ'

လက်ငါးချောင်း သမားတော်က.... နှုတ်ခမ်းကို တချက်မဲ့ယင်း...

'တို့ကို ကြိုဆိုညှော်ခံပေမယ့် ဘယ်သူကမှ စိတ်ပါလက်ပါမရှိဘူး၊ မျက်နှာက ပြုံးနေပြီး ရင်ထဲက မဲ့နေကြတယ်'

ကုန်းစွန်းယန်းက တချက်ရယ်မောလိုက်ပြီး...

'ဒါကတော့ အိမ်ရှင်မှာ အလုပ်များနေတဲ့အခါ ညှော်သည်က ရောက်လာတာကိုး'

ဟု ပြောလိုက်လေသည်။

ပြီးမှ ယူသည် လက်ငါးချောင်းသမားတော်အား...

'နေပါအုံး၊ ခုနကလာတဲ့ လောင်ကြောက်ဟွာ မင်း ဘယ်သူဆိုတာ သိလို့ လာလည်တာလား'

လက်ငါးချောင်း သမားတော်က မဲ့ပြုံးပြုံးယင်း....

'သိမှာပေါ့'

ကုန်းစွန်းယန်းက ပြုံးလျက်'

'ဘယ်သူကပြောသလဲ မသိဘူး'





လက်ငါးချောင်း သမားတော်က နှုတ်ခမ်းကို အရှုပ်ဆိုးအောင် မဲ့ယင်း ....

'ဘယ်သူရှိမလဲ၊ ဟိုကြီးကြပ်ရေးမှူး ဝံပုလွေ ဝူချီအန်းဖြစ်မှာပေါ့'

ကုန်းစွန်းယာန်းက နားမလည်ဟန်ဖြင့်....

'ဝံပုလွေ ဝူချီအန်း ဘယ်သူလဲ'

ဟု မေးလိုက်လေသည်။

လက်ငါးချောင်း သမားတော်က စိတ်ဆိုးဟန်ဖြင့်....

'ဝံပုလွေ ဝူချီအန်းကိုတောင် မင်းမသိတော့ဘူးလား'

ဟု ခပ်ဆတ်ဆတ်ပြောလိုက်လေသည်။

ကုန်းစွန်းယန်းက ပခုံးတချက်တွန့်ယင်း...

'ကျုပ် ဒီရောက်တာ တညမပြည့်သေးဘူး။ ဘယ်လိုလုပ်ကြီးကြပ်ရေးမှူး ဝံပုလွေ ဝူချီအန်းကို သိရမှာလဲ'

ဟု ပြောလိုက်လေသည်။

လက်ငါးချောင်း သမားတော်၏ မျက်နှာသည် ဒေါသကြောင့် နီမြန်းလာပြီး တစုံတရာအား ပြောရန် ဟန်ပြင်လိုက်လေသည်။

ထိုစဉ် ရုတ်တရက် တံခါးပွင့်လာပြီး....

'ဒီအထဲရောက်တာ မကြာသေးတဲ့လူက ဘယ်လိုလုပ်ပြီးကြီးကြပ်ရေးမှူး ဝံပုလွေ ဝူချီအန်းကို သိနိုင်မှာလဲ'

ဟူသော အသံတသံ ရောက်လာလေသည်။

ထိုအသံနှင့်အတူ အခန်းထဲသို့ မာကျင်လျှံ ဝင်ရောက်လာလေတော့သည်။

* * *

မာကျင်လျှံက လက်ထဲမှ စားသောက်စရာများ ထည့်လာသော လင်ဗန်းကို စားပွဲပေါ်၌ တင်လိုက်ပြီးကုန်းစွန်းယန်းအား ပြုံးပြကာ....

'ကျွန်မဆရာချီရဲ့ အခန်းတောင် ရောက်ခဲ့သေးတယ်၊ မတွေ့တာနဲ့ ဒီကိုလာခဲ့တာ'

ကုန်းစွန်းယန်းက အားတုံ့အားနာ အပြုံးမျိုးဖြင့် တုံ့ပြန်လိုက်ယင်း

'အစ်မကြီးကတော့ တကယ်ပဲ ဧည့်ဝတ်ကျေပါတယ်၊ မအားမလပ်တဲ့ ကြားကတောင် အခုလို တကူးတက ဧည့်ဝတ်ပြုတာ ကျေးဇူးတင်ပါတယ်'

ဟု ပြောလိုက်လေသည်။

မာကျင်လျှံက ပြုံးယင်း

'ကိစ္စမရှိပါဘူး'

ဟု ပြောလိုက်လေသည်။

မာကျင်လျှံက ပြုံးကာ

'ကျွန်မ တတ်နိုင်တာမှန်သမျှ လုပ်ပေးပါ့မယ်'

ကုန်းစွန်းယန်းက တချက်ပြုံးလိုက်ပြီး





'လက်ဖက်ရည် ကောင်းကောင်းတခွက်လောက် သောက်ချင်ပါတယ်၊ ဖြစ်နိုင်မယ်ဆိုယင်'

မာကျင်လျှံက ပြုံးကာ

'ရပါတယ်၊ အပန်းမကြီးပါဘူး'

ဟု ပြောလိုက်ပြီး အခန်းထဲမှ ထွက်ခွာသွားလေသည်။

ကုန်းစွန်းယန်းသည် မာကျင်လျှံအား တံခါးဝအထိ လိုက်ပို့ပေးပြီး ပတ်ဝန်းကျင်ကို တချက်မျှ အကဲခတ် ကြည့်လိုက်သည်။

ထို့နောက် သူသည်အခန်းထဲသို့ ပြန်လည်ဝင်ရောက်လိုက်ပြီး လက်ငါးချောင်း သမားတော်အား စူးစိုက်၍ တချက်ကြည့်လိုက်ပြီးမှ အသံကိုနှိမ့်လျက် လက်ငါးချောင်း သမားတော်အား....

'ဒီမှာ....ဒါဟာ အမှတ်(၄)ဌာနခွဲရဲ့ စာကြည့်ခန်းမဟုတ်ဘူး၊ စကားပြောယင် သတိထားပြောပါ၊ စကားတခွန်းမှားသွားယင် ခင်ဗျားရော ကျုပ်ပါ အသက်ရှင်ဖို့ လမ်းမရှိဘူးဆိုတာ မြဲမြဲမှတ်ထားပါ'

လက်ငါးချောင်းသမားတော်က

'ကျုပ် တမင်လုပ်တာမှ မဟုတ်ပဲ၊ ဝံပုလွေ ဝူချီအန်းကိုမင်းက မသိဘူးဆိုပြီး ကျုပ်ကို ငြင်းနေတော့ ကျုပ်လဲ'

ကုန်းစွန်းယန်းက လက်ကာပြလိုက်ပြီး

'တော်တော့၊ စကားမှားသွားယင် တမင်လုပ်တာနဲ့ တမင်မလုပ်တာ ဘာမှ ကွာခြားမှုရှိမှာ မဟုတ်ဘူး၊ နောက်ကို သတိထားပါ'

ဟု ပြောလိုက်ပြီး အခန်းထဲမှထွက်ခွာသွားလေတော့သည်။

ကျန်မင်ရှောင်ယောင် တောင်ကြားသို့ ကုန်းစွန်းယန်း ရောက်ရှိခဲ့သည်မှာ သုံးရက်ပြည့်ပြီ ဖြစ်သည်။

ထိုရက်များအတွင်း ကုန်းစွန်းယန်းသည် စာပေဆိုင်ရာ ကိစ္စရပ်များနှင့် မအားမလပ်အောင် ဖြစ်နေခဲ့သည်။

ကြီးကြပ်ရေးမှူး ဝံပုလွေဝူချီအန်းသည် ပထမ၌ ကုန်းစွန်းယန်းအား ဆက်ဆံရာတွင် ဖော်ရွေမှုမရှိသော်လည်း ကုန်းစွန်းယန်းအား စင်းမမ၏လူ ဖြစ်ကြောင်းနှင့် ကုန်းစွန်းယန်း၏ စုတ်တံကိုင်ပုံကိုင်နည်း ပညာသားပါခြင်း၊ စာပေဆိုင်ရာ ဗဟုသုတနှင့် ပြည့်စုံခြင်းတို့ကြောင့် အထူးဖော်ရွေလာကာ နှုတ်ဖျားမှ ဆရာ…ဆရာ ဟု လေးစားစွာ ဆက်ဆံ လာလေတော့သည်။

* * *

ယနေ့။ ကျန်မင်ရှောင်ယောင် တောင်ကြားသို့ ကုန်းစွန်းယန်း ရောက်ရှိပြီး သုံးရက်မြောက်နေ့ဖြစ်သည်။

ကုန်းစွန်းယန်းသည် မိမိ၏ အလုပ်ကိစ္စများကို ညနေမတိုင်မီ လက်စသတ်လိုက်လေသည်။

ထို့နောက် သူသည် ကြီးကြပ်ရေးမှူး ဝံပုလွေဝူချီအန်းထံသွားပြီး တောင်ကြား အပြင်ပတ်ဝန်းကျင်သို့ အညောင်းဖြေ အညာပြေ လမ်းလျှောက်လိုကြောင်း ပြောလိုက်လေသည်။





ကြီးကြပ်ရေးမှူး ဝူချီအန်းသည် မဆိုင်းမတွပင် သဘောတူပြီး သူ၏ အလုပ်ကိစ္စများကို ရပ်တန့်ကာ အဖော်အဖြစ် ကုန်းစွန်းယန်းနှင့်အတူ လိုက်ပါလာလေသည်။

ကုန်းစွန်းယန်းအည် မိမိဘေး၌ ကြီးကြပ်ရေးမှူး ဝံပုလွေဝူချီအန်း လိုက်ပါလာခြင်းကြောင့် တောင်ကြားအပြင်မှ အနေအထားနှင့် အခြေအနေကို လွတ်လပ်စွာ လေ့လာခွင့် မရခဲ့ချေ။

ထို့ကြောင့် ကုန်းစွန်းယန်းသည် ကြီးကြပ်ရေး ဝူချီအန်း မိမိနှင့်လိုက်ပါမလာနိုင်အောင် မည်သို့ပြုလုပ်ရမည်ကို စဉ်းစား၍ နေလေသည်။

နောက်ဆုံး၌ ကုန်းစွန်းယန်းသည် တစုံတခုကို စဉ်းစားမိသဖြင့် ကြီးကြပ်ရေးမှူး ဝံပုလွေ ဝူချီအန်းကို လှည့်၍ပြုံးလိုက်ပြီး

'သိုင်းလောက၌ အဖွဲ့အစည်း မည်မျှရှိသနည်း…

ဤမင်္ဂလာဆောင်အတွက် ဖိတ်စာ ဘယ်နှစ်စောင် ဝေငှခဲ့သနည်း —

အဘယ့်ကြောင့် ဤမျှ လူများရသနည်း….။ နောက်ထပ်ရောက်မည့်သူ ရှိသေးသလား….

မင်္ဂလာရက်မှာ အမူးလွန်ပြီး ရန်ဖြစ်ယင် ဘယ်လိုလုပ်ကြမလဲ……..

စသည်ဖြင့် မေးခွန်းတွေ တသီကြီး မေးလိုက်လေတော့သည်။

ပထမမေးခွန်း၏ အဖြေ မဆုံးမီ ဒုတိယမေးခွန်း မေးလိုက်သည်။

ဒုတိယမေးခွန်း၏ အဖြေမဆုံးမီ တတိယမေးခွန်း မေးလိုက်သည်။

သို့နှင့် နောက်ဆုံး၌ ကြီးကြပ်ရေးမှူးဝူချီအန်းသည် လက်မြှောက် အရှုံးပေးသွားရလေတော့သည်။

ဤသို့ဖြင့် လေးရက်မြောက်နေ့၏ ညနေခင်း၌ ကျန်မင်ရှောင်ယောင် တောင်ကြား၏ ပတ်ဝန်းကျင်၌ ကုန်းစွန်းယန်း တဦးတည်း လမ်းလျှောက်နေသည်ကို မြင်တွေ့ရ လေတော့သည် မဟုတ်ပါလော။

* *



## အနီရောင်လွှမ်းသော ကျန်မင်ရှောင်ယောင်တောင်ကြား

ဤနေရာသည် လက်ငါးချောင်းသမားတော်၏ အခန်းဖြစ်သည်။

ယခု ထိုအခန်းရှေ့၌ လူများစုဝေးနေလေသည်။

ထို့ကြောင့် ယမ်းလျှောက်ထွက်ရာမှပြန်လာသောကုန်းစွန်းယန်းသည် မျက်မှောင်တချက် မသိမသာကြုတ်လိုက်ပြီး မိမိအခန်းသို့မပြန်ပဲ လက်ငါးချောင်းသမားတော်၏ အခန်းသို့ လျှောက်လာလေသည်။

ထို့နောက် သူသည် တံခါးဝ၌ ရပ်နေသော လူတဦးထံ ချဉ်းကပ်၍စုံစမ်းလိုက်လေသည်။





ထိုလူက ဤအခန်းမှလူသည် သိုင်းလောကမှနာမည်ကျော် လက်ငါးချောင်းသမားသမားတော်ဖြစ်ကြောင်း၊ ယခုအခါ မိမိတို့သည် မိမိတို့၏ ကျန်းမာရေးအတွက် လက်ငါးချောင်း သမားတော်ထံ၌ ရောဂါကုရန်လာကြောင်း စသည်ဖြင့် စိတ်ရှည်လက်ရှည် ရှင်းပြလိုက်လေသည်။

ကုန်းစွန်းယန်းသည် ဦးခေါင်းတညိတ်ညိတ်ဖြင့် နားထောင်ပြီး ထိုလူအားကျေးဇူးတင်ကြောင်းပြောကာ ထွက်လာခဲ့လေတော့သည်။

* * *

ဤသတင်းကို မည်သူထုတ်လွှင့်သနည်း။

လက်ငါးချောင်း သမားတော် ဤ ကျန်မင်ရှောင်ယောင်တောင်ကြားသို့ ရောက်ရှိနေကြောင်းသတင်းကို မည်သူ ထုတ်လွှင့်သနည်း။

ကုန်းစွန်းယန်း စဉ်းစား၍မရချေ။

ထို့ကြောင့် ကုန်းစွန်းယန်း သက်ပြင်းတချက်ကိုမသိမသာချယင်း မိမိအခန်းတံခါးကို ဖွင့်လိုက်လေသည်။

ယင်းသို့ တံခါးဖွင့်လိုက်သည်နှင့် တပြိုင်တည်း ကုန်းစွန်းယန်း မျက်နှာပေါ်တွင် အံ့သြသည့် အရိပ်အရောင်ပေါ်ထွက်လာလေတော့သည်။

အကြောင်းမှာ ကုန်းစွန်းယန်း၏အခန်းထဲ၌ လှပသော မိန်းကလေးတယောက်ရှိနေသည် မဟုတ်ပါလော။

* + *

လောကပေါ်တွင် မျှော်လင့်သည့်အတိုင်း မဖြစ်လာတတ်ပါ။

မမျှော်လင့်သည့် ကိစ္စများကဖြစ်လာသည်လည်းရှိပါသည်။

ယခု ကုန်းစွန်းယန်း မမျှော်လင့်သော ကိစ္စတရပ်ဖြစ်ပေါ်နေသည် မဟုတ်ပါလော။

ကုန်းစွန်းယန်းသည် ယခုကဲ့သို့ မိမိ၏အခန်းထဲ၌ လှပသော စင်းမမရှိနေမည်ဟု မမျှော်လင့်ခဲ့ပါ။

သို့သော် ယခု သူ၏အခန်းထဲ၌ စင်းမမ ရှိနေသည်မဟုတ်ပါလော။

ကုန်းစွန်းယန်းသည် စင်းမမအားဦးညွတ်လိုက်ပြီး

'စင်းမမ ရောက်တာကြာပြီလား'

ဟု မေးလိုက်လေသည်။

စင်းမမက ဦးခေါင်းကိုညိတ်လိုက်ပြီး

'မကြာသေးပါဘူး'

ဟု ဖြေလိုက်သည်။ ပြီးမှ ဆက်၍…

'ကြီးကြပ်ရေးမှူး ဝူချီအန်းက ဆရာ တောင်ကြားထဲလမ်းလျှောက်ထွက်တယ်ဆိုတာနဲ့ ထိုင်စောင့်နေတာပါ'

ကုန်းစွန်းယန်းကပြုံးယင်း

'ဟုတ်ပါတယ်၊ ဒီနေ့ ကြီးကြပ်ရေးမှူးက မအားတာနဲ့ ကျွန်တော်တယောက်တည်းပဲ လမ်းလျှောက်ထွက်ရတယ်'

စင်းမမကပြုံးယင်း





'ဌာနခွဲမှူးချိုက်ကပြောတယ်၊ ဆရာ့ရဲ့ ကျန်းမာရေးက သိပ်မကောင်းသေးဘူးတဲ့၊ ဒါကြောင့် အခုလိုအလုပ်များယင် ဆရာ့အတွက် ထိခိုက်မလားမသိဘူး'

ကုန်းစွန်းယန်းက....

'လောလောဆယ်တော့ သိပ်အလုပ်များတယ်လို့ ပြောလို့မရပါဘူး'

စင်းမမက ပြုံးလျက်....

'လက်ဖွဲ့တဲ့လူများတယ်ဆိုတာ ဟုတ်လား'

ကုန်းစွန်းယန်းက ဦးခေါင်းကိုညိတ်ယင်း

'ဟုတ်တယ် ကျုပ်တို့ရဲ့ ရွှေနဂါးသိုင်းသမားဆန်ဝင်ကျက်မှာ ဒီလောက် အပေါင်းအသင်းများမှန်း မသိဘူး၊ဒါနဲ့ ကြီးကြပ်ရေးမှူး ဝူချီအန်းက ဖိတ်စာဖိတ်တာ (၁၂)စောင်ပဲဝေတယ်ဆို၊ အခုလာတဲ့လူက တရက် တရက်မနည်းဘူး'

စင်းမမက ပြုံးရုံသာပြုံး၍နေသည်။ ပြီးမှ သူမသည်ထိုင်ရာမှ ထလိုက်ပြီး လက်ကိုနောက်ပစ်ကာ

'ဒါနဲ့ အခု ဆရာလာတော့ လက်ငါးချောင်းသမားတော်ရဲ့ အခန်းကိုရောက်ခဲ့သေးလား'

ကုန်းစွန်းယန်းက ဦးခေါင်းညိတ်ယင်း

'ရောက်ခဲ့တယ် ဒါနဲ့သူရောက်နေကြောင်းဘယ်သူကသတင်းဖြန့်လိုက်လဲ မသိဘူး၊ သူ့အခန်းမှာ ရောဂါကုမယ့် လူတွေအများကြီးရောက်နေတယ်'

စင်းမမက တချက်ပြုံးယင်း…

'ကျုန်မင်ရှောင်ယောင် တောင်ကြားမှာ လက်ငါးချောင်း သမားတော်ရောက်နေတယ် ဆိုတဲ့သတင်း ပေါက်ကြားတာ ထူးဆန်းမနေဘူးလား'

ကုန်းစွန်းယန်းက ဦးခေါင်းကို ညိတ်ယင်း....

'ဟုတ်တယ်၊ ထူးဆန်းနေတယ်၊ ပြီးတော့.... သူဒီကိုရောက်ကြောင်း ဘယ်သူမှမသိ'

ကုန်းစွန်းယန်းသည် သူ၏စကားကို ရုတ်တရက် ရပ်လိုက်ပြီး မျက်မှောင်တချက်ကြုတ်လိုက်လေသည်။

စင်းမမက ပြုံးယင်း...

'ဘယ်သူက သတင်းဖြန့်မယ်လို့ ဆရာထင်လို့လဲ'

ကုန်းစွန်းယန်းက အနည်းငယ်စဉ်းစားယင်း...

'လောင်ကြောက်ဟွာ ဆိုတဲ့ မျက်ခုံးမွေး ဖြူနေတဲ့ လူတယောက်တော့ လက်ငါးချောင်း သမားတော်ထံ လာတာတွေ့မိတယ်၊ အဲ့ဒီလူများ ဖြစ်နေမလား မသိဘူး'

စင်းမမက ပြုံးယင်း–

'ချီချဲ့အဖွဲ့က ရွှေတုတ်ကောက် မျက်ခုံးမွေးဖြူ သိုင်းသမားရှိချီဝူလား'

ကုန်းစွန်းယန်းက မျက်မှောင်ကြုတ်ယင်း....

'ရွှေတုတ်ကောက်လား၊ ငွေတုတ်ကောက်လားတော့ ကျွန်တော် မသိဘူး၊ မျက်ခုံးမွေး တစုံလုံး ဖြူနေတဲ့ အဘိုးအိုတယောက်ပဲ'

စင်းမမက ပြုံးလျက်...

'မဟုတ်ဘူးလို့ ကျွန်မပြောရဲတယ်'





ကုန်းစွန်းယန်းက မျက်ခုံးတချက်ပင့်ယင်း...

'ဘာဖြစ်လို့လဲ၊ လက်ငါးချောင်း သမားတော် အခန်းကို လာဖူးတာ အဲဒီလူတယောက်ပဲ ရှိဘယ်'

စင်းမမက တချက်ရယ်မောလိုက်ပြီး....

'ချီချဲ့အဖွဲ့ကလူတွေဟာ ဘယ်တော့မှ သူများနောက်ကွယ်မှာ သတင်းလွှင့်လေ့မရှိဘူး'

ကုန်းစွန်းယန်းက ဦးခေါင်းတချက် ကုတ်လိုက်ယင်း....

ဒါဖြင့် ဘယ်သူဖြစ်မလဲ၊ ကျွန်တော်စဉ်းစားလို့ မရဘူး'

ဟု ပြောလိုက်လေသည်။

စင်းမမက ပြုံးလျက်...

'ဝေးယင်မိုးပေါ်မှာ နီးယင်တော့ ဆရာ့ရဲ့ မျက်စိရှေ့လူပဲ'

ဟု ပြောလိုက်လေသည်။

ကုန်းစွန်းယာန်းသည် အံ့သြဟန်ဖြင့်....

'စင်းမမလား'

ဟု မေးလိုက်လေသည်။

စင်းမမက လှပစွာ ဦးခေါင်းကို ညိတ်ပြလိုက်လေသည်။

ကုန်းစွန်းယန်းက နားမလည်ဟန်ဖြင့်...

'စင်းမမက ဘာဖြစ်လို့ ဒီလိုလုပ်ရတာလဲ'

ဟု မေးလိုက်လေသည်။

စင်းမမက စားပွဲပေါ်မှ အရက်အိုးကိုယူ၍ ဖန်ခွက်ထဲသို့ အရက်ကို ငှဲ့လိုက်သည်။

ထို့နောက် အရက်ဖန်ခွက်ကို ကုန်းစွန်းယန်းအား လှမ်းပေးယင်း....

'လူတယောက်အတွက် အခွင့်အရေးတခု လုပ်ပေးလိုက်တာပဲ'

ဟု ပြောလိုက်လေသည်။

ကုန်းစွန်းယန်းက နားမလည်ဟန်ဖြင့်…

'ဘယ်သူ့အတွက်လဲ၊ လက်ဂါးချောင်းသမားတော်အတွက် ဆေးကုခ ရအောင်လား'

ဟု မေးလိုက်လေသည်။

စင်းမမက ဦးခေါင်းကို ခါယမ်း၍ ရယ်မောယင်း....

'ဒီလိုပြောလဲရပါတယ်၊ ဒါပေမယ့် သူ့အတွက် အဓိက မဟုတ်ဘူး'

ကုန်းစွန်းယန်းက ဦးခေါင်းကို တချက်ကုတ်လိုက်ပြီး—

'ဒါဖြင့်… ဘယ်သူ့အတွက်လဲ'

စင်းမမက ပြုံးကာ…

'ဆရာချီ… ခန့်မှန်းကြည့်ပေါ့'

ဟု ပြောလိုက်လေသည်။

ကုန်းစွန်းယန်းသည် အနည်းငယ် စဉ်းစားလိုက်ပြီး မျက်တောင်တချက်ခတ်ကာ…

'အမည်မဲ့ ခြံပိုင်ရှင်ကိုလား'

ဟု မေးလိုက်လေသည်။

စင်းမမက ပြုံးယင်း....

'ဟုတ်တယ်၊ အမည်မဲ့ခြံပိုင်ရှင် ကုန်းစွန်းယန်း အတွက်ပဲ ဒီအတွက် ကျွန်မ ဒီကိုရောက်လာတာပဲ'





ကုန်းစွန်းယာန်းက တချက်စဉ်းစားယင်း....

'အခုလိုလုပ်တဲ့အတွက် အမည်မဲ့ခြံပိုင်ရှင်က ဘယ်လိုအခွင့်အရေးရမှာလဲ'

ဟု မေးလိုက်လေသည်။

စင်းမမကပြုံးလျက်

ရွှေနဂါးသိုင်းသမား ဆန်ဝန်ကျက်က အမည်မဲ့ခြံပိုင်ရှင် ကုန်းစွန်းယန်းကို ရှာနေသလို ကုန်းစွန်းယန်းကလဲ ဆန်ဝန်ကျက်ဘယ်သူဘယ်ဝါဆိုတာ သိချင်မှာပဲ၊ဒါကြောင့် မင်းသား ဆန်ဝန်ကျက်ရဲ့ မင်္ဂလာသတင်းကို ကြားတာနဲ့သူဟာ ဟောဒီ

ကျန်မင်ရှောင်ယောင်တောင်ကြားကို လာမှာပဲ၊ ပြီးတော့ တောင်ကြားထဲကိုဝင်ပြီး ကြည့်ချင်နေမှာပဲ၊ ဒါကြောင့်အခုလို လုပ်ပေးလိုက်တဲ့အတွက် သူဟာတောင်ကြားထဲဝင်ဖို့ အခွင့်အရေးရသွားတာပေါ့'

ကုန်းစွန်းယန်းက သဘော ပေါက်ဟန်ဖြင့် တချက်ပြုံးလိုက်ပြီး

'ကျွန်တော်သဘောပေါက်ပြီ၊ ဒါမှစင်းမမတို့က သူ့ကို ခြေရာခံနိုင်မယ်ဆိုပါတော့'

စင်းမမက လှပစွာဦးခေါင်းညိတ်ပြလိုက်လေသည်။

ကုန်းစွန်းယန်းက ရုတ်တရက်တစုံတခုအား စဉ်းစားမိဟန်ဖြင့်....

'ဒါပေမယ့် အမည်မဲ့ခြံပိုင်ရှင်ဟာ ရုပ်ဖျက်ပြီးလူအုပ်နဲ့ ရောဝင်ခဲ့မယ်ဆိုယင် ဘယ်လိုလုပ်မလဲ'

စင်းမမက ပြုံးယင်း...

'ဆရာချီကို ကျွန်မတခုမေးမယ်'

ကုန်းစွန်းယန်းက....

'မေးပါ'

'စင်းမမက...

'ဆရာချီ အခုတောင်ကြားအပြင်ဘက်က လမ်းလျှောက်ပြန်လာခဲ့တာမဟုတ်လား'

ကုန်းစွန်းယန်းက ဦးခေါင်းညိတ်လိုက်ပြီး....

'ဟုတ်ပါတယ်'

စင်းမမက သဘောကျစွာပြုံးယင်း

'ဒါဖြင့် တောင်ကြားအပြင်ဘက်မှာရှိတဲ့လူတွေကို ဆရာချီ အမျိုးအစားခွဲကိုရပါ့မလား'

ကုန်းစွန်းယန်းကပြုံး၍ ဦးခေါင်းကိုညိတ်ကာ....

'မခွဲယဉ်းပါဘူး'

စင်းမမကပြုံးလျက်....

'ဒါဖြင့် ပြောပါအုံး'

ကုန်းစွန်းယန်းက မိမိ၏လက်နှစ်ချောင်းကိုထောင်ပြယင်း





နှစ်မျိုးနှစ်စား ခွဲခြားလို့ရတယ်၊ တမျိုးက သိုင်းလောကသား၊ နောက်တမျိုးက သာမန်အရောင်းအဝယ်လုပ်ကိုင်စားတဲ့ ဈေးသည်ပဲ'

စင်းမမက

'အဲ့ဒီနှစ်မျိုးထဲမှာ မပါတဲ့လူစားရှိသေးလား'

ကုန်းစွန်းယန်းက နှုတ်ခမ်းတချက်ကိုက်၍ စဉ်းစားလိုက်ပြီး 'မရှိသလောက်ပဲ'

စင်းမမက သဘောကျစွာရယ်မောယင်း

'မရှိဘူးလို့ပြောလို့ရတယ်မဟုတ်လား'

ကုန်းစွန်းယန်းက ဦးခေါင်းကိုညိတ်ကာ

'ဟုတ်တယ် အဲဒီလိုပြောလို့ရတယ်'

စင်းမမက အခန်းထဲ၌ တပတ်ပတ်လိုက်ပြီး

'နောက်မေးခွန်းတခုမေးမယ်'

ကုန်းစွန်းယန်းက လက်ထဲမှအရက်ခွက်ကို မော့၍တကျိုက်မော့လိုက်ပြီး....

'မေးပါ'

စင်းမမက စားပွဲ၌ဝင်ထိုင်လိုက်ယင်း

'လက်ဖွဲ့ပစ္စည်းမပေးတဲ့ သိုင်းလောကသားတွေရှိသလား'

ကုန်းစွန်းယန်းက အနည်းငယ်စဉ်းစားကာ....

'ဒီလိုလူစားနည်းမယ်ထင်တယ်'

စင်းမမကပြုံးယင်း
'တယောက်မှမရှိဘူးလို့ ပြောလို့ရတယ်မဟုတ်လား'
ကုန်းစွန်းယန်းကဲ ဦးခေါင်းကိုညိတ်ယင်း…

'အင်း....ပြောလို့ရတယ်'

စင်းမမကပြုံးကာ…

'ကဲ ဆရာချီကို နောက်ဆုံးမေးခွန်းတခုမေးမယ်'

ကုန်းစွန်းယန်းက ဦးခေါင်းကိုညိတ်ပြလိုက်သည်။ စင်းမမက ကုန်းစွန်းယန်းကိုပြုံး၍ တချက်ကြည့်လိုက်ပြီး

'အရောင်းအဝယ်လုပ်တဲ့ ဈေးသည်တွေဟာ လက်ငါးချောင်းသမားတော်ရဲ့ အမည်ကိုစိတ်ဝင်စားမှုရှိပါ့မလား'

ကုန်းစွန်းယန်းက ပြုံးလျက် ဦးခေါင်းကို ခါယမ်းယင်း

'သူတို့ဟာ သူတို့ရဲ့ပစ္စည်း အရောင်းသွက်ဖို့ထက်ပိုပြီး ဘာမှ စိတ်ဝင်စားမှာ မဟုတ်ဘူး'

စင်းမမက တချက်ပြုံးလိုက်ပြီး
'ဒါဆိုယင် အမည်မဲ့ခြံပိုင်ရှင်ကို ခြေရာခံနိုင်ပြီပေါ့'
ဟု ပြောလိုက်လေသည်။

ကုန်းစွန်းယန်းက အတန်ကြာအောင်စဉ်းစားပြီး သဘော ပေါက်ဟန်ဖြင့် တချက်ပြုံးကာ

'ကျွန်တော် သဘောပေါက်ပြီ၊ စင်းမမရဲ့ သဘောက တောင်ကြားအပြင်မှာ လူတွေဟာ နှစ်မျိုးနှစ်စား ရှိတယ်၊





တမျိုးက လက်ငါးချောင်းသမားတော်ကို စိတ်ဝင်စားတယ်၊ တမျိုးက စိတ်မဝင်စားဘူး၊ ဒါကြောင့် လက်ငါးချောင်းသမားတော်ထံကို လာတဲ့လူထဲမှာ ဈေးသည်တဦးဦး ပါလာယင် အဲဒီလူကို စုံစမ်းဖို့ပဲ မဟုတ်လား'

စင်းမမက ချီးကျူးသည့် အပြုံးဖြင့် ကုန်းယန်းစွန်းအား ပြုံး၍ပြလိုက်ပြီး

'ဟုတ်တယ်၊ ဒါပေမယ့် ဒါဟာ လွယ်ကူတဲ့ကိစ္စမဟုတ်ဘူး၊ ဘာဖြစ်လို့လဲဆိုတော့ အမည်မဲ့ခြံပိုင်ရှင်ဟာ ရင်ဆိုင်လို့လွယ်ကူတဲ့ လူစား မဟုတ်လို့ပဲ'

ကုန်းစွန်းယန်းက ပြုံးလိုက်ပြီး

'သိုင်းလောကသားတွေချည့်ပဲ လာမယ်ဆိုယင် လာတဲ့လူတိုင်းကို တိတ်တဆိတ် နောက်ယောင်ခံလိုက်ခိုင်းမယ်၊ အဲဒီ တောင်ကြား အပြင်ရောက်လို့ အဲဒီလူဟာ ဘယ်မဏ္ဍပ်ထဲကိုမှ ဝင်တာမတွေ့ယင် ဒီလူဟာ မသင်္ကာစရာ ဖြစ်ပြီ၊ ဒီတော့ ဒီလူရဲ့အကြောင်းကို စုံစမ်းမှာပေါ့'

စင်းမမက ပြုံးယင်း

'ဆရာချီဟာ တကယ်ပဲ လေးစားထိုက်တဲ့ပုဂ္ဂိုလ်ပဲ၊ အရိပ်ပြယင် အကောင်ထင်တယ်'

ဟု ပြောလိုက်လေသည်။

ကုန်းစွန်းယန်းက တစုံတခုအား စဉ်းစားလိုက်ပြီး

'ကျွန်တော့်မင်းသားကော ရောက်နေပြီလား'

ဟု မေးလိုက်လေသည်။ စင်းမမက ဦးခေါင်းကို ခါယမ်းလိုက်ပြီး

'မရောက်သေးဘူး၊ ဒါပေမယ့် မကြာမီ ရက်ပိုင်းအတွင်း ရောက်လာလိမ့်မယ်'

ကုန်းစွန်းယန်းက တစုံတရာအား အလေးအနက် ထားပြီး တွေးတောကာ...

'တကယ်လို့...မင်းသား မလာမီ ကျွန်တော်တို့က အမည်မဲ့ခြံပိုင်ရှင်ကို စုံစမ်းလို့ရပြီဆိုပါတော့၊ ဒီနေရာမှာ သူနဲ့ယှဉ်ပြိုင်နိုင်မယ့် ပြိုင်ဘက်ရှိမလား'

ဟု မေးလိုက်လေသည်။

စင်းမမက ချီးကျူးသောအပြုံးဖြင့် ကုန်းစွန်းယန်းအား ပြုံးပြလိုက်ပြီး

'ဆရာချီရဲ့အတွေးအခေါ်ဟာ ကျွန်မတို့ထက်ပိုပြီးကောင်းသွားပြီ၊ အခု ဆရာချီမေးတဲ့ မေးခွန်းဟာ အဓိက ပြဿနာပဲ၊ ဒါကို ကျွန်မ မစဉ်းစားမိခဲ့ဘူး'

ဟု ဝန်ခံလိုက်လေသည်။

ကုန်းစွန်းယန်းက ပြုံးယင်း

'ဒါဟာ....အဓိကပြဿနာ မဟုတ်သေးဘူး'





ဟု ပြောလိုက်လေသည်။ စင်းမမက လှပစွာ မျက်ခုံးပင့်တင်ယင်း

'ဘာဖြစ်လို့လဲ'

ကုန်းစွန်းယန်းက

'နည်းလမ်း ရှိလို့ပဲ'

စင်းမမက

'ဘယ်လို နည်းလမ်းလဲ'

ကုန်းစွန်းယန်းက တချက်ပြုံးလိုက်ပြီး

'ပြဿနာဆိုတာ ကျွန်တော်တို့ဘက်က စမှ ဖြစ်လာမှာ၊ တကယ်လို့ ကျွန်တော်တို့က အမည်မဲ့ခြံပိုင်ရှင်ကို စုံစမ်းလို့ရပြီဆိုပါတော့၊ ကျွန်တော်တို့က မင်းသားရောက်လာအထိ မလှုပ်ရှားပဲစောင့်ကြည့်နေယင် ဘာမှပြဿနာဖြစ်လာမှာမဟုတ်ဘူး'

စင်းမမက သဘောပေါက်ဟန်ဖြင့် ဦးခေါင်းကိုညိတ်လိုက်ပြီး....

'ဆရာချီပြောတာ ဖြစ်နိုင်ပါတယ်၊ ဒါနဲ့ ဘယ်ဟာက အဓိက ပြဿနာလဲ'

ကုန်းစွန်းယန်းက အခန်းထဲ၌ တပတ်မျှလမ်းလျှောက်လိုက်ယင်း အတန်ကြာအောင် စဉ်းစားကာ ပြောသင့်မပြောသင့် ချိန်ဆနေလေသည်။ အတန်ကြာမှ

'ကျွန်တော်စိတ်ပူနေတာက ဖိတ်စာဝေငှထားတဲ့ ဧည့်သည် (၁၂)ယောက်ပဲ'

စင်းမမက အနည်းငယ် မျက်ခမှောင်ကြုတ်ကာ

'ဘာဖြစ်လို့လဲ'

ကုန်းစွန်းယန်းက လည်ချောင်းတချက် ရှင်းလိုက်ယင်း

'မင်းသားက ဖိတ်စာ(၁၂)စောင် ဝေခဲ့တော့ ဖိတ်ကြားခံရတဲ့လူ (၁၂)ယောက်ဟာ သိုင်းလောကရဲ့ အရေးကြီးတဲ့ ပုဂ္ဂိုလ်တွေ ဖြစ်မယ်ထင်တယ်'

စင်းမမက ဦးခေါင်းကိုညိတ်ကာ

'ဟုတ်တယ်၊ သိုင်းလောကထဲမှ နောက်ထပ် သူတို့လို လူစား (၁၂)ယောက်ကို ရှာဖို့မလွယ်ဘူး'

ကုန်းစွန်းယန်းက ဦးခေါင်းကို တချက်ညိတ်ယင်း

'အဲဒီ(၁၂)ယောက်ကို စင်းမမသိသလား'

ဟု ရုတ်တရက်မေးလိုက်လေသည်။

စင်းမမက ဦးခေါင်းကို ခါယမ်းယင်း

'ဟင့်အင်း....တယောက်မှ မသိဘူး'

ကုန်းစွန်းယန်းက

'ဒါဖြင့် ကျွန်တော်တို့ မင်းသားကကော သိသလား'

စင်းမမက တချက်စဉ်းစားကာ





'ကျွန်မတို့မင်းသားက ရှောင်လင်က လျှောင်အင်းကိုပဲ သိမယ် ထင်တယ်'

ကုန်းစွန်းယန်းက

'ဒါဖြင့် ကျွန်တော်တို့မင်းသားက အဲ့ဒီပုဂ္ဂိုလ်တွေရဲ့အမည်ပဲ ကြားဖူးတာပေါ့'

စင်းမမက ဦးခေါင်းကိုညိတ်ကာ

'ဟုတ်တယ်'

ကုန်းစွန်းယန်းက

'ဒါဖြင့် ဖိတ်စာကို ဘယ်လိုဝေခဲ့သလဲ'

စင်းမမက တချက်ပြုံးကာ

'ရိပိန်တောင် ဘီလူးမ ဆူးရိဖုံးရဲ့ ညွှန်ကြားချက်အရ ဝေခဲ့တာ'

ကုန်းစွန်းယန်းက ပြုံးလိုက်ပြီး

'ဒါဆိုယင် အဲဒီ (၁၂)ယောက်မှာ(၁၁)ယောက်က မျက်နှာစိမ်း ဖြစ်နေမှာပေါ့'

စင်းမမ မပြုံးနိုင်တော့ပါ။

သူမသည် ကုန်းစွန်းယန်း ဘာကို ဆိုလို နေကြောင်း သဘောပေါက်သဖြင့် မပြုံးနိုင်တော့ခြင်း ဖြစ်ပါသည်။

* * *

ကုန်းစွန်းယန်း၏ အခန်းမှ စင်းမမ ပြန်သောအခါ ည သန်းကောင်ကျော်နေပြီ ဖြစ်ပါသည်။

ကုန်းစွန်းယန်း၏ အခန်းမှ စင်းမမ ထွက်လာသောအခါ သူမ၏စိတ်ထဲ၌ ပေါ့ပါးလန်းဆန်းနေလေသည်။

အကြောင်းမှာ အခက်ပြဿနာတရပ် ဖြေရှင်းရန် နည်းလမ်းကို ကုန်းစွန်းယန်းနှင့် ဆွေးနွေးညှိနိုင်း၍ အဖြေရရှိခဲ့သောကြောင့် ဖြစ်ပါသည်။

ဖိတ်စာဖြင့် ဖိတ်ကြားထားသော ဧည့်သည် (၁၂)ယောက် အနက် လျှောင်အင်းတယောက်ကိုသာ သိသဖြင့် ကျန်(၁၁) ယောက်မှာ မျက်နှာစိမ်းများ ဖြစ်နေသည်။

ထို(၁၁)ယောက်ထဲမှ တယောက်ယောက်အဖြစ် အမည်မဲ့ ခြံပိုင်ရှင်က ရုပ်ဖျက်၍ဝင်ရောက်လာနိုင်သည် မဟုတ်ပါလော။

ထိုထက်ပို၍ တွေးလျှင်...

ထို(၁၂)ယောက်သည် သတို့သား၊ သတို့သမီးနှင့် အနီးကပ်ဆုံးနေရာ၌ နေရမည့်သူများ ဖြစ်သည်။

ထို့ကြောင့် စင်းမမနှင့် ကုန်းစွန်းယန်းသည် မည်သို့ ဆောင်ရွက်ရမည်ကို ဆွေးနွေးဆုံးဖြတ် ခဲ့လေသည် မဟုတ်သလော။

* * *





နောက်တနေ့ နံနက်ရောက်သည်နှင့် စင်းမမသည် ကြီးကြပ်ရေးမှူး ဝူချိအန်းအား အမိန့်ပေးလိုက်လေတော့သည်။

ကြီးကြပ်ရေးမှူး ဝူချိအန်းက အမိန့်ကို ဆက်၍လျှို့ဝှက်စွာ ထုတ်ပြန်လိုက်သည်။

ထို့နောက် ဝူချိအန်းသည် ဖိတ်စာ ဖိတ်ကြားခဲ့သည့် ပုဂ္ဂိုလ်(၁၂)ဦး၏ အမည်ကို ရေးကာ ကုန်းစွန်းယန်း ထံသို့ သူကိုယ်တိုင် ပေးပို့ခဲ့လေတော့သည်။

* * *



## ညှော့သည်နှစ်ဦး

ယနေ့ သုံးလပိုင်း တရက်နေ့။

ယနေ့ ကျန်မင်ရှောင်ယောင် တောင်ကြားထဲသို့ လူတယောက် ဝင်ရောက်လာသည်။

ထိုလူသည် အသက်ငါးဆယ်ကျော် အဘိုးအိုတဦးဖြစ်ပြီး အပြာရောင်ဝတ်စုံကို ဝတ်ဆင်ထားလေသည်။

ထို့ပြင် သူ၏နောက်ကျော၌ ရှေးဟောင်း ဓားတလက် လွယ်ထားလေသည်။

သူ၏မျက်လုံးများသည် အေးစက်၍ နေလေသည်။

*　　*　　*

ဤနေရာသည် လက်ဖွဲ့ပစ္စည်း လက်ခံသောနေရာ ဖြစ်ပါသည်။

ကုန်းစွန်းယန်းလည်း လက်ဖွဲ့ပစ္စည်းများကို လက်ခံသည့်နေရာ၌ ထိုင်နေပြီး လက်ဖွဲ့ပစ္စည်းများကို စနစ်တကျ လက်ခံနေလေသည်။

ကုန်းစွန်းယန်းသည် လက်ဖွဲ့ ပစ္စည်း မှတ်တမ်း စာအုပ်၌ အာရုံစိုက်နေစဉ် သူ၏ရှေ့သို့ အနီရောင်စာအိတ်တလုံး ရုတ်တရက် ကျရောက်လာသည်။

ထို့ကြောင့် ကုန်းစွန်းယန်းသည် ဦးခေါင်းကိုတချက်မော့ကြည့်လိုက်သည်။

သူ၏ရှေ့၌ အပြာရောင်ဝတ် အဘိုးအိုတဦး ရပ်နေသည်ကို မြင်တွေ့လိုက်ရလေသည်။

ကုန်းစွန်းယန်းသည် အပြာရောင်ဝတ်အဘိုးအိုအား တချက်ကြည့်လိုက်သည်။

ထို့နောက် မိမိရှေ့မှ အနီရောင် စာအိတ်ကို လှမ်းကြည့်လိုက်သည်။

သူသည် အနီရောင်စာအိတ်ပေါ်မှ လက်ဖွဲ့ပေးသူ၏ အမည်ကို တွေ့သည်နှင့် ကပျာကယာ ထိုင်ရာမှထ၍ ရပ်လိုက်လေသည်။

တဆက်တည်း ဖော်ရွေသော အပြုံးနှင့် လက်နှစ်ဘက်ကို ဆုပ်ကာ ဦးညွှတ်လိုက်ယင်း....





'ဝှမ်ဆန်းက အပြာဝတ်သိုင်းသမား ဖုံးမိဝူကို ကြိုဆိုပါတယ်'

ဟု ပြောလိုက်လေတော့သည်။

* * *

လက်ဖွဲ့ပစ္စည်းလက်ခံသည့်နေရာနှင့် မလှမ်းမကမ်း၌ မဏ္ဍပ်တခုရှိသည်။

ထိုမဏ္ဍပ်ထဲ၌ ညှော်ကြိုရန် ရွှေနဂါးဌာန၏ ဖျတ်လတ်သော သိုင်းဆရာ (၁၀) ဦး ထိုင်နေကြသည်။

ထိုသိုင်းဆရာ (၁၀) ဦးကို တစုလျှင် (၂)ယောက်ကျဖြင့် အစု (၅) စု ခွဲထားလေသည်။

အိုက်မင်ခူနှင့် အိုက်ပုဟို ညီအစ်ကို နှစ်ယောက်ကတတွဲဖြစ်သည်။ အိုက်မင်ခူနှင့် အိုက်ပုဟို တို့သည် ကုန်းစွန်းယန်းက အပြာရောင်ဝတ် သိုင်းသမား ဖုံးမိဝူကိုထိုင်ရာမှထ၍နှုတ်ဆက်သည်ကို မြင်သည်နှင့် သူတို့သည် နေရာမှ ထလိုက်ပြီး အပြာရောင်ဝတ် သိုင်းသမား ဖုံးမိဝူ အနီးသို့ ချဉ်းကပ်သွားလေတော့သည်။

အမှန်မှာ ကုန်းစွန်းယန်းက ယခုကဲ့သို့ထိုင်ရာမှထ၍ ခရီးဦးကြိုပြုခြင်းသည်တဘက်လူမရိပ်မိစေသော အချက်ပြသင်္ကေတ တခုပင်မဟုတ်ပါလော။

ကုန်းစွန်းယန်း၏ စားပွဲအံဆွဲထဲ၌ ဖိတ်စာဖြင့် ဖိတ်ကြားထားသူ (၁၂)ဦး၏အမည်ကို ကုန်းစွန်းယန်းဘယောက်တည်း မြင်သာအောင်ကပ်ထားလေသည်။

ထိုအမည်စာရင်း၌ ပါဝင်သောဧည့်သည် ရောက်လာသည်နှင့် ကုန်းစွန်းယန်းသည် လက်ဖွဲ့ပစ္စည်းကို လက်ခံစာရင်းမသွင်းမီ ဦးစွာ ထိုင်ရာမှထ၍ ခရီးဦးကြိုပြုခြင်းသည် မလှမ်းမကမ်းရှိ မဏ္ဍပ်ထဲမှ သိုင်းဆရာများက ထိုပုဂ္ဂိုလ်ကိုလေ့လာနိုင်စေရန် ဖြစ်ပေသည်။

* * *

အိုက်မင်ခူနှင့် အိုက်ပုဟိုတို့သည် ငယ်ရွယ်ပြီးဖျတ်လတ်သော သိုင်းဆရာများဖြစ်ကြသည်။

ထို့ပြင် သူတို့သည် လူတိုင်းကို မယုံသင်္ကာစိတ်အပြည့်အဝ ရှိသူများဖြစ်ကြသည်။





သို့ဖြစ်၍လည်း သူတို့သည် အပြာရောင်ဝတ်သိုင်းသမားဖုံးမီဝူအား သင်္ကာမကင်းသော မျက်လုံးနှစ်စုံဖြင့် လှမ်း၍ အကဲခတ်လိုက်ကြသည်။

ထို့နောက် သူတို့နှစ်ဦး၏ ရင်ထဲ၌တူညီသောမသင်္ကာစိတ် ဝင်ရောက်လာလေတော့သည်။

ထိုသို့ဖြစ်စေရန် လှုံ့ဆော်သော အရာသည်အပြာရောင်ဝတ် သိုင်းသမား ဖုံးမီဝူ၏ မှတ်ဆိတ်ပင်ဖြစ်ပါသည်။

အိုက်မင်ခူနှင့် အိုက်ပုဟိုတို့သည် ဤအပြာရောင်ဝတ် သိုင်းသမား ဖုံးမီဝူ၏ မုတ်ဆိတ်အတု ဖြစ်လိမ့်မည်ဟုယူဆထားလေသည် မဟုတ်ပါလော။

သို့သော် သူတို့သည် အပြာဝတ်သိုင်းသမား ဖုံးမီဝူ၏အနီးသို့ ရောက်သောအခါ ဖော်ရွေသောအပြုံးဖြင့်ပြုံးယင်း ဖုံးမီဝူအား ဧည့်ဆောင်သို့ ဦးဆောင်၍ ခေါ်သွားလေတော့သည်။

လက်ဖွဲ့လက်ခံသည့်နေရာနှင့် ဧည့်ဆောင်မှာ အတန်ငယ်ဝေးကွာသည်။ဤသည်မှာ ဧည့်သည်ကို အနီးကပ်လေ့လာရန် အတွက် တမင်စီစဉ်ထားခြင်းဖြစ်ပါသည်။

သို့ဖြစ်၍လည်း ကျန်မင်ရှောင်ယောင်တောင်ကြားမှ ချီခွဲ့အဖွဲ့၏အစည်းအဝေးခန်းမသည် ဧည့်ဆောင်အဖြစ် ပြောင်းလဲသွားခဲ့ရလေသည် မဟုတ်ပါလော။

* * *

ညှော်ဆောင်သို့သွားရာလမ်း၏ ခရီးတဝက် ကျိုးသည်အထိ အပြာရောင်ဝတ်သိုင်းသမား ဖုံးမိဂူသည် စကား တလုံး မျှ မပြောချေ။

သူ၏မျက်လုံးတစုံကလည်းရှေ့တူရူသို့သာ ကြည့်၍နေသည်။ အိုက်မင်ခူနှင့် အိုက်ပုဟိုတို့သည် အပြာရောင်ဝတ် သိုင်းသမား ဖုံးမိဂူအား တိတ်တဆိတ်လေ့လာနေရာမှ အိုက်မင်ခူသည် ချောင်းတချက်ဟန့်လိုက်ပြီး....

'ဆရာကြီးလာတာ တယောက်တည်းပဲလား'

ဟု မေးလိုက်လေသည်။

အပြာရောင်ဝတ်သိုင်းသမား ဖုံးမိဂူသည် သူ၏ လှမ်းနေသော ခြေလှမ်းများကိုရပ်တန့်လိုက်ပြီး အိုက်မင်ခူအားပြုံး၍ ကြည့်ကာ...

'မင်းတို့မေးချင်တာ ဒီစကားမဟုတ်ဘူးနဲ့တူတယ်'

ဟု ပြောလိုက်လေသည်။

အိုက်မင်ခူ၏ခန္ဓာကိုယ်တခုလုံးသည် ရုတ်တရက် တောင့်တင်းသွားသည်ဟု ခံစားလိုက်ရလေသည်။

သို့သော် အိုက်မင်ခူသည် မျက်တောင်တချက်ခတ်ယင်း....

'ဟို...ဟို....'

အပြာရောင်ဝတ်သိုင်းသမား ဖုံးမိဂူက ပြုံးလျက်

'အမှန်မှာ ဒီမေးခွန်းကို ငါ့ကိုလာကြိုကတည်းက မေးရမှာ'

ဟု ပြောလိုက်လေသည်။





ပြီးမှ ဖုံးမိဂူသည် တချက်ရယ်မောလိုက်ပြီး...

'ငါ့ရဲ့မုတ်ဆိတ်ကို မင်းတို့ဘယ်လိုသဘောရသလဲ'

ဟု မေးလိုက်လေသည်။

အိုက်ပုဟိုက ကပျာကယာပြုံးယင်း

'သိပ်လှတာပဲ၊ ကျွန်တော့် တသက်နဲ့တကိုယ် ဒီတခါပဲ မြင်ဖူးတယ်'

ဟု ပြောလိုက်လေသည်။

အပြာရောင်ဝတ်သိုင်းသမား ဖုံးမိဂူကတချက်ပြုံးလိုက်ပြီး

'လူတိုင်းကဒီလိုပဲပြောကြတယ်၊ ပြီးတော့ ငါ့ရဲ့မုတ်ဆိတ်ဟာ အတုလို့ထင်ကြတယ်၊ မင်းတို့ကော ဘယ်လို သဘောရသလဲ'

ဟု မေးလိုက်လေသည်။

အိုက်ပုဟိုကရယ်မောကာ

'ဆရာကြီးက ရယ်စရာလဲ ပြောတတ်တာပဲ'

ဟု ပြောလိုက်လေသည်။

အိုက်မင်ခူက ပြုံးယင်း....

'ဟုတ်တယ်၊ လူ့ဘယောက်ရဲ့မုတ်ဆိတ်ဟာ ဘယ်မှာ အတု ဖြစ်နိုင်ပါ့မလဲ'

အပြာရောင်ဝတ်သိုင်းသမား ဖုံးမိဂူက ပြုံးလိုက်ပြီး

'မင်းတို့နှစ်ယောက် တော်တယ်'

ဟု ချီးကျူးလိုက်လေသည်။

ပြီးမှ ဖုံးမိဂူသည် အိုက်မင်ခူတို့နှစ်ယောက်ကို တချက် အေးစက်စွာစိုက်ကြည့်လိုက်ပြီး .

'မင်းတို့က ငါ့ကို ဘယ်သူလို့ထင်နေသလဲ'

ဟု ရှုတ်တရက်မေးလိုက်လေသည်။

အိုင်မင်ခူနှင့် အိုက်ပုဟိုတို့သည် ဖုံးမိဂူမှာ ယခုကဲ့သို့မေးလိမ့်မည်ဟု မျှော်လင့်မထားသောကြောင့် ရုတ်တရက် အံ့သြကာ မည်သို့ပြန်ပြောရမှန်းမသိအောင် ဖြစ်သွားလေတော့သည်။

အတန်ကြာမှ အိုက်မင်ခူက အားနာသောလေသံဖြင့်

'ဟို…ဟို…ဆရာကြီးခွင့်လွှတ်ပါ၊ ကျွန်တော်တို့က ဆရာကြီးဟာ အပြာရောင်ဝတ် သိုင်းသမား ဖုံးမိဂူလို့ မသုံးဖြတ်ရဲသေးလို့ပါ'

ဖုံးမိဂူက တချက်ပြုံးလိုက်ပြီး

'အင်း…လက်ခံနိုင်စရာစကားပဲ၊ ဒါပေမယ့် မင်းတို့ မင်းသားက မင်းတို့လို အတွေးမျိုးတွေးခဲ့ယင်တော့ မင်္ဂသာအရက်ဟာ သောက်လို့ကောင်းမှာမဟုတ်တော့ဘူး'

ဟု ပြောလိုက်လေသည်။

ထို့နောက် ဖုံးမိဂူသည်ဦးခေါင်းကိုမော့လိုက်ပြီး…





'ဒါနဲ့ မင်းတို့ ဝှမ်ဆန်းအဖွဲ့ရဲ့သိုင်းပညာကို ဘယ်လောက်အထိ သိသလဲ'

ဟု မေးလိုက်လေသည်။

အိုက်မင်ခူက တချက်စဉ်းစားပြီး

'ဝှမ်ဆန်းအဖွဲ့ရဲ့ ကျို့ကွမ်းရိယင်းသိုင်းကွက်ဟာ ပြိုင်ဘက်မရှိအောင် ကောင်းတယ်၊ သိုင်းလောကရဲ့ပညာရပ်(၇)မျိုးထဲမှ တမျိုးအပါအဝင်ဖြစ်တယ်လို့ ကြားဖူးတယ်၊ ဒါပေမယ့်… ကိုယ်တိုင်မမြင်ဖူးဘူး'

ဟု ပြောလိုက်လေသည်။

အိုက်မင်ခူ၏စကားသံဆုံးသည်နှင့်…

'ဖြန်း…ဖြန်း'

ဟူသောအသံ ပေါ်ထွက်လာပြီး အိုက်မင်ခူနှင့် အိုက်ပုဟိုတို့၏ ပါးပြင်ပေါ်သို့ လက်ဝါးဖြင့် တချက်စီ အရိုက်ခံလိုက်ရလေသည်။

တချိန်တည်းမှာပင်…

သူတို့၏ရှေ့၌ ရပ်နေသော အပြာရောင်ဝတ် သိုင်းသမား ဖုံးမိဂူ၏ အရိပ်အရောင်ကို မတွေ့ရတော့ချေ။

ထိုစဉ်…. ရုတ်တရက် သူတို့၏ နောက်မှ ရယ်မောသံနှင့်အတူ…

'အဲဒါ.... ကျို့ကွမ်းရှိ သိုင်းကွက်ပဲ၊ မင်းတို့မြင်ဖူးသွားတာပေါ့'

ဟူသောအသံ ပေါ်ထွက်လာလေ တော့သည်။

* * *

အိုက်မင်ခူနှင့် အိက်ပုဟိုတို့သည် မိမိတို့၏ နောက်မှ အသံကြားလိုက်ရသဖြင့် ထိတ်လန့်ကာ ကပျာကယာနောက်သို့လှည့်ကြည့်လိုက်လေသည်။

သူတို့နောက်မှ အပြာရောင်ဝတ်သိုင်းသမား ဖုံးမိဝူရပ်နေသည်ကို မြင်တွေ့လိုက်ရလေသည်။

အမှန်မှာ အပြာရောင်ဝတ်သိုင်းသမား ဖုံးမိဝူ၏သိုင်းကွက်သည် လျင်မြန်သည်။ တိကျသည်။ သို့ဖြစ်၍ အိုက်မင်ခူတို့သည် အပြာရောင်ဝတ်သိုင်းသမား ဖုံးမိဝူ၏ လှုပ်ရှားမှုကို မတွေ့မမြင်လိုက်ရခြင်း ဖြစ်ပါသည်။

အိုက်မင်ခူသည် ပါးရိုက်ခံလိုက်ရသဖြင့် မကျေ မချမ်းဖြစ်ကာ ဖုံးမိဝူအား လက်ညှိုးဖြင့်ထိုးယင်း....

'မင်း.... မင်း'

'မင်း.... မင်း'

ဟု မြွေ့ယင်း မည်သို့ဆက်၍ ပြောရမှန်း မသိအောင်ဖြစ်နေလေသည်။





ဖုံးမိဝူက တချက်ပြုံးလိုက်ပြီး...

'တချို့နေရာတွေမှာ ပါးစပ်နဲ့ ရှင်းပြတာထက် လက်တွေ့ရှင်းပြတာက အချိန်ကုန်သက်သာစေတယ်၊ ဒီလက်ဝါးနှစ်ချက်ဟာ ငါ.... ဝှမ်ဆန်းကလာကြောင်း သက်သေပြတာပဲ'

ဟု ပြောလိုက်လေသည်။

အိုက်ပုဟိုက ဓားရိုးကို ဆုပ်ကိုင်လိုက်ပြီး

'ညှော်သည်က အိမ်ရှင်ကို စော်ကားတဲ့အတွက် ဒီညှော်သည်ကို မောင်းထုတ်သင့်တယ် မဟုတ်လား'

ဟု ပြောလိုက်လေသည်။

အိုက်မင်ခူက ဦးခေါင်းကို ညိတ်လိုက်ပြီး

'ဟုတ်တယ်'

ဟု ပြောလိုက်လေသည်။

ဖုံးမိဝူက သဘောကျစွာ တချက် ရယ်မောလိုက်လေသည်။ ပြီးမှ၊

'ငါတခုပဲစိတ်ပူမိတယ်၊ မင်းတို့မင်းသားက သူ့အမိန့်မပေးပဲနဲ့ သူဖိတ်ထားတဲ့ညှော်သည်ကို မောင်းထုတ်ယင်၊ ဝမ်းမသာမှာကို စိတ်ပူမိတယ်'

ဟု ပြောလိုက်လေသည်။

ဖုံးမိဝူ၏စကားကြောင့် အိုက်မင်ခူတို့သည် ဘာမှ ပြန်မပြောနိုင်ပဲ ငိုင်သွားလေတော့သည်။

ထိုစဉ်၊ အပြာရောင်ဝတ် သိုင်းသမား ဖုံးမိဝူက တချက်ပြုံးယင်း

'မင်းတို့ငါနဲ့တွေ့တာ ကံကောင်းတယ်မှတ်ပါ။ ငါပြောတာမယုံယင် ဟောဟိုကလာတဲ့လူကို မင်းတို့ ငါ့ကိုဆက်ဆံသလိုဆက်ဆံကြည့်'

ဟု ပြောယင်း လက်ဖွဲ့ပစ္စည်းလက်ခံသည့်ဘက်သို့ ညွှန်ပြလိုက်လေတော့သည်။

အိုက်မင်ခူတို့သည် ဖုံးမိဝူညွှန်ပြရာသို့ လှမ်း၍ကြည့်လိုက်လေသည်။

ယင်းသို့ ကြည့်လိုက်သည်နှင့် ဧည့်ဆောင်သို့ လာနေသောဧည့်သည်တယောက်ကို မြင်တွေ့လိုက်ရလေသည်။

ထိုဧည့်သည်၏ဘေး၌ ဓားအမာရွတ်ရှောင်ရိနှင့် နံလျှောင်ချစ်တို့ လိုက်ပါလာလေသည်။

အကယ်၍ ထိုဧည့်သည်ဟွာဆန်းမှ မေတ္တာမဲ့ဓားကျွမ်းယုံမှန်းသိလျှင်၊ အိုက်မင်ခူတို့သည် ထိုဧည့်သည်ကို မည်သို့ဆက်ဆံမည်နည်း။

* * *





သူ၏မျက်နှာသည် အလွန်ချိုသည်။

သူသည် ရယ်မောစရာစကားများ ပြောတတ်သည်။

သူ၏ ခန္ဓာကိုယ်ပေါ်၌ ဓားနှင့်တူသည့်အရာဝတ္ထုတခုမှ ရှိမနေချေ။

ထို့ကြောင့်သူ့ကို မေတ္တာမဲ့ဓားကျွမ်းယုံဟု ပြောလျှင်မည်သူမျှ ယုံမည်မဟုတ်ပါ။

သို့သော်သူသည် ဟွာဆန်းမှ မေတ္တာမဲ့ဓားကျွမ်းယုံပင် ဖြစ်ပါသည်။

* * *

ကျွမ်းယုံသည် ဖုံမိဝူအား ပြုံး၍နှုတ်ဆက်ကာ

'အစ်ကိုဖုံး အခုမှရောက်လာသလား'

ဟု မေးလိုက်လေသည်။

ဖုံးမိဝူက ဦးခေါင်းကိုညိတ်ကာ

'မကြာသေးပါဘူး။ နေပါအုံး၊ မင်းနဲ့မတွေ့ရတာ နှစ်ပေါင်းအတော်ကြာနေပြီပဲ၊ မင်းကတချက်တည်းငါ့ကို မှတ်မိပါလား'

ဟု ပြောလိုက်လေသည်။

ကျွမ်းယုံကပြုံးယင်း

'အစ်ကိုဖုံးက ဒီမှတ်ဆိတ်မွေးတွေရှိနေတာနဲ့ အစ်ကိုဖုံးကို ဘယ်သူမှ မမှတ်မိတော့ဘူးလို့ ထင်နေသလား'

ဟု ပြောလိုက်လေသည်။

ထိုစဉ် ဓားအမာရွတ်ရှောင်ရိသည် အိုက်မင်ခူအား တစုံတခု တီးတိုးပြောလိုက်လေသည်။

အိုက်မင်ခူ၏မျက်နှာသည် တချက်ပျက်သွားပြီး အိုက်ပုဟို ကိုခေါ်ကာ ထိုနေရာမှ ထွက်ခွာသွားလေတော့သည်။

* * *

အိုက်မင်ခူနှင့်အိုက်ပုဟိုတို့ ထွက်သွားပြီဖြစ်၍ ဖုံးမီဝူနှင့်ကျွမ်း ယုံတို့ကို ဓားအမာရွတ်ရှောင်ရိနှင့် နုလျောင်ချစ်တို့က ဦးဆောင် လမ်းပြပြုလုပ်ခဲ့ရလေတော့သည်။

ည့်ဆောင်သို့ ရောက်သောအခါ၊ ဓားအမာရွတ်ရှောင်ရိ သည် မေတ္တာမဲ့ဓားကျွမ်းယုံနှင့် အပြာရောင်ဝတ်သိုင်းသမား ဖုံးမီဝူတို့ကို နေရာချထားပေးလိုက်သည်။

ထိုနောက် ည့်သည်နှစ်ယောက်ကို နှုတ်ဆက်၍ ပြန်လည် ထွက်ခွာသွားလေတော့သည်။

* * *





ဓားအမာရွတ်ရှောင်ရိနှင့် နုလျောင်ချစ်တို့ ထွက်ခွာသွား သောအခါ အပြာရောင်သိုင်းသမား ဖုံးမီဝူက မေတ္တာမဲ့ဓား ကျွမ်းယုံကို ပြုံး၍ကြည့်လိုက်ပြီး

'ဒီကိုလာတော့ လူတွေစုရုံးစုရုံးလုပ်နေတဲ့အခန်းကို မြင်ခဲ့ လား'

မေတ္တာမဲ့ဓားကျွမ်းယုံက ဦးခေါင်းကိုညိတ်လိုက်ယင်း

'တွေ့ခဲ့တယ်'

ဖုံးမီဝူက

'ဒါဖြင့်၊ အဲ့ဒီအခန်းဟာ ဘယ်သူ့အခန်းလို့ထင်သလဲ'

မေတ္တာမဲ့ဓားကျွမ်းယုံက မျက်မှောင်ကြုတ်လိုက်ယင်း

'အစ်ကိုဖုံးကသိလို့လား'

ဖုံးမီဝူကတချက်ပြုံးယင်း

'ကျုပ် ဆက်စပ်တွေးခေါ်တာမှန်မယ်ဆိုယင် ရှန့်လန်ကြီးရဲ့ အခန်းပဲ ဖြစ်ရမယ်'

မေတ္တာမဲ့ဓားကျွမ်းယုံသည် မျက်နှာတချက်ပျက်သွားပြီး၊

'လက်ငါးချောင်းသမားတော် ရှန့်လန်ကြီးမဟုတ်လား'

ဖုံးမီဝူက ခေါင်းကိုညိတ်ကာ…

'ထားပါတော့….ဒီနေရာဟာ လူသတ်ဖို့ မသင့်တော်ဘူး…. ကျွားကစားဖို့ပဲ ကောင်းတယ်၊ လာကျုပ်တို့ တပွဲလောက် ကစားရအောင်….

ဟုပြောလိုက်သည်။

မေတ္တာမဲ့ဓားကျွမ်းယုံက တစုံတခုပြောရန် ဟန်ပြင်လိုက်ပြီးမှ ဘာမျှမပြောတော့ပဲ၊ အပြာရောင် သိုင်းသမား ဖုံးမိဂူနှင့် ကျားကစားရန် စားပွဲ၌ဝင်ရောက် ထိုင်လိုက်လေသည်။

ထိုစဉ်သူတို့အခန်းဘက်သို့ လျှောက်လာသော ခြေသံများကို ကြားလိုက်ရလေလည်။

ထိုနောက် အခန်းတံခါးဝ၌ လူ(၅)ယောက် ပေါ်ထွက်လာလေတော့သည်။

* * *

အခန်းတံခါးဝ၌ လူ(၅) ယောက်ရပ်နေသည်။

သူတို့သည် ချီခွဲအဖွဲ့မှ အရေးပါအရာရောက်သောပုဂ္ဂိုလ်များပင်ဖြစ်ပါသည်။

သူတို့သည် မေတ္တာမဲ့ ဓားကျွမ်းယုံနှင့် အပြာရောင်ဝတ်သိုင်းသမား ဖုံးမိဂူအား တချက်ကြည့်လိုက်ပြီ အခန်းထဲသို့ဝင်ရောက် လာလေတော့သည်။

ရှေ့ဆုံးမှ ဝင်ရောက်လာသူမှာ ချီခွဲဂိုဏ်းချုပ် ဝမ်လန်ဂေါင်ဖြစ်လေသည်၊





သူ၏နောက်မှ မျက်ခုံးဖြူအဘိုးအို....ရှီချီဝူ
အရက်အိုး အဘိုးအို....ကုန်းရန်စင်
ကျားကွက်...ကွေးဟိုင်းလုံး

ပခုံးတဘက်....လူကျင်းဖျောင်း တို့ ဝင်ရောက် လာ လေသည်။

ထိုလူ(၅)ယောက်အနက် ချီခွဲဂိုဏ်းချုပ် ဝမ်လန်ဂေါင်တဦးမှလွဲ၍ ကျန်(၄)ယောက်မှာ အပြာရောင်ဝတ် သိုင်းသမား ဖုံးမိဂူ၊ မေတ္တာမဲ့ ဓားကျွမ်းယုံတို့နှင့် တန်းတူအဆင့်မြင့်သိုင်းသမား ဖြစ်ကြလေသည်။

အကြောင်းမှာထို(၄)ယောက်သည် ကွယ်လွန်ခဲ့သော ချီခွဲဂိုဏ်းချုပ်ဟောင်း ရှင်ကျူးချီဆုနှင့် ပညာရှာဘက်များ ဖြစ်ခဲ့သည်မဟုတ်ပါလော။

* * *

ချီခွဲဂိုဏ်းချုပ် ဝမ်လန်ဂေါင်သည် ဖုံးမိဂူနှင့်ကျွမ်းယုံတို့နှစ်ဦးနှင့်စကားအနည်းငယ်မျှသာပြောပြီး အခန်းထဲမှ ထွက်ခွာသွားလေသည်။

အခန်းထဲ၌ မျက်ခုံးဖြူသိုင်းသမား ရှိချီဝူ၊ အရက်အိုးကုန်းရန်စင်၊ ကျားကွက်ကွေးဟိုင်းလုံး၊ ပခုံးတဘက် လူကျင်းဖျောင်း၊ ဖုံးမီဝူနှင့် ကျမ်းယုံတို့သာ ကျန်ရစ်ခဲ့လေတော့သည်။ ဖုံးမီဝူသည် ပခုံးတဘက် လူကျင်းဖျောင်းအား တချက်လှမ်းကြည့်လိုက်လေသည်။ လူကျင်းဖျောင်းကဖုံးမီဝူ၏ မျက်လုံးထဲမှ စကား အဓိပ္ပာယ်ကို နားလည် သဘောပေါက်သည့်အလား ထိုင်ရာမှထပြီး အသံကျယ်လောင်စွာဖြင့်....

'ခင်ဗျားတို့ ဘာသာ ခင်ဗျားတို့ ကျားကစားကြကျုပ်တော့ဝါသနာမပါဘူး'

ဟုပြောလိုက်လေသည်။

ဖုံးမီဝူက အသံကျယ်လောင်စွာဖြင့်....

'ခင်ဗျားတို့ဘယ်သူက ကစားခိုင်းလို့လဲ၊ ဘေးက ထိုင်ပြီးကြည့်လဲရပါတယ်'

လူကျင်းဖျောင်းက....

'ကျုပ်ဘာသာကျုပ် အပြင်ထွက်ပြီး ထိုင်နေတာကမှကောင်းအုံးမယ်'

ဟုပြောလိုက်ပြီး အပြင်ဘက်သို့ထွက်သွားလေတော့သည်။

ထို့နောက်လူကျင်းဖျောင်းသည် ပတ်ဝန်းကျင်ကို တချက်မျှ ဝေ့ကြည့်လိုက်ပြီး... အခန်းဘက်သို့လှည့်ကာ ဦးခေါင်းကို မသိမသာ ညိတ်ပြလိုက်လေတော့သည်။





ဖုံးမီဝူက လူကျင်းဖျောင်းအား မသိမသာ ပြန်လည်၍ဦးခေါင်းညိတ်ပြလိုက်လေသည်။

ပြီးမှ.... ဖုံးမီဝူသည် မျက်ခုံးဖြူအဘိုးအိုရှိချီဝူကို တချက်ကြည့်လိုက်ပြီး လေသံနိမ့်၍....

ကဲ... ပြောနိုင်ပြီ....

ဟုပြောလိုက်လေတော့သည်။

* * *

မျက်ခုံးဖြူအဘိုးအိုက သက်ပြင်းတချက်ချကာ....

'တခုခုထူးခြားနေတယ်မထင်ဘူးလား'

အပြာရောင်ဝတ် သိုင်းသမားဖုံးမီဝူက...

'မင်္ဂလာပွဲကို ကျန်မင်ရှောင်ယောင်တောင်ကြားမှာ လုပ်တာကိုက ထူးဆန်းနေတယ်'

မျက်ခုံးဖြူအဘိုးအိုကမဲ့ပြုံးပြုံးယင်...

ဒီထက်ပိုပြီးထူးဆန်းတာက ကျုပ်တို့ အဖွဲ့ရဲ့ နေရာကိုပေးလိုက်ရတာပဲ'

မေတ္တာမဲ့ ခေါးကျွမ်းယုံက....

'ကျုပ်တလမ်းလုံး စဉ်းစားလာတာ ဒီကိစ္စပဲ၊ မင်းတို့က ဘာဖြစ်လို့ မင်းတို့ရဲ့နေရာကို ပေးလိုက်ရတာလဲ'

အရက်အိုး ကုန်းရန်စင် မဲ့ပြုံးပြုံးယင်း

'လျှောင်အင်းနဲ့ ဝူစွမ်းပေါ့ဗျာ၊ ကျုပ်တို့ကို ဒီနေရာက ခေတ္တဖယ်ပေးပါတဲ့'

ဖုံးမီဝူက...

'ခင်ဗျားတို့က ပြန်ပြီးမပြောကြဘူးလား'

မျက်ခုံးဖြူ အဘိုးအို ရှီချီဝူက သက်ပြင်းချယင်း

'လျှောင်အင်းနဲ့ ဝူစွမ်းထံက ကျုပ်တို့ကိုဖယ်ခိုင်းတဲ့စာရတဲ့ ညမှာပဲ ကျုပ်တို့ အစည်းအဝေး ထိုင်ကြတယ်၊ နောက်ပြီး ရှောင်လင်က လျှောင်အင်းထံကို လူလွှတ်ပြီး ညှိနှိုင်းခဲ့တယ်'

မေတ္တာမဲ့ခေါးကျွမ်းယုံက...

'ဒါပေမယ့် မအောင်မြင်ခဲ့ဘူးမဟုတ်လား'

ကွေးဟိုင်းလုံးက မဲ့ပြုံးပြုံးယင်း

'ကျုပ်တို့ဂိုဏ်းချုပ်ကဘယ်လိုလုပ်ပြီး ရှောင်လင်က လျှောင်အင်းကို ပြန်ပြောရမှာလဲ'

အပြာရောင်ဝတ် သိုင်းသမား ဖုံးမီဝူကပြုံးယင်း....

'ခင်ဗျားတို့ (၄) ယောက်က ထပ်မသွားကြဘူးလား'

မျက်ခုံးဖြူ အဘိုးအို ရှီချီဝူက ဦးခေါင်းကိုညိတ်ယင်း





'သွားပါတယ် ဒါပေမယ့်'

မေတ္တာမဲ့ ခေါးကျွမ်းယုံက မျက်ခုံးတချက်ပင့်လိုက်ပြီး

'ဒါပေမယ့် ဘာဖြစ်လဲ'

ရှီချီဝူက....

'လျှောင်အင်းဟာ ယခင်ကအတိုင်းပဲ၊ ရိပ်နိ်တောင်ဘီလူးမဆူးရိဖုံးရဲ့ဆန္ဒကို နောက်ဆုံးလိုက်လျောတဲ့အနေနဲ့ မင်္ဂလာပွဲကို ဒီကျန်မင်ရှောင်ယောင် တောင်ကြားမှာ ကျင်းပပါစေတဲ့'

အရက်အိုး ကုန်းရန်စင်က မကျေနပ်သည့်လေသံဖြင့်

'ကျုပ်တို့ဂိုဏ်းချုပ်ကလဲ နည်းနည်းတော့ညံ့တယ်'

ဟု ပြစ်တင်ဝေဖန်လိုက်သည်။

အပြာရောင်ဝတ် သိုင်းသမား ဖုံးမီဝူကပြုံးလျက်

'ဒီလိုအပြစ်တင်စကားပြောလို့တော့ ဘယ်ဖြစ်ပါ့မလဲ၊ သိုင်းလောကမှာ လွန်ခဲ့တဲ့ နှစ် တစ်ရာ လောက်ကစပြီး ရှောင်လင်နဲ့ ဝူတန်ဟာ နာမည် ကြီးလာခဲ့တာပဲ၊ ပြီးတော့ အခုထက်ထိ နာမည်ကြီးနေတဲ့ အဖွဲ့ (၉) ဖွဲ့၊ အဲ... တဖွဲ့က နာမည်ပဲရှိတော့ ထည့်မပြောတော့ဘူး၊ လက်ရှိအဖွဲ့ (၈) ဖွဲ့ရဲ့ထိပ်ဆုံးက အဖွဲ့နှစ်ဖွဲ့ပဲ၊ နောက်ပြီး လျှောင်အင်းနဲ့ ဝူစွမ်းဟာ အင်မတန်ဖြောင့်မတ်ပြီး သိက္ခာသမာဓိရှိတဲ့ ပုဂ္ဂိုလ်တွေပဲ'

မေတ္တာမဲ့ခေါးကျွမ်းယုံကပြုံးလျက်....

F.18

'တကယ်လို့များ သူတို့ကို ပြစ်မှားမိခဲ့ယင် အဖွဲ့ (ဂ) ဖွဲ့ကို ပြစ်မှားတာနဲ့ အတူတူပဲ'

ဟု ပြောလိုက်လေသည်။

မျက်ခုံးဖြူ အဘိုးအို ရှိချီဝူက ကုန်းရန်စင်အား မျက်လုံးတချက် ပြူးကြည့် လိုက်လေသည်။ ပြီးမှသူသည် ဖုံးမီဝူနှင့် ကျွမ်းယုံတို့အား ပြုံး၍ပြလိုက်ပြီး

'ကုန်းရန်စင်းက မဆင်မချင် ပြောမိတာကို ခွင့်လွှတ်ပါ၊ အမှန်တော့ ဒီရှောင်လင်က လျှောင်အင်းရဲ့သဘောဟာ အဖွဲ့ (ဂ) ဖွဲ့ရဲ့ သဘောနဲ့ တူညီနေပါလိမ့်မယ်'

ဟု ပြောလိုက်လေသည်။

အပြာရောင်ဝတ် သိုင်းသမား ဖုံးမီဝူက တချက်ပြုံးလိုက်ပြီး....

'တခုတော့ရှိတယ်၊ ကျုပ်တို့အားလုံး လူစုံတဲ့အခါ အစည်းအဝေး ထိုင်လိုက်ယင် ဒီပြဿနာ ရှင်းသွားနိုင်ပါတယ်'

မေတ္တာမဲ့ ဓားကျွမ်းယုံက တချက်ပြုံးလိုက်ပြီး

'ဘာပဲ ဖြစ်ဖြစ်ပေါ့၊ ကျုပ်တို့ အတွက် လျှောင်အင်းက အကောင်းဆုံး ဆင်ခြေတခု ပေးနိုင်မှဖြစ်မယ်၊ အဲဒီလိုမှမဟုတ်ယင်တော့ ကျုပ် ဟောဒီ ကျန်မင်ရှောင်ယောင်တောင်ကြားက မပြန်ဘူး'

ဟု ပြောလိုက်လေသည်။





အပြာရောင်ဝတ် သိုင်းသမား ဖုံးမီဝူက တချက်ပြုံးကာ

'အင်း.... ဒီမင်္ဂလာပွဲဟာ ကျုပ်တို့အဖွဲ့ (ဂ) ဖွဲ့ရဲ့မင်္ဂလာပွဲများ ဖြစ်နေမလား မသိဘူး'

ဟု ဖြည်းညင်း လေးတွဲ့စွာ ပြောလိုက်လေတော့သည်။

* * *

(၃) လ၊ (၂) ရက်။

မိုးလင်းသည်နှင့်တပြိုင်တည်း ဧည့်ဂေဟာ၌ ဧည့်သည် (၄) ဦး ထပ်မံ ရောက်ရှိ လာလေသည်။

ထိုလူများမှာ ဒေါင်းညီ အစ်မဖြစ်သည့် ဒေါင်းဖြူအိုက်ရင်းဖိန့်နှင့် ဒေါင်းမည်း အိုက်စူကျင့်၊ ချင်းမြို့မှ ပိုင်လိန်ကျီနှင့် ပိုင်ထုံးကျီတို့ ဖြစ်ကြသည်။

ဒေါင်းညီအစ်မတို့နှင့်အတူ မိန်းမဖော် ၄ ဦး ပါလာသည်။ ပိုင်လိန်ကျီနှင့် ပိုင်ထုံးကျီတို့၌ တပည့် ၂ ယောက်ပါလာသည်။

* * *

၃-လ ၂ ရက်။

နေ့ခင်းပိုင်းဖြစ်သည်။

သို့သော်၊ မွန်းလွဲချိန်မဟုတ်သေးပါ။

ထိုအချိန်၌ ထိုက်စူထိုက်ကျိအဖွဲ့မှ ဖန်စိုဝင်းနှင့် ဖန်စိုရိတို့ ရောက်လာကြလေသည်။

*　　*　　*

၃-လ ၂ ရက်။

ညနေပိုင်း နေမဝင်မီ ကျန်မင်ရှောင်ယောင်တောင်ကြားသို့ ညှော့သည်နှစ်ဦး ထပ်မံရောက်ရှိလာလေသည်။

ထိုနှစ်ယောက်မှာ ကျွင်းဆန်းမှ လေလိုက်ညှော့သည် စိုးအောင်နှင့်တောင်ရွှေ့ညှော့သည် ချိုက်ဝေးတို့ဖြစ်ကြလေသည်။

*　　*　　*

စင်းမမ စိတ်လှုပ်ရှားနေသည်။

သူမသည် အခန်းထဲ၌ ခေါက်တုံ့ခေါက်ပြန်လျှောက်ယင်း စဉ်းစားနေလေသည်။ လူတိုင်းလည်း သူမကဲ့သို့ စဉ်းစားနေမည်ဟု သူမယုံကြည်သည်။





အကြောင်းမှာ ဖိတ်ကြားထားသောညှော့သည် ၁၂ ဦးအနက် ၁၀ ဦး ရောက်ရှိနေသော်လည်း အဓိကကျသောပုဂ္ဂိုလ်နှစ်ဦး မရောက်ရှိသေးခြင်းကြောင့်ပင် ဖြစ်ပါသည်။

ထိုပုဂ္ဂိုလ်နှစ်ဦးမှာ ရှောင်လင်မှလျှောင်အင်းနှင့် ဝူးတန်မှဝူစွမ်းတို့ပင် ဖြစ်ပါသည်။

မနက်ဖြန်၌ မင်္ဂလာပွဲ ကျင်းပတော့မည်ဖြစ်သည်။

သို့သော် ညစာစားပြီးချိန်အထိ ရှောင်လင်မှလျှောင်အင်းနှင့် ဝူးတန်မှဝူစွမ်းတို့ ရောက်ရှိခြင်း မရှိသေးချေ။

တဖြည်းဖြည်း ညဉ့်နက်လာပြီဖြစ်သည်။

ညဉ့်နက်လာသည်နှင့်အမျှ စင်းမမ၏စိတ်ထဲ၌ စိုးရိမ်ပူပန်မှုများ ဖြစ်ပေါ်လာလေသည်။

လျှောင်အင်းနှင့် ဝူစွမ်းတို့သည် အဖွဲ့ ၈ ဖွဲ့အပေါ်၌ ဩဇာသက်ရောက်သူများ ဖြစ်သည်။

ထို့ပြင် သတို့သားနှင့် သတို့သမီးကို လက်ထပ်ပေးမည့်ပုဂ္ဂိုလ်မှာလည်း ထိုပုဂ္ဂိုလ်နှစ်ဦးပင် ဖြစ်သည်။

အကယ်၍ လျှောင်အင်းနှင့်ဝူစွမ်း မလာပါက စင်းမမ ဆက်မတွေးတော့ပါ။

သူမသည် မိမိ၏စာကြည့်စားပွဲပေါ်မှ ငွေမောင်းကလေးကို တချက်ထုလိုက်လေသည်။

'ဒူ...'

ဟူသော အသံဆုံးသည်နှင့် အခန်းထဲသို့ ရှောင်ပင်း ဝင်ရောက်လာလေသည်။

စင်းမမသည် ရှောင်ပင်းအား ကြီးကြပ်ရေးမှူးဝူချီအန်းကို ခေါ်ခိုင်းလိုက်လေတော့သည်။

* * *

ကြီးကြပ်ရေးမှူးဝူချီအန်းသည် စင်းမမပြောစကားများကို ဦးခေါင်းတညိတ်ညိတ်ဖြင့် နားထောင်နေသည်။

ပြီးမှ သူသည် စင်းမမအား ဦးညွှတ်ကာ အခန်းထဲမှထွက်ခွာသွားလေတော့သည်။

ထို့နောက် မကြာမီအချိန်အတွင်း ကျန်မင်းရှောင်ယောင်တောင်ကြားမှ မြင်းစီးကျွမ်းကျင်သော ရွှေနဂါးသိုင်းသမား ၂၀ တို့သည်အရပ်ရှစ်မျက်နှာသို့ လူစုခွဲကာ ထွက်သွားကြလေတော့သည်။

သူတို့သည် လျှောင်အင်းနှင့်ဝူစွမ်းတို့ကို လှမ်းခုလတ်မှကြိုဆိုရန် ထွက်ခွာသွားကြခြင်းပင် ဖြစ်ပါတော့သည်။

* * *





၃-လ ၂ ရက်။

ညသန်းခေါင်အချိန်ဖြစ်သည်။

အခုအချိန်အထိ စင်းမမ အိပ်၍မရသေးချေ။

သူမသည် အခန်းထဲ၌ ခေါက်တုံ့ခေါက်ပြန်လျှောက်ယင်း လက်ထဲမှစာရွက်ကို တခေါက်ပြန်၍ ဖတ်ကြည့်လိုက်သည်။

စာက တိုတို့နှင့်ရှင်းရှင်း ရေးထားသည်။

'လက်ထပ်ပွဲကို ရက်ရွှေ့ဆိုင်းလိုက်သည်။

စာကဤမျှသာ ရေးထားသည်။

သို့သော်၊ ထိုစာကိုဖတ်ပြီးသောအခါ စင်းမမ၏စိတ်ထဲ၌ မတွေးတတ်အောင်ပင် ဖြစ်နေလေတော့သည်။

ထိုစာသည် လွန်ခဲ့သော တနာရီခန့် ကတည်းက ရွှေနဂါးဌာနချုပ်မှ ပေးပို့ခဲ့သောအမိန့်ပင် ဖြစ်သည်။

သို့သော် ယခုအချိန်အထိ သူမသည် ထိုစာနှင့် ပတ်သက်၍ မည်သို့မျှ မဆောင်ရွက်ရသေးချေ။

သူမ၏စိတ်ထဲ၌ ရွှေနဂါးဌာနချုပ်၌ မည်သည့် ကိစ္စများ ပေါ်ပေါက်နေသနည်း။ သို့မဟုတ် ရိပိန်နတ်သမီး ဆန်ကွမ်းချုံးက ရုတ်တရက် စိတ်ပြောင်းသွားခြင်းလော၊ အကယ်၍ ရိပိန်တောင်ဘက်မှ ပြောင်းလဲမှုကြောင့် လက်ထပ်ပွဲကို ရက်ရွှေ့ဆိုင်းခြင်းဖြစ်လျှင် မိမိ၏ အခြေအနေမှာ ကောင်းနိုင်ပါဦးမည်လော.... စသည်ဖြင့် အမျှင်မပြတ် တွေး၍ နေလေသည်။

အတန်ကြာမှ သူမသည် သက်ပြင်းတချက်ကို ချလိုက်ပြီး ငွေမောင်းကို တချက် ထုကာ ရှောင်ပင်းကို ခေါ်လိုက်လေသည်။

ထို့နောက် ရှောင်ပင်းအား ကြီးကြပ်ရေးမှူး ဝံပုလွေ ဝူချီအန်းကို ခေါ်ခိုင်းလိုက်လေတော့သည်။

*　　　　*

စင်းမမသည် အခန်းထဲ၌ ခေါက်တုံ့ ခေါက်ပြန် လျှောက်ယင်း...

ကြီးကြပ်ရေးမှူး ဝံပုလွေ ဝူချီအန်းအား ရွှေနဂါးဌာနချုပ်မှ အမိန့်အကြောင်း ပြောပြလိုက်လေသည်။

ထို့နောက် တဆက်တည်း ဧည့်သည် များကို မင်္ဂလာပွဲရက်ရွှေ့ပြောင်းကြောင်း ပြောကြားစေလိုက်လေသည်။

ကြီးကြပ်ရေးမှူး ဝံပုလွေ ဝူချီအန်းက ဦးခေါင်းကိုညိတ်လိုက်ပြီး ပြန်ရန် ထိုင်ရာမှ ထလိုက်လေသည်။

ထိုစဉ်.... ရှောင်ရိသည် အခန်းထဲသို့ ဝင်ရောက်လာလေသည်။





ရှောင်ရိနှင့်အတူ ရွှေနဂါးဌာနချုပ်မှ ဒုတိယအမိန့် ပါရှိလာလေတော့သည်။

ထိုဒုတိယအမိန့်မှာ

'အဖွဲ့ (ဂ) ဖွဲ့မှ ပုဂ္ဂိုလ်များကိုဖမ်း၍ ဌာနချုပ်သို့ပို့ရန်' ဟူသော အမိန့်ပင် ဖြစ်ပါတော့သည်။

*　　　　*　　　　*

ဤအခန်းသည် ကုန်းစွန်းယန်း၏အခန်းဖြစ်သည်။

အခန်းထဲ၌ ကုန်းစွန်းယန်း၊ ကြီးကြပ်ရေးမှူးဝူချီအန်းနှင့် စင်းမမတို့ ထိုင်နေကြသည်။ ရွှေနဂါးဌာနချုပ်မှ ဒုတိယအမိန့်ကို ဖတ်ပြီးသည်နှင့် တပြိုင်တည်း စင်းမမသည် ကြီးကြပ်ရေးမှူးဝူချီအန်းကိုခေါ်၍ ကုန်းစွန်းယန်း၏အခန်းသို့ လာခဲ့ခြင်းဖြစ်ပါသည်။ ကုန်းစွန်းယန်း၏ အခန်းသို့ ရောက်ရှိပြီး အတန်ကြာသည့်တိုင်အောင် စင်းမမက ဘာမျှ စကားမစသေးချေ။

အတန်ကြာမှ...သူမသည်သက်ပြင်းတချက်ချလိုက်ပြီး....

'ဒီည... ဌာနချုပ်ကအမိန့် နှစ်ခု ရခဲ့တယ်၊ တခုကတော့ ကြီးကြပ်ရေးမှူး သိပြီးသားပဲ၊ ဒါပေမယ့်....ဆရာချီ လည်းသိရအောင် ထပ်ပြောပါ့မယ်'

ဟုပြောလိုက်လေသည်။

ကုန်းစွန်းယန်းကပြုံးယင်း...

'ဘာသတင်းများလဲ.... မနက်ဖြန် မင်းသားလာမယ်ဆိုတဲ့သတင်းတော့ မဟုတ်ဘူးထင်တယ်'

ဟုပြောလိုက်လေသည်။

စင်းမမက ဦးခေါင်းကိုညိတ်ယင်း....

'မင်းသားလာမယ်ဆိုတဲ့ သတင်းသာဆိုယင် ဆရာ ချီ ကို ကျွန်မကဘာလုပ် ဒုက္ခပေးတော့မှာလဲ'

ကုန်းစွန်းယန်းကပြုံးလျက်....

'ဒါကြောင့်ပြောတာပေါ့.... မင်းသား လာမယ် သတင်း မဟုတ်နိုင်ဘူးလို့'

စင်းမမက လေးလေးနက်နက် စဉ်းစားလိုက်ပြီးမှ....

'ပထမအမိန့်ကလတ်ထပ်ပွဲကို ရက်ရွှေ့တဲ့ အမိန့်ပဲ၊ နောက်အမိန့်တခုက...'

'သူမသည်စကားကို ဆုံးအောင်မပြောပဲ ရပ်တန့်လိုက်ပြီး ကုန်းစွန်းယန်းနှင့် ကြီးကြပ်ရေးမှူး ဝူချီအန်းက တချက်ကြည့်လိုက်လေသည်။





ပြီးမှ....သူမ၏စကားကိုဆက်၍....

'နောက် အမိန့်တခုကတော့ အဖွဲ့ (ဂ)ဖွဲ့က ပုဂ္ဂိုလ်တွေကို ဖမ်းပြီး ဌာနချုပ်ကိုပို့ဖို့ပဲ'

ဟုပြောလိုက်လေသည်။

သူမ၏စကားဆုံးသောအခါ ကုန်းစွန်းယန်းက သတ်ပြင်းတချက် ဖြည်းညင်းစွာချလိုက်ပြီး....

ဌာနချုပ်ရဲ့အမိန့်မှာ....မင်းသားလာဖို့ မပါပဲ၊ အဖွဲ့(ဂ)ဖွဲ့က ပုဂ္ဂိုလ်တွေကိုဖမ်းပြီး ဌာနချုပ် ပို့ဖို့ပဲဆိုတော့ ဒီမှာပြဿနာ ဖြစ်လာနိုင်တယ်'

စင်းမမက ဦးခေါင်းကိုညိတ်လိုက်ပြီး....

'ဟုတ်တယ်၊ အဖွဲ့ (ဂ) ဖွဲ့က ပုဂ္ဂိုလ်တွေက အဖမ်းခံပါ့မလား'

ကုန်းစွန်းယန်းက တချက်စဉ်းစားယင်း....

'တစုတည်းကိုတခါတည်းဖမ်းဖို့ကတော့လွယ်မှာမဟုတ်ဘူး၊ အဖွဲ့ (ဂ) ဖွဲ့က ပုဂ္ဂိုလ်တွေကို လူစုခွဲပြီး ထောင်ချောက်ဆင် ဖမ်းမှ ရလိမ့်မယ်'

ကြီးကြပ်ရေးမှူး ဝူချီအန်းက နှုတ်ခမ်းတချက်ကို ကိုက်၍ စဉ်းစားလိုက်ပြီး

'မလွယ်ဘူးထင်တယ်၊ သူတို့ကြည့်ရတာ တိုက်ပွဲ တပွဲတော့ အနည်းဆုံး တိုက်ခိုက်ပြီးမှ ဖမ်းဆီးလို့ရနိုင်မယ်'

စင်းမမက

'ဒါဖြင့် ကြီးကြပ်ရေးမှူးသဘောက ဘယ်လိုရှိသလဲ'

ကြီးကြပ်ရေးမှူး ဝူချီအန်းက တချက်စဉ်းစားယင်း

'အခု ကျွန်တော်တို့မှာ အဆင့်မြင့် သိုင်းသမား (၂၀) နဲ့ သာမန်အဆင့်သိုင်းသမား (၄၀) ခန့်ရှိတယ်၊ လက်ဖွဲ့ ပစ္စည်း စာရင်းမှတ်တမ်းအရ အဖွဲ့(၇)ဖွဲ့က လာတဲ့ လူတွေဟာ (၁၀) ယောက်နဲ့ တပည့် (၆) ယောက် စုစုပေါင်း (၁၆) ယောက် ပဲ ရှိတယ်'

စင်းမမက

'အကယ်၍ မနက်ဖြန်မနက်မှာ လျှောင်အင်းနဲ့ဝူစွမ်းရောက် လာယင် ထိပ်တန်းသိုင်းသမား (၁၂) ယောက်ရှိမယ်။ အဲဒီ (၁၇) ယောက်ကို ဒီမှာရှိတဲ့လူပေါင်း (၆၀) က ယှဉ်နိုင်ပါ့ မလား'

ကြီးကြပ်ရေးမှူးဝူချီအန်းက

'အကယ်၍ မနက်ဖြန်မနက်မှာ လျှောင်အင်းနဲ့ဝူစွမ်း ရောက် လာမယ်ဆိုယင် ဌာနချုပ်ကအဆင့်မြင့်သိုင်းသမား ၂၀ယောက် ထပ်ပြီး ခေါ်ရလိမ့်မယ်'

စင်းမမက သက်ပြင်းတချက်ချယင်း

'အခုအချိန်အထိ ရောက်မလာပုံထောက်တော့ လျှောင်အင်း နဲ့ဝူစွမ်းတို့ဟာ ဒီကိုလာမယ့်ပုံ မပေါ်တော့ဘူး'

ကြီးကြပ်ရေးမှူးဝူချီအန်းက ပြုံးလိုက်ပြီး

လျှောင်အင်းနဲ့ ဝူစွမ်းသာရောက်မလာယင် ကျွန်တော်တို့ ပူ စရာ မရှိပါဘူး'





ဟု ပြောလိုက်လေသည်။

ထိုစဉ် ကုန်းစွန်းယန်းက ချောင်းတချက်ဆိုးလိုက်ပြီး၊ မပြုံး ချင်ပြုံးချင် ပြုံးလိုက်ယင်း

'ကြီးကြပ်ရေးမှူးက ဒီနေရာမှာမြှုပ်နေတဲ့ အင်အားတခုကို သတိမထားမိဘူးနဲ့တူတယ်'

ဟု ပြောလိုက်လေသည်။

ကြီးကြပ်ရေးမှူး ဝူချီအန်းက မျက်မှောင်တချက် ကြုတ် လိုက်ပြီး

'ဘာ....အင်အားမြှုပ်နေလို့လဲ'

ကုန်းစွန်းယန်းကပြုံးလျက်

'ချီချွဲအဖွဲ့'

ဟု ပြောလိုက်လေသည်။

ကုန်းစွန်းယန်း၏စကားကြောင့် ကြီးကြပ်ရေးမှူးဝူချီအန်း သည် ဘာမှမပြောနိုင်အောင် ကြက်သေသေသွားလေတော့ သည်။

စင်းမမက သက်ပြင်းတချက်နှင့်အတူ

'ဆရာချီးပြောတာ မှန်ပါတယ်၊ ဒါပေမယ့် ချီချွဲအဖွဲ့က ကျွန်မတို့ကို ဒုက္ခပေးနိုင်ပါ့မလား'

ကြီးကြပ်ရေးမှူးဝူချီအန်းက တချက်ပြုံးလိုက်ပြီး

'ချီချွဲအဖွဲ့က ဒုက္ခပေးလဲ ဂရုစိုက်စရာမလိုပါဘူး။ အခု ကျွန်တော်တို့က အဖွဲ့ ၇ ဖွဲ့ကလူတွေကိုပဲ တိုက်ခိုက်မှာ၊ ချီချွဲအဖွဲ့ က သူတို့နဲ့မဆိုင်ယင် ဝင်ရှုပ်လေ့မရှိဘူး'

စင်းမမက အတန်ကြာအောင် စဉ်းစားပြီးမှ သက်ပြင်းတချက်မှုတ်ထုတ်လိုက်ယင်း

'ကဲ၊ ဘာပဲဖြစ်ဖြစ် ကျွန်မတို့ဌာနချုပ်က အမိန့်အတိုင်းဆောင်ရွက်ကြမယ်၊ ကြီးကြပ်ရေးမှူးက အသင့် ပြင်ဆင်ထားပါ'

ဟု ပြောလိုက်လေသည်။

ကြီးကြပ်ရေးမှူးဝူချီအန်းက

'ဟုတ်ကဲ့'

ဟု ပြောလိုက်ပြီး ထိုင်ရာမှထကာ အခန်းထဲမှထွက်သွားလေတော့သည်။

* * *

အခန်းထဲ၌ တိတ်ဆိတ်နေသည်။

အတန်ကြာမှ စင်းမမကတချက်ပြုံးလိုက်ပြီး ကုန်းစွန်းယန်းအား၊

'ဆရာချီစီဖု'

ဟု ခေါ်လိုက်လေသည်။





ကုန်းစွန်းယန်းကဦးခေါင်းကိုညိတ်ကာ

'ဟုတ်ကဲ့၊ ပြောပါ'

ဟု ပြောလိုက်လေသည်။

စင်းမမက တချက်ပြုံးလိုက်ပြီး

'ဆရာချီက တိုက်ပွဲဖြစ်မှာကို စိုးရိမ်နေသလား'

ဟု မေးလိုက်လေသည်။

ကုန်းစွန်းယန်းကပြုံး၍ ဦးခေါင်းကိုညိတ်လိုက်ပြီး

'ခါးမှာမျက်စိမပါဘူး။ မတော်တဆ'

သူသည် စကားကိုဆုံးအောင်မပြောပဲ၊ ရပ်တန့်လိုက်ပြီး သူ၏လက်ဖြင့် သူ၏လည်ပင်းကို လှီးဖြတ်ဟန် ပြလိုက်လေသည်။

စင်းမမကပြုံး၍

'စိတ်ချပါ၊ ဆရာချီအခန်းနဲ့ လက်ငါးချောင်းသမားတော်ရဲ့အခန်းကို ကျွန်မသိုင်းဆရာတွေ့လွှတ်ပြီး ကာကွယ်ပေးထားပါ့မယ်'

ဟု ပြောလိုက်လေသည်။

ပြီးမှသူမသည် ရုတ်တရက် တစုံတရာအား သတိရဟန်ဖြင့် မျက်မှောင်တချက်ကြုတ်လိုက်ပြီး

'တကယ်လို့ ဒီမှာတစုံတခုဖြစ်ပြီဆိုယင် အမည်မဲ့ခြံပိုင်ရှင်ဝင်လာမှာပဲ'

ကုန်းစွန်းယန်းကပြုံးယင်း

'ဒါ့ပမယ့် သူက၊ သူဟာ အမည်မဲ့ခြံပိုင်ရှင်ပါဆိုပြီး မျက်နှာပြမှာမဟုတ်ဘူး။ ပြီးတော့ ဒီကိစ္စကို ဝင်ရှုပ်မှာမဟုတ်ဘူး'

စင်းမမကမျက်မှောင်ကြုတ်ယင်း

'ဘာဖြစ်လို့ ဆရာချီက ပြောနိုင်ရတာလဲ'

ကုန်းစွန်းယန်းကပြုံးလိုက်ပြီး

'ဘာဖြစ်လို့လဲဆိုတော့ ဒီမှာ ကျုပ်တို့ရဲ့မင်းသားမှမရှိပဲ'

စင်းမမက ဦးခေါင်းကိုတချက်ညိတ်လိုက်ပြီး

'အင်း၊ ဆရာချီပြောတာမှန်တယ်၊ မင်းသားမရှိတဲ့နောက် အမည်မဲ့ခြံပိုင်ရှင်က ဘယ်မှာ မျက်နှာပြပါ့မလဲ'

ကုန်းစွန်းယန်းက ဦးခေါင်းကိုညိတ်လိုက်ပြီး

'ဒါပေါ့၊ ဒါနဲ့ ကျွန်တော်တခုမေးပါရစေ'

စင်းမမကပြုံးကာ

'မေးပါ'

ကုန်းစွန်းယန်းက ပြောသင့်မပြောသင့် စဉ်းစားနေပြီးမှ

'လက်ထပ်ပွဲကို ဘာဖြစ်လို့ ရက်ရွှေ့ရတာလဲ'

ဟု မေးလိုက်လေသည်။

စင်းမမက နှုတ်ခမ်းတချက်ကိုက်လိုက်ပြီး

'ဒါကို ကျွန်မလဲသိချင်နေတယ်'

ကုန်းစွန်းယန်းက တချက်စဉ်းစားယင်း





'ကျွန်တော် ခန့်မှန်းလို့ရတာကတော့ လက်ထပ်ပွဲရွှေ့တာ သတို့သမီးဘက်က တစုံတခုများ'

ကုန်းစွန်းယန်းက စကားကိုဆက်မပြောပဲ ရပ်တန့်ထားလိုက်လေသည်။

စင်းမမက ဘာမှပြန်မပြောချေ။

သူမသည် အခန်းထဲမှမီးအိမ်ကိုသာ စူးစိုက်ကြည့်နေလေသည်။

အတန်ကြာမှ ကုန်းစွန်းယန်းက ချောင်းတချက်ဟန့်လိုက်ပြီး

'စင်းမမ'

ဟု ခေါ်လိုက်လေသည်။

စင်းမမက ရုတ်တရက် သတိရလာဟန်ဖြင့် မျက်တောင်တချက်ခတ်လိုက်ပြီး

'ပြောပါ'

ကုန်းစွန်းယန်းက

'တကယ်လို့ လျှောင်အင်းနဲ့ဝူစွမ်းရောက်လာယင်ဘယ်လိုလုပ်မယ်လို့ စိတ်ကူးထားသလဲ'

စင်းမမက တချက်စဉ်းစားလိုက်ပြီး

'ဒီမှာရှိတဲ့လူတွေကို အယင်ဖမ်းရမှာပေါ့'

ကုန်းစွန်းယန်းကပြုံးယင်း

F.19

'တကယ်လို့များဒီသတင်းကို တယောက်ယောက်က လျှောင်အင်းနဲ့ဝူစွမ်းတို့ကို အကြောင်းကြားလိုက်မယ်ဆိုယင်'

စင်းမမက ဦးခေါင်းကိုခါယမ်းလိုက်ပြီး

'အဲဒီလူကို ထားရမှာပဲ၊ ပြီးတော့ အခုလျှောင်အင်းနဲ့ဝူစွမ်းတို့ကို ကြိုဖို့လွှတ်ထားတဲ့ သိုင်းဆရာတွေရှိသေးတယ်၊ ထားပါတော့ အခြေအနေအရ ဆက်ပြီးလုပ်ရမှာပဲ'

ဟု ပြောလိုက်လေသည်။

ပြီးမှ… သူမသည် ကုန်းစွန်းယန်းအား တချက်ပြုံးကြည့်လိုက်ပြီး

'ဒီက….ကိစ္စတွေပြီးတာနဲ့ ဆရာတို့ကိုဌာနချုပ်ပို့လိုက်မယ်'

ဟု ပြောလိုက်လေသည်။

ကုန်းစွန်းယန်းက ပြုံးလိုက်ပြီး

'စားစရာနဲ့ နေစရာရမယ်ဆိုယင် ကျွန်တော်က စင်းမမစီစဉ်တဲ့အတိုင်း နေမှာပေါ့'

ဟု ပြောလိုက်လေသည်။

ပြီးမှ တစုံတခုအား စဉ်းစားမိဟန်ဖြင့်

'လက်ငါးချောင်းသမားတော်ကိုပါ ပို့မှာလား'

ဟု မေးလိုက်လေသည်။

စင်းမမက တချက်ရယ်မောလိုက်ပြီး

'ဆရာချီရှဲ့သဘောကကော'





ဟု မေးလိုက်လေသည်။

ကုန်းစွန်းယန်းက

'အင်း….ပို့လို့လဲမဖြစ်ဘူး….ဒီမှာထားလို့လဲမဖြစ်ဘူး'

ဟု ပြောလိုက်လေသည်။

စင်းမမကပြုံးလိုက်ပြီး

'ဒါဆို….သူ့ကိုသတ်ပစ်လိုက်ယင် ဘယ့်နှယ်လဲ'

ဟု မေးလိုက်လေသည်။

ယင်းစကားကြောင့် ကုန်းစွန်းယန်း အနည်းငယ် အဖြေကျပ်သွားလေသည်။

အမှန်မှာ….ကုန်းစွန်းယန်းသည် မိမိ ရွှေနဂါးဌာနချုပ်ထဲသို့ရောက်သည်နှင့် လက်ငါးချောင်းသမားတော်အား ထွက်ခွာသွားနိုင်ရန် ဆောင်ရွက်ပေးမည်ဟု ပြောခဲ့သည်မဟုတ်ပါလော၊

ထို့ကြောင့် လက်ငါးချောင်းသမားတော်အတွက် တစုံတခု ပြုလုပ်စေရန် စင်းမမအား စကားစတင်လိုက်ခြင်း ဖြစ်ပါသည်။

သို့သော်၊ ယခု စင်းမမ၏စကားကြောင့် သူသည် အနည်းငယ် တုံ့ဆိုင်းသွားရလေတော့သည်။

အတန်ကြာမှ ကုန်းစွန်းယန်းသည် သက်ပြင်းတချက်မှုတ်ထုတ်လိုက်ပြီး

'လက်ငါးချောင်းသမားတော်ရဲ့ ဆေးပညာဟာ ပြောင်မြောက်တယ်၊ သတ်ပစ်ယင်နှမြောစရာပဲ၊ အဲ ခေါ်သွားယင်

လဲ မဖြစ်ဘူး၊ ထားခဲ့ယင်လဲ မင်းသားအတွက် အန္တရာယ်ဖြစ်နိုင်တယ်'

ဟု ပြောလိုက်လေသည်။

စင်းမမကပြုံးလျက်၊

'ဆရာချီရဲ့ ရောဂါက (၆) လကြာမှ ပျောက်မယ်လို့ လက်ငါးချောင်း သမားတော်က ပြောထားတယ် မဟုတ်လား'

ကုန်းစွန်းယန်းက ပြုံး၍ ဦးခေါင်းကို ညိတ်ကာ-

'ဟုတ်ပါတယ်'

စင်းမမက ပြုံးယင်း-

'ကျွန်မက သူ့ကို သတ်လို့ ဖြစ်ပါ့မလား'

ဟု ပြောလိုက်လေသည်။

ကုန်းစွန်းယန်းက ပြုံးလိုက်ပြီး-

'စင်းမမက ဘာလုပ်မယ် စိတ်ကူးထားသလဲ'

ဟု မေးလိုက်လေသည်။

စင်းမမက ပြုံးယင်း-

'သူ့ကို ကျီပေါင်ဖုန်းကို ပို့မယ်၊ ပြီးတော့ ဝန်ခံကတိနဲ့ နေခိုင်းမယ်၊ ဒါမှ ဆရာချီ တခုခုဖြစ်ယင် အချိန်မရွေး ခေါ်နိုင်မှာပေါ့'

ကုန်းစွန်းယန်းက မသိမသာ သက်ပြင်းချလိုက်ပြီး-





'ကောင်းပါတယ်'

ဟု ပြောလိုက်လေတော့သည်။

ဝန်ခံ ကတိနှင့် နေရခြင်းသည် လက်ငါးချောင်း သမားတော်အတွက် အချုပ်ခန်း၌ နေရခြင်းထက် စိတ်ပျော်ရွှင်မှု ရှိလိမ့်မည်ဟု ကုန်းစွန်းယန်း တွေးလိုက်မိသည် မဟုတ်ပါလော။

ထို့ပြင် ရွှေနဂါး ဌာနချုပ်သို့ မိမိ ဝင်ရောက်သည့် အခါ၌လည်း လက်ငါးချောင်းသမားတော်၏ စကား အမှားအယွင်းမှ ရှောင်ရှားနိုင်မည်ဟု စဉ်းစားမိသည် မဟုတ်ပါလော။

* * *

(၃) ရက်၊ (၃)လ။

ယနေ့သည် မင်္ဂလာအခမ်းအနား ကျင်းပမည့်နေ့ ဖြစ်သည်။

သို့သော် မင်္ဂလာအခမ်းအနားကို ရက်ရွှေ့ဆိုင်းလိုက်သည်ဟူသော သတင်းကြောင့် ကျန်မင်ရှောင်ယောင် တောင်ကြား၌ ရောက်ရှိနေသော အာမခံဌာနနှင့်အချို့ သိုင်းသမားများသည် လှုပ်လှုပ်ရှားရှား ဖြစ်သွားကြလေတော့သည်။

သို့သော် ဘာကြောင့် ရက်ရွှေ့ရသနည်းဟူသော အမေးကို တစုံတယောက်မျှ မမေးကြချေ။

မည်သူကမျှလည်း ဝေဖန်ပြောဆိုမှု မပြုကြချေ။

ထို့နောက် မွန်းတည့်ချိန် မတိုင်မီပင် အားလုံးလိုလို ရွှေဆင့်နောက်ဆင့် ပြန်သွားကြလေတော့သည်။

သို့သော် ညှော်ဆောင်မှ ပုဂ္ဂိုလ် (၁၀)ဦးသည် ထိုနေရာမှ တဖဝါးမျှ မခွာကြသေးချေ။

* * *

မင်္ဂလာခန်းမ၌ စားပွဲ (၁၀) လုံး စီ၍ ထားသည်။

စားပွဲနှစ်လုံး၌ အဖွဲ့ (၈) ဖွဲ့မှ လူများ ထိုင်နေကြသည်။

ကျန်သော စားပွဲ (၈)လုံး၌ ရွှေဒင်္ဂါးဌာနချုပ်မှ သိုင်းဆရာများ ထိုင်နေကြသည်။

စင်းမမသည် မင်္ဂလာခန်းမထဲသို့ တချက် ဝေ့ကြည့်လိုက်ပြီး လက် ခုပ် နှစ်ချက် တီးကာ တိတ်ဆိတ်ရန် အချက်ပြလိုက်လေသည်။





ပြီးမှ....သူမသည် ကြည်လင်သော အသံဖြင့်....

'မင်းသားက လူကြီးမင်းတို့ စားသောက်ပြီးယင် ရွှေနဂါးဌာနချုပ်ကို လာခဲ့ဖို့ ဖိတ်ခေါ်လိုက်ပါတယ်၊ ဒါကြောင့် လူကြီးမင်းတို့ စား သောက် ပြီးယင် ကျွန်မတို့ ခရီး စ,ရအောင်ဖြစ်ပါတယ်'

မေတ္တာမဲ့ဓား ကျွမ်းယုံက တချက်ရယ်မောလိုက်ပြီး–

'ဘာသဘောနဲ့ ဒီလိုဖိတ်တယ်ဆိုတာ ရှင်းရှင်း ပြောပါ'

ဟု ပြောလိုက်လေသည်။

ကြီးကြပ်ရေးမှူး ဝူချီအန်းက–

'ကျွန်တော်တို့ဟာ မင်းသားရဲ့ အမိန့်အတိုင်းသာ ဆောင်ရွက်ရတာ ဖြစ်ပါတယ်'

အပြာရောင်ဝတ် သိုင်းသမား ဖုံးမီဝူက တချက်ပြုံးယင်း–

'အင်း....မင်းတို့ ဖိတ်တာက ကျားဂူထဲကို ဝင် ခိုင်း သလိုများ ဖြစ်နေမလား'

ဟု မေးလိုက်လေသည်။

ကြီးကြပ်ရေးမှူး ဝူချီအန်းက–

'ကျွန်တော်တို့ တာဝန်ကို ကျေပွန် စွာ ထမ်း ဆောင် နိုင်အောင်အတွက် လူကြီးမင်းတို့က မင်းသားရဲ့ ဖိတ်ခေါ်မှုကို လက်ခံစေချင်ပါတယ်'

ဟု ပြောလိုက်လေသည်။

မေတ္တာမဲ့ခား ကျွမ်းယုံက ကျယ်လောင်စွာ တချက် ရယ်မောလိုက်ပြီး အပြာရောင်ဝတ် သိုင်းသား ဖုံးမီဝူအား—

'အစ်ကိုဖုံး....ကျုပ်တို့ကို ယဉ်ယဉ်ကျေးကျေး အမိန့်ပေးနေဒါ ပထမဆုံး ကြုံတွေ့ဖူးတာပဲ'

ဟု ပြောလိုက်လေသည်။ ပြီးမှ....

'တကယ်လို့ ကျုပ်ကမသွားဘူးဆိုပါတော့'

ကြီးကြပ်ရေးမှူး ဝံပုလွေဝူချီအန်းက ဝံပုလွေပြုံးပြုံးယင်း

'ဆရာကြီးကျွမ်းကို အပြစ်ပေးရပါလိမ့်မယ်'

ဟု ပြောလိုက်လေသည်။ ဝူချီအန်း၏စကားသံဆုံးသည်နှင့် ရွှေနဂါးသိုင်းသမားများထံမှ....

'ချွင့်....'ဟူသောအသံများနှင့်အတူ ဓားကိုယ်စီ ထုတ်ယူလိုက်လေသည်။

အပြာရောင်ဝတ်သိုင်းသမား ဖုံးမီဝူက လက်ထဲမှ အရက်ခွက်ကို မြှောက်ပြယင်း ဝူချီအန်းအား....

'ကျုပ်တော့ မင်္ဂလာအရက်ကို ဟောဒီ ကျန်မင်ရှောင်ယောင် တောင်ကြားမှာပဲသောက်မယ်'

ဟု ပြောလိုက်လေတော့သည်။

ဖုံးမီဝူ၏စကားဆုံးသည်နှင့် ကျန်အဖွဲ့(ဂ)အဖွဲ့မှလူ(၉)ဦးက အရက်ခွက်ကိုမြှောက်ကာ တညီတညွတ်တည်း





'မင်္ဂလာအရက်ဖြစ်ပါစေ'

ဟု ဆုတောင်းကာသောက်လိုက်ကြလေတော့သည်။

ကြီးကြပ်ရေးမှူးဝူချီအန်း၏ မျက်နှာသည် တချက်မည်း၍သွားပြီး

ဒါဆိုယင်တော့ ကျွန်တော်တို့က အတင်းအဓမ္မ ဖိတ်ခေါ်ရတော့မှာပဲ'

ဟု ပြောကာ ရွှေနဂါးသိုင်းသမားများကို အချက်ပြလိုက်လေတော့သည်။ ကြီးကြပ်ရေးမှူး ဝူချီအန်းကအချက်ပြလိုက်သည်နှင့်တပြိုင်တည်း ရွှေနဂါးသိုင်းသမားများက မေတ္တာမဲ့ဓားကျွမ်းယုံတို့လူစုကို စတင်တိုက်ခိုက်လေတော့သည်။

တခဏအတွင်း၌ပင် မင်္ဂလာ အခမ်းအနား ကျင်းပရာအဆောင်၌ ဓားသံများ အော်ဟစ်သံများ လဲပြိုသံများဖြင့် ဆူညံသွားလေတော့သည်။

* * *

ဒေါင်းမည်းအိုက်စူကျင့်က စင်းမမကိုဝင်ရောက် ဖမ်းချုပ်လိုက်သည်။

သို့သော် စင်းမမက ရိပိန်တောင် အရိပ်မဲ့ရွှေ့လျားသိုင်းကွက်ဖြင့် လျှပ်တပြက်နေရာရွှေ့လိုက်သည်။

ဒေါင်းမည်းအိုက်စူကျင့်က စင်းမမသည် သိုင်းပညာတတ်လိမ့်မည်ဟု ယူဆမထားသဖြင့် ယခုကဲ့သို့ စင်းမမကလှုပ်ရှားလိုက်သောအခါ အိုက်စူကျင့်သည် ထိတ်လန့်သွားပြီးနောက်သို့ ဆုတ်လိုက်လေသည်။

ရွှေနဂါးသိုင်းဆရာတယောက်က ရုတ်တရက် အိုက်စူကျင့်အား နောက်မှဝင်ရောက်၍ ဓားဖြင့် ခုတ်ပိုင်းလိုက်လေသည်။

သို့သော် အိုက်စူကျင့်က လျင်မြန်စွာ ဒေါင်းတောင်ပံဖြန့်သိုင်းကွက်ဖြင့် လက်ပြန်ရိုက်လိုက်လေတော့သည်။

'ဝုန်း'

ဟူသော အသံနှင့်အတူ ရွှေနဂါးသိုင်းဆရာသည် နောက်သို့ လွင့်စဉ်လဲကျသွားလေတော့သည်။

* * *

ဓားအမာရွတ်ရှောင်ရိက လက်တချက်လှုပ်ရှားလိုက်သည်။ ယင်းသို့ လှုပ်ရှားလိုက်သည်နှင့်တပြိုင်တည်းသံမဏိသစ်တောက်ငှက် ၃ကောင်က အပြာဝတ်သိုင်းသမားဖုံးမီဝူထံလွင့်စဉ်သွားလေသည်။





သို့သော် အပြာဝတ်သိုင်းသမား ဖုံးမီဝူက ရွှေနဂါးသိုင်းဆရာ ၃ဦးနှင့်တိုက်ခိုက်နေရာမှ ရုတ်တရက် ရှောင်တိမ်းလိုက်သဖြင့် ဓားအမာရွတ်ရှောင်ရိ၏ သံမဏိသစ်တောက်ငှက် ဓားသည် ရွှေနဂါးသိုင်းဆရာ ၃ဦးကို ထိမှန်သွားလေတော့သည်။

ထိုစဉ် ရုတ်တရက် ဓားအမာရွတ် ရှောင်ရိသည် မိမိရှေ့၌ အပြာရောင် အရိပ်တရိပ် ကျရောက်လာသည်ကိုမြင်တွေ့လိုက်ရပြီး တဆက်တည်း မိမိ၏ ရင်ဝ၌နာကျင်သော ဝေဒနာကို ခံစားလိုက်ရပြီးနောက်သို့ လွင့်စဉ်သွားလေတော့သည်။

* * *

ဝူချီအန်း၏ခန္ဓာကိုယ်သည် လေထဲ၌ မြောက်နေသည်။

ထို့နောက် စားပွဲပေါ်သို့ကျလာသည်။

ထို့နောက် ဝုန်းဟူသောအသံနှင့်အတူ စားပွဲသည်ကျိုးပဲ့သွားပြီး ဝူချီအန်း၏ ခန္ဓာကိုယ်လည်း ကြမ်းပေါ်သို့ကျရောက်သွားလေတော့သည်။

သို့သော် လက်ထဲမှဓားကိုမူ ဝူချီအန်း ဆုပ်ကိုင်ထားမြဲဖြစ်ပါသည်။

သူသည် မိမိအားတိုက်ခိုက်လိုက်သော မေတ္တာမဲ့ဓားကျွမ်းယုံကို အံ့သြစွာငေးကြည့်နေမိသည်။

ပြီးမှ လဲကျနေရာမှ လျင်မြန်စွာထကာ မေတ္တာမဲ့ ဓားကျွမ်းယုံကို သိုင်းကွက်(၇)ကွက်မျှ တရကြမ်း တိုက်ခိုက်လိုက်လေသည်။

သူ၏သိုင်းကွက်သည် တိကျသည်၊ လျင်မြန်သည်။

ထို့ကြောင့် သတ္တမမြောက်ဓားချက်သည် သူ၏ပစ်မှတ်ကို တိကျစွာပင် ခုတ်ပိုင်းမိလေတော့သည်။

သို့သော် မေတ္တာမဲ့ဓားကျွမ်းယုံက ဝူချီအန်းထက် လျင်မြန်ပေသည်။

ထို့ကြောင့် ကျွမ်းယုံသည် မိမိနောက်မှ ဝင်ရောက်တိုက်ခိုက်လာသော ရွှေဒဂါးသိုင်းဆရာတဦးကို ဝူချီအန်း၏ သတ္တမမြောက် ဓားချက်အောက်သို့ ပို့ပေးခဲ့လေသည်။

သို့ဖြစ်၍ ဝူချီအန်း၏ သတ္တမမြောက် ဓားချက်သည် ကျွမ်းယုံအစား ရွှေနဂါးသိုင်းဆရာကို ခုတ်ပိုင်းမိခြင်း ဖြစ်ပါတော့သည်။

'အား'

ဟူသော အသံနှင့်အတူ ရွှေနဂါးသိုင်းဆရာသည် ကြမ်းပေါ်သို့ လဲကျသေဆုံးသွားလေတော့သည် မဟုတ်ပါလော။

*　　*　　*





'ဝုန်း'

ဟူသောအသံနှင့်အတူ ညှော်ဆောင်၏ ပြတင်းပေါက်တံခါးသည် ကျိုးပဲ့၍သွားပြီး ရွှေနဂါးသိုင်းဆရာတဦး အပြင်ဘက်သို့ လွင့်စဉ်ကျလာလေသည်။

ထို့နောက် ကျိုးပဲ့သွားသော ပြတင်းပေါက်မှ ဖန်စို့စင်း ထွက်လာလေသည်။

ထိုစဉ် ညှော်ဆောင်၏အခြားပြတင်းပေါက်တခုသည်လည်း-

'ဝုန်း....'

ဟူသော အသံနှင့်အတူ ကျိုးပဲ့သွားပြီး ရွှေနဂါး သိုင်းဆရာနှစ်ဦး အပြင်ဘက်သို့ လွင့်စဉ်ကျလာလေသည်။

ထိုကျိုးပဲ့သွားသော ပြတင်းပေါက်မှ ဖန်စို့ရီ ထွက်လာလေသည်။

*　　*　　*

စင်းမမသည် ဒေါင်းမည်း အိုက်စူကျင့်၏ တိုက်ခိုက်မှုမှ ရှောင်လိုက်ပြီး ညှော်ဆောင်မှ ထွက်ခွာသွားလေတော့သည်။

သို့သော် ညှော်ဆောင်၏ တံခါးဝ၌ ဒေါင်းဖြူ အိုက်ရင်းဖိန့်က ဆီးကြို တိုက်ခိုက်လိုက်လေတော့သည်။

ထိုစဉ် ရုတ်တရက် ရွှေနဂါးသိုင်းဆရာ နဲ့လျှောင်ချစ်ဘ ဝင်ရောက်လာပြီး ဒေါင်းဖြူအိုက်ရင်းဖိန့်ကို တိုက်ခိုက်လိုက်လေတော့သည်။

ထိုတဒင်္ဂအချိန်အတွင်းမှာပင် စင်းမမသည် ညှော်ဆောင်မှ ပြေးထွက်သွားပြီ ဖြစ်ပါတော့သည်။

ထို့နောက် မကြာမီ စင်းမမအခန်း၏ ပြတင်းပေါက်မှ ခိုတကောင် ကောင်းကင်သို့ ပျံတက်သွားလေတော့သည်။

* * *

တိုက်ပွဲအခြေအနေသည် တင်းမာနေဆဲဖြစ်သည်။

ရွှေနဂါးသိုင်းဆရာ (၃၀)ခန့် သေဆုံးပြီး (၁၀) ဦးခန့် ဒဏ်ရာရရှိနေပြီ ဖြစ်သည်။ ဝူချီအန်း၊ ရှောင်ရီ၊ နဲ့လျှောင်ချစ်တို့ ကိုယ်တိုင်ပင် ဒဏ်ရာရရှိနေပြီ ဖြစ်သည်။ အဖွဲ့ (၇)ဖွဲ့မှ တပည့် (၆)ယောက် သေဆုံးပြီး ပိုင်လိန်ကျီနှင့် ပိုင်ထုံးကျီတို့ နှစ်ဦးသာ ဒဏ်ရာရခဲ့သည်။

ထိုအချိန်၌ ဆင်းရဲပညာရှိ ချီစီဖု အမည်ခံ အမည်မဲ့ခြံပိုင်ရှင် ကုန်းစွန်းယန်းသည် မိမိ၏အခန်းထဲ၌ ထိုင်ယင်း အဖွဲ့ (၇)ဖွဲ့မှ





လူများကို မည်သို့နည်းဖြင့် ကယ်တင်ရမည်ကို စဉ်းစားနေလေသည်။ ကုန်းစွန်းယန်းသည် စဉ်းစားလေ ခက်လေ ဖြစ်နေ၏။

အကယ်၍ သူက အဖွဲ့(၇)ဖွဲ့မှ လူများကို ကယ်တင်လိုက်လျှင် စင်းမမက သူ့အပေါ် သံသယဝင်လာမည်။

စင်းမမ၏စိတ်ထဲ၌ သံသယဝင်လာသည်နှင့် မိမိသည် ရွှေနဂါးဌာနချုပ်သို့ ရောက်တော့မည် မဟုတ်ချေ။

နောက်ဆုံး၌ ကုန်းစွန်းယန်းသည် ပိုနေမြဲကျားနေမြဲနေရန် ဆုံးဖြတ်လိုက်ပြီး သက်ပြင်းတချက်ကို မှုတ်ထုတ် လိုက်လေသည်။

ထိုစဉ် သူ၏အခန်းထဲသို့ လူတယောက်ဝင်ရောက်လာလေတော့သည်။

ထိုလူမှာ လက်ငါးချောင်းသမားတော်ပင် ဖြစ်ပါသည်။

* * *

လက်ငါးချောင်းသမားတော်က တိတ်ဆိတ် ငြိမ်သက်စွာ ထိုင်နေသော ကုန်းစွန်းယန်းအား တချက်ကြည့်လိုက်ယင်း....

'မင်းက ဘာလို့ ဒီမှာထိုင်နေရတာလဲ'

ဟုမေးလိုက်လေသည်။

ကုန်းစွန်းယန်းကလက်ငါးချောင်းသမားတော်အားတချက်စိုက်ကြည့်လိုက်ပြီး လေသံတိုးတိုးဖြင့် အသံကိုနှိမ့်ကာ...

'ခင်ဗျားရဲ့ပါးစပ်ကို ပိတ်မထားနိုင်ယင် စကားကို လျှော့ပြောပါ'

ဟု ပြောလိုက်လေသည်။

လက်ငါးချောင်းသမားတော်က ပခုံးတချက်တွန့်လိုက်ပြီး ဘာမျှ ပြန်မပြောတော့ချေ။

အတန်ကြာမှ ကုန်းစွန်းယန်းက ထိုင်ရာမှထလိုက်ပြီး ခါးတချက်ဆန့်ကာ....

'ကျီပေါင်ဖုန်းကို သွားရမှာမင်းမပျော်ဘူးလား'

ဟု မေးလိုက်လေသည်။

လက်ငါးချောင်းသမားတော်က နှုတ်ခမ်းတချက် မဲ့၍ပြုံးလိုက်ပြီး

'ကျုပ်နဲ့အတူ ကျီပေါင်ဖုန်းကို မာကျင်လျှံလိုက်လာမယ်ဆိုယင်တော့ ပျော်စရာကောင်းမှာမဟုတ်တော့ဘူး'

ဟု ပြောလိုက်လေသည်။

ကုန်းစွန်းယန်းက ပြုံးလိုက်ပြီး....

'စင်းမမက မာကျင်လျှံကို ခင်ဗျားနဲ့ ထည့်လိုက်မယ်လို့ ပြောသလား'

လက်ငါးချောင်းသမားတော်က ဦးခေါင်းကိုခါယမ်းယင်း





'မပြောပါဘူး'

ဟု ပြောလိုက်လေသည်။

ထိုစဉ် ရွှေနဂါးသိုင်းသမားများနှင့် အဖွဲ့(ဂ)ဖွဲ့မှလူများ တိုက်ခိုက်နေသောအသံသည် ကုန်းစွန်းယန်း၏ အခန်းထဲသို့ လွင့်ပျံ့လာလေတော့သည်။

လက်ငါးချောင်းသမားတော်က ပြတင်းပေါက်သို့လျှောက်သွားလိုက်ပြီး အပြင်သို့လှမ်းကြည့်လိုက်လေသည်။

ယခုအချိန်တွင် ရွှေနဂါးသိုင်းသမားများနှင့် အဖွဲ့ ဂ ဖွဲ့မှ လူများသည် ညှော်ဆောင်မှတဆင့် အပြင်သို့ထွက်ကာ တိုက်ခိုက်နေလေသည်။

ကုန်းစွန်းယန်းက မသိမသာ လက်ငါးချောင်းသမားတော်၏ နောက်မှကျော်၍ ပြတင်းပေါက်မှတဆင့် တိုက်ပွဲဖြစ်ပွားရာကို အကဲခတ်လိုက်သည်။

အဖွဲ့ ဂဖွဲ့မှလူများသည် ရွှေနဂါးသိုင်းသမားများကို ထိုးဖောက်၍ ကျန်မင်ရှောင်ယောင်တောင်ကြားမှထွက်ခွာရန်ကြိုးစားနေကြသည်ကို ကုန်းစွန်းယန်း အကဲခတ်မိလေသည်။

ထိုစဉ် ရုတ်တရက် လူ ၄ဦးသည် တိုက်ပွဲရှိရာသို့ မယောင်မလည်နှင့်လာနေသည်ကို တွေ့လိုက်ရလေတော့သည်။

ထိုလူ ၄ဦးမှာ ချီချဲ့အဖွဲ့၏လူကြီးဖြစ်သော အရက်အိုးကုန်းရန်စင်းနှင့် တပည့် ၃ယောက်ပင်ဖြစ်ပါသည်။

* * *

F.20

ချီချွဲ ဂိုဏ်းချုပ် ဝမ်လန်ဂေါင်က ဦးခေါင်းကို ခါယမ်းလိုက်သည်။ ပြီးမှ...

'မဖြစ်ဘူး၊ ကျုပ်တို့ဘယ်နည်းနဲ့မှ ဝင်ရှုပ်လို့မဖြစ်ဘူး'

ဟု ပြောလိုက်လေသည်။

ကျားကွက်အဘိုးအို ကွေးဟိုင်းလုံက သက်ပြင်းတချက်မှုတ်ထုတ်လိုက်ပြီး

'ကျုပ်တခုမေးမယ်'

ဟု ပြောလိုက်လေသည်။ ဝမ်လန်ဂေါင်က ဦးခေါင်းကို ညိတ်ကာ

'ပြောပါ'

ကွေးဟိုင်းလုံက တံတွေးကိုတချက်ထွေးလိုက်ပြီး

'ကျုပ်တို့ ချီချွဲအဖွဲ့ဟာ သိုင်းလောက ကနေထွက်ခွာပြီး သီးခြားနေဖို့ စိတ်ကူးရှိသလား'

ဟု မေးလိုက်လေသည်။

ဝမ်လန်ဂေါင်က ကွေးဟိုင်းလုံအား တချက် ကြည့်လိုက်သော်လည်း ဘာမျှဖြေကြားခြင်းမရှိချေ။ ယင်းအမေးအတွက် ဝမ်လန်ဂေါင်၌ အဖြေမရှိပါ။

ထို့ကြောင့် ဝမ်လန်ဂေါင်သည်ဘာမှပြန်လည်ပြောဆိုခြင်းမပြုပဲ တိတ်ဆိတ်၍နေခြင်းဖြစ်ပါသည်။ ကွေးဟိုင်းလုံကတချက်ပြုံးလိုက်ပြီး





'တကယ်လို့ ကျုပ်တို့ဟာသိုင်းလောက ကထွက်ပြီးသီးခြားနေဖို့ စိတ်ကူးမရှိယင် ဒီနေ့ကိစ္စမှာ မပါဝင်ပဲနေလို့ရပါ့မလား'

ဟု ထပ်၍မေးလိုက်လေသည်။

ဝမ်လန်ဂေါင်က သက်ပြင်းတချက်မှုတ်ထုတ်လိုက်ပြီး

'ကျုပ်တို့ ဒီကိစ္စမှာ ဝင်မပါယင် မဖြစ်ဘူးလား'

ထုံစဉ် အရက်အိုးအဘိုးအို ကုန်းရန်စင်းက မဲ့ပြုံးတချက်ပြုံးလိုက်ပြီး....

'ဝင်မပါယင်ရပေမယ့် အခြေအနေကမပါယင် မဖြစ်တော့ဘူး၊ ဒီနေ့ အဖွဲ့(၈)ဖွဲ့ရဲ့ အခြေအနေက မနက်ဖြန် ကျုပ်တို့အဖွဲ့ရဲ့အခြေအနေပဲ'

ဟု ပြောလိုက်လေသည်။ ပခုံးတဘက်အဘိုးအို လူကျင်းဖျောင်းက

'ကျုပ်တို့ ထိုက်ပိုင်တောင်က အမည်မဲ့ခြံဝင်းကို နမူနာယူဖို့သင့်တယ်'

မျက်ခုံးဖြူအဘိုးအို ရှီချီဝူက ပြုံးယင်း

'ဂိုဏ်းချုပ်စဉ်းစားသင့်တယ်၊ ဒီနေ့အဖွဲ့(၈)ဖွဲ့ရဲ့ ကိစ္စပြီးပြတ်သွားယင် မနက်ဖြန်ဆို ကျုပ်တို့အလှည့်ဖြစ်လာလိမ့်မယ်'

ဝမ်လန်ဂေါင်က သက်ပြင်းတချက်ဖြည်းညင်းစွာချယင်း....

'ဆရာကြီးတို့က ချီချွဲအဖွဲ့ရဲ့ လူကြီးတွေပါ၊ အကယ်၍ ကျုပ်တို့အဖွဲ့က အခုကိစ္စမှာ ဝင်ပြီးရှုပ်တာနဲ့ ဟောဒီ ကျန်မင်

ရှောင်ယောင်တောင်ကြားက သေးပင်လယ်ဖြစ်သွားမယ်ဆိုတာ စဉ်းစားမိရဲ့လား'

မျက်ခုံးဖြို့ အဘိုးအိုမှချီဝူက တချက်ပြုံးလိုက်ယင်း

'ကျုပ်တို့အဖွဲ့က ဝင်မစွက်ယင် ဒီကျန်မင်ရှောင်ယောင်တောင်ကြားမှာ တသက်လုံးငြိမ်းချမ်းစွာ နေရမယ်လို့ဘယ်သူအာမခံမလဲ'

ဝမ်လန်ဂေါင်က ထိုင်ရာမှ ထ လိုက်ပြီး ရှုံချီဝူအား တချက်ကြည့်လိုက်ကာ-

'ကျုပ်က ရှောင်လင်က လျှောင်အင်းနဲ့ ဝူတန်းက ဝူစွမ်းကို ယုံတယ်၊ သူတို့ဟာ သိုင်းလောကမှာ ဩဇာအရှိဆုံးပုဂ္ဂိုလ်ပဲ သူတို့မှာ ဖြေရှင်းနိုင်မယ့် နည်းလမ်း ရှိလိမ့်မယ်'

ကျွေးဟိုင်းလုံက တချက် ရယ်လိုက်ပြီး-

'သူတို့ဟာ တကယ်ပဲ အမြော်အမြင်ကြီးခဲ့ယင် ဒီအဖြစ်မျိုးဖြစ်လာမှာ မဟုတ်ဘူး၊ ရိပိန်တောင် ဘီလူးမ ဆူးရိဖုံးလည်း အသက်ရှင်နေမှာ မဟုတ်ဘူး'

ဟု ပြောလိုက်လေသည်။

ဝမ်လန်ဂေါင်က သက်ပြင်းတချက် မှုတ်ထုတ်ကာ–

'အင်း....တကယ်လို့သာ လျှောင်အင်းနဲ့ ဝူစွမ်း ရှိနေမယ်ဆိုယင် အခုလို တိုက်ပွဲလဲ ဖြစ်မှာ မဟုတ်ဘူး'





အရက်အိုး အဘိုးအို ကုန်းရန်စင်းက တံတွေးတချက် ထွေးလိုက်ပြီး-

'ဘာပဲဖြစ်ဖြစ်... ကျုပ်ကတော့ ဒီကိစ္စကို ဝင်စွက်မှာပဲ'

ဟု ပြတ်သားစွာ ပြောလိုက်လေသည်။

ဝမ်လန်ဂေါင်က ကုန်းရန်စင်းအား မျက်လုံးပြူး၍ ကြည့်လိုက်ပြီး-

'ဘာပဲဖြစ်ဖြစ် ကျုပ်တို့အဖွဲ့ကို မထိခိုက်ပါစေနဲ့'

ဟု ပြောလိုက်လေသည်။

အရက်အိုးအဘိုးအို ကုန်းရန်စင်းက မဲ့ပြုံးတချက်ပြုံးလိုက်ပြီး-

'ဂိုဏ်းချုပ်က ကျုပ်ကို အဖွဲ့ရဲ့ စည်းမျဉ်းအရ အဖွဲ့က ထုတ်လိုက်ပါ'

ဟု ပြောလိုက်လေသည်။ /

ထို့နောက် သူ၏ ခွေးရိုက်တုတ်ကို ကောက်ကိုင်လိုက်ပြီး ဂိုဏ်းချုပ်ဝမ်လင်ဂေါင်၏အရှေ့မှထွက်ခွာသွားလေတော့သည်။

ထိုစဉ် ကုန်းရန်စင်း၏ တပည့် (၃) ယောက်သည် ထိုင်ရာမှ ပြိုင်တူ ထလိုက်ပြီး ဂိုဏ်းချုပ်အား လက်နှစ်ဘက်ဖြင့် အရိုအသေပြုကာ-

'ကျွန်တော်တို့ကိုလဲ အဖွဲ့က ထုတ်ပယ်လိုက်ပါ'

ဟု တညီတညွတ်တည်း ပြောလိုက်ပြီး အဘိုးအို ကုန်းရန်စင်း နောက်သို့ ပြေးလိုက်သွားလေတော့သည်။

* * *

လက်ငါးချောင်း သမားတော်က ကုန်းစွန်းယန်းဘက်သို့ လှည့်လိုက်ပြီး-

'အင်း....တိုက်ပွဲထဲကို ချီခွဲ့အဖွဲ့က ဝင်ပါလာပြီနဲ့ တူတယ်'

ဟု ပြောလိုက်လေသည်။

ကုန်းစွန်းယန်းက မသိဟန်ဆောင်ကာ-

'မင်း သိလို့လား....'

ဟု မေးလိုက်လေသည်။

လက်ငါးချောင်းသမားတော်က ပြတင်းပေါက်သို့ လက်ညှိုးထိုးပြယင်း-

'မင်း ဟို ပြတင်းပေါက်က သွားကြည့်၊ ချီခွဲ့အဖွဲ့က လူ (၄)ယောက် ဝင်လာတာ တွေ့လိမ့်မယ်'

ဟု ပြောလိုက်လေသည်။

ကုန်းစွန်းယန်းက စိတ်မဝင်စားဟန်ဖြင့် စားပွဲပေါ်သို့ ကျားကွက်ကို တင်လိုက်ပြီး-

'လာ....ကျုပ်တို့ တပွဲလောက် ကျားကစားရအောင်'

ဟု ပြောလိုက်လေသည်။

လက်ငါးချောင်း သမားတော်က ကုန်းစွန်းယန်းအား နားမလည်ဟန်ဖြင့် တချက် ငေးကြည့်လိုက်လေသည်။

ထိုနောက် ဘယ်သို့မျှ ထပ်၍ မပြောတော့ပဲ ကုန်းစွန်းယန်း၏ ရှေ့၌ ဝင်ရောက် ထိုင်လိုက်လေတော့သည်။

* * *





စင်းမမက စာနှစ်ကြောင်းခန့် ရေးလိုက်သည်။

တိုက်ပွဲအခြေအနေ ဖြစ်သည်။ တိုတိုနှင့် ရှင်းရှင်း ရေးသည်။

ပြီးမှ ငွေကြုတ်ကလေးအတွင်းသို့ထည့်လိုက်သည်။

ထိုနောက် ခိုကျားကလေး တကောင်၏ ခြေထောက်၌ ချိတ်ဆွဲလိုက်သည်။ မကြာမီအချိန်အတွင်း၌ စင်းမမ၏ အခန်းမှ ခိုကျားကလေးတကောင် ကောင်းကင်ယံသို့ ပျံတက်သွားလေတော့သည်။

ထိုစဉ် တံခါးဝမှ ဆရာပိုင် ပြေးဝင်လာပြီး ပိုင်လိန်ကျီနှင့် ပိုင်လုံးကျီတို့ကို ဒဏ်ရာဖြင့် ဖမ်းဆီးမိကြောင်း သတင်းပို့လိုက်သည်။ စင်းမမက ဦးခေါင်းကို ညိတ်၍ပြလိုက်လေသည်။

ထိုနောက် ဆရာပိုင်သည် စင်းမမ၏ အခန်းမှ ပြန်ထွက်သွားလေတော့သည်။

ဆရာပိုင် ထွက်သွား၍ မကြာမီပင် ဆရာချီ အပြေးအလွှား ဝင်ရောက်လာပြီး သတင်းပို့လေသည်။

ဆရာချီ၏ စကား ဆုံးသောအခါ စင်းမမ၏ မျက်ခုံးမွေးများသည် နိမ့်ကျလာလေတော့သည်။

သူမသည် အတန်ကြာအောင် မျက်မှောင်ကြုတ်၍နေလေသည်။

ပြီးမှ ဆရာချီအား ဦးခေါင်းညိတ်ပြလိုက်လေတော့သည်။

သူမကို မျက်မှောင်ကြုတ်သွားစေရန် ဆရာချီ ယူဆောင်လာသော သတင်းသည် အခြားမဟုတ်ပါ။

ချီချဲ့အဖွဲ့မှ ကုန်းရန်စင်းနှင့် တပည့်(၃)ယောက် တိုက်ပွဲအတွင်းသို့ ဝက်ရောက်စွက်ဖက်ကြောင်း သတင်းပင် ဖြစ်ပါတော့သည်။

* * *

အရက်အိုးအဘိုးအို ကုန်းရန်စင်း၏ ခွေးရိုက်တုတ်က ရွှေနဂါးသိုင်းသမားများပေါ်သို့ မိုးသီးမိုးပေါက်ပမာကျနေလေသည်။

ကုန်းရန်စင်း၏ ခွေးရိုက်တုတ် အောက်၌ အိုက်မင်ခူနှင့် အိုက်ပုဟိုတို့နှစ်ယောက် အသက်ပျောက်သွားလေတော့သည်။

ဝူချီအန်းကိုယ်တိုင်ပင် နောက်သို့ ၁၄-၅ လှမ်းမျှဆုတ်ခွာသွားရလေတော့သည်။ ကုန်းရန်စင်း၏ တပည့်(၃)ယောက်ကလည်း လျင်မြန်သည်၊ တိကျသည်။

ထို့ကြောင့် ဆရာပိုင်နှင့် အခြားရွှေနဂါးသိုင်းသမား နှစ်ယောက်၏ ဝိညာဉ်ကို ချွေခဲ့နိုင်လေသည်။

* * *





တိုက်ပွဲသည် တဖြည်းဖြည်း ရွှေ့လျားလာသည်။

ကျန်မင်ရှောင်ယောင် တောင်ကြားဝသို့ ရောက်ရန် မြားတပစ်ခန့်သာ ဝေးတော့သည်။

တောင်ရွှေညှော့သည် ချိုက်ဝေသည် ဗယ်ဘက်ပခုံးမှဒဏ်ရာကြောင့် ဗယ်ဘက်လက် မလှုပ်ရှားနိုင်ပဲ ညာဘက် တဘက်တည်းဖြင့်သာ ရွှေနဂါး သိုင်းဆရာများကို ရင်ဆိုင်နေလေသည်။

ဖန်စို့ရီ၏ လက်မောင်းနှင့် နောက်ကျောရှိ ဒဏ်ရာများကြောင့် သူ၏အင်္ကျီသည် သွေးများဖြင့် စွန်းထင်၍နေလေသည်။

ဒေါင်းမည်းအိုက်စူကျင့်၏နောက်ကျော၌ အင်္ကျီစုတ်ပြဲကာ ဒဏ်ရာမှ သွေးများ စို့နေသည်။

မေတ္တာမဲ့ဓားကျွမ်းယုံ၏ မျက်နှာပေါ်တွင် ကန့်လန့်ဖြတ်၍ ဓားဒဏ်ရာမှသွေးများ စီးကြနေသည်။

* * *

ရွှေနဂါးသိုင်းသမား (၆၀)သည် ယခု (၂၀)ပင်မရှိတော့ချေ။

ပိတ်ဆို့ထားသော ကျန်မင်ရှောင်ယောင် တောင်ကြားအဝသည်လည်း ပွင့်သွားပြီဖြစ်သည်။

ထို့ကြောင့် ဒေါင်းဖြူအိုက်ရင်းဖိန့်၊ ဒေါင်းမည်းအိုက်စူကျင့်၊ ဖန်စို့စင်းနှင့် စီအောင်တို့သည် တောင်ကြားမှ ထွက်ပြေးနိုင်ခဲ့လေသည်။

ချိုက်ဝေသည် တောင်ကြားအဝ၌ သေဆုံးခဲ့ရပြီး ထိုလူ (၄)ဦး လွတ်မြောက်ရန် ကုန်းရန်စင်း၏ တပည့် နှစ်ယောက် အသက်ပေးခဲ့ရလေတော့သည်။

ဖန်စို့ရီသည် သေဆုံးချိန်၌ ခါးအမာရွတ် ရှောင်ရိ၏ အသက်ကို မိမိနှင့်အတူ ခေါ်သွားခဲ့လေသည်။

ယခု အပြာရောင်ဝတ် သိုင်းသမား ဖုံးမီဝူနှင့် မေတ္တာမဲ့ ခါးကျွမ်းယုံသာ တောင်ကြားထဲ၌ ရှိနေလေသည်။

ယခု အခြေအနေ၌ သူတို့သည် အခြားလူများထက် တောင်ကြားမှ ထွက်ပြေးရန် အလွန်လွယ်ကူလေသည်။

သို့သော် သူတို့သည် တောင်ကြားမှ ထွက်ပြေးမည့်ပုံ မပေါ်ချေ။ သူတို့၏ မျက်နှာများသည် ရွှေနဂါးသိုင်းဆရာများ တယောက်မျှမကျန်မှ ဤတောင်ကြားကို စွန့်ခွာမည့်ဟန် ပေါ်လွင်နေလေသည်။

ထို့ကြောင့် ကြီးကြပ်ရေးမှူး ဝူချီအန်း၏ နဖူးပေါ်၌ ချွေးစေးများ စီးကျ၍နေလေတော့သည်။

အခြေအနေအရ ဝူချီအန်းသည် မိမိ၏ အသက်ကိုပင် မိမိ မနည်းကြိုးစား၍ ကာကွယ်ရမည့် အခြေအနေ၌ ရှိနေလေတော့သည်။





တဖြည်းဖြည်းနှင့် ရွှေနဂါးသိုင်းသမား (၁၀) ဦးခန့်သာ ကျန်တော့သည်။ ဝူချီအန်း၏မျက်နှာသည်လည်း ဖြူဖပ်ဖြူရော် ဖြစ်လာသည်။

ချီခွဲအဖွဲ့မှ ကုန်းရန်စင်သည် လက်တဘက်မှ အရက်အိုးကို မော့သောက်ပြီး ကြောင်ကကြွက်ကို ကစားနေသကဲ့သို့ ရွှေနဂါးသိုင်းသမားများနှင့် ယှဉ်ပြိုင်နေလေသည်။

ထိုစဉ် တောင်ကြားအပြင်မှ ဖုံတထောင်းထောင်း ထကာ မြင်းခွာသံများကို ကြားလိုက်ရလေတော့သည်။

ထို့နောက် ရွှေနဂါးအလံ လွှင့်ထူထားသော မြင်းသည်တော်တစုကို မြင်တွေ့လိုက်ရလေတော့သည်။

အရက်အိုးအဘိုးအို ကုန်းရန်စင်းက ထိုမြင်းသည်တော်များကို မြင်တွေ့သည်နှင့် တပြိုင်နက် အသံကိုနှိမ့်ကာ မိမိ၏တပည့် 'တိမ်ဗျိုင်း'အား တီးတိုးလိုက်လေသည်။

တောင်ကြားထဲသို့ ရွှေနဂါးမြင်းသည်တော်တစု ရောက်ရှိလာသောအခါ 'တိမ်ဗျိုင်း' တယောက် တောင်ကြားထဲ၌ ရှိမနေတော့ချေ။

* * *

ရှေ့ဆုံး မြင်းပေါ်မှ ဆင်းလာသူသည် ရွှေနဂါးဌာနခွဲ(၄)၏ ဌာနခွဲမှူး ချိုက်ဖြစ်ပါသည်။

ထိုအချိန်၌ တောင်ကြားထဲမှ တိုက်ပွဲသည် အလိုအလျောက် ရပ်တံ့သွားလေသည်။ တောင်ကြားထဲ၌ ရှိနေသော အပြာဝတ် သိုင်းသမား ဖုံးမီဝူ၊ မေတ္တာမဲ့ဓားကျွမ်းယုံနှင့် အရက်အိုးအဘိုးအို ကုန်းရန်စင်းတို့သည် တိုင်ပင်ထားခြင်းမရှိပဲ ပြိုင်တူ အနားယူလိုက်ကြသည်။

သူတို့သည် တိုက်ပွဲကို နောက်တကြိမ်ဆင်နွှဲရဦးမည်ကို ကြိုတင်တွက်ဆထားသည်။ သူတို့(၃)ဦးအတွက် ဤတောင်ကြားမှ ထွက်ပြေးရန် ခက်ခဲသည် အလုပ်မဟုတ်ပါ။

သို့သော် သူတို့၏စိတ်ထဲ၌ နောက်ဆုံးအချိန်အထိ ဤနေရာမှ ရွှေနဂါး သိုင်းသမားများကို ရှင်းပစ်မည်ဟု စိတ်ကူးထားကြသည် မဟုတ်ပါလော။

ထို့ကြောင့် သူတို့သည် ခေတ္တမျှ အပန်းဖြေနေခြင်းပင်ဖြစ်ပါတော့သည်။

*  *  *





ဌာနခွဲမှူး ချိုက်က မြင်းပေါ်မှဆင်းပြီး ဝူချီအန်းထံ လျှောက်သွားသည်။

ထို့နောက် ဝူချီအန်း၏ ရှေ့၌ ရပ်တန့်လိုက်ပြီး…

'ဌာနချုပ်က အမိန့်ပါတယ်'

ဟု ပြောလိုက်လေသည်။

ဝူချီအန်းက—

'ပြောပါ'

ဌာနခွဲမှူး ချိုက်က….

'အရှင်မရယင် ဌာနချုပ်ကို အသေသယ်ခဲ့ပါတဲ့၊ တောင်ကြားမှ တယောက်မှ အရှင်မထွက်ပါစေနဲ့တဲ့'

ဝူချီအန်းက ပခုံးနှစ်ဘက် တွန့်ပြလိုက်ပြီး….

'(၄)ယောက်လွတ်သွားပြီ၊ ကျုပ်မတတ်နိုင်တော့ဘူး'

ဟု ပြောလိုက်လေသည်။

ပြီးမှ အပြာရောင်ဝတ် သိုင်းသမား ဖုံးမီဝူနှင့် မေတ္တာမဲ့ဓားကျွမ်းယုံကို ညွှန်ပြကာ….

'ဒီမှာ နှစ်ယောက်ပဲ ကျန်တော့တယ်၊ နှစ်ယောက်က တော့ အသေဖမ်းမိတယ်'

ဟု ပြောလိုက်လေသည်။

ဌာနခွဲမှူးချိုက်က မျက်နှာတချက် မဲ့လိုက်ပြီး…

'လျှောင်အင်းနဲ့ ဝူစမ်း မရောက်သေးဘူး ကြားတယ်၊ ဒါကြောင့် (၁၀)ယောက်ရှိမယ်၊ ဘာဖြစ်လို့ (၈)ယောက် ဖြစ်နေရတာလဲ'

ဟု ရုတ်တရက် မေးလိုက်လေသည်။

ဝူချီအန်းက အနည်းငယ်ကြောင်သွားပြီး နောက်မှ သတိရဟန်ဖြင့်…

‘ချင်းမြို့က နှစ်ယောက်တော့ ခန်းမထဲမှာ အရှင်ဖမ်းမိထားတယ်’

ဟု ပြောလိုက်လေသည်။

ဌာနခွဲမှူး ချိုက်က ဦးခေါင်းကို ညိတ်လိုက်ပြီး….

‘ဒါနဲ့…. ဟို(၄)ယောက် ပြေးတာ ကြာပြီလား’

ဝူချီအန်းက တချက်စဉ်းစားလိုက်ပြီး…

‘သိပ်ဝေးဝေးတော့ မရောက်နိုင်သေးဘူး’

ဟု ပြောလိုက်လေသည်။

ဌာနခွဲမှူး ချိုက် ဦးခေါင်းညိတ်လိုက်ပြီး….

‘ကျုပ်တာဝန်ထားလိုက်၊ ကျုပ်ဆက်ပြီးလိုက်မယ်’

ဟု ပြောကာ မိမိမြင်းရှိရာသို့ ပြန်သွားလေသည်။ ဝူချီအန်းက ဌာနခွဲမှူး ချိုက်နောက်မှ ပြေးလိုက်ကာ…

‘ဌာနခွဲမှူး ချိုက်’

ဟု ခေါ်လိုက်လေသည်။

ဌာနခွဲမှူး ချိုက်က မြင်းပေါ်သို့တက်လိုက်ပြီး ဝူချီအန်းအား ပြုံးပြကာ—

‘ကျုပ်လူ (၁၀) ယောက်ထားခဲ့မယ်’

ဟု ပြောလိုက်ပြီး တောင်ကြားမှ ထွက်ခွာသွားလေတော့သည်။

* * *





ကျန်မင်ရှောင်ယောင်တောင်ကြား။

ငြိမ်သက်၍နေသည်။

ဌာနခွဲမှူး ချိုက် ထွက်ခွာသွားပြီးနောက် အတန်ကြာအောင် လှုပ်ရှားမှုမရှိပဲ ငြိမ်သက်၍နေသည်၊

အပြာရောင်ဝတ်သိုင်းသမား ဖုံးမီဝူက ပကတိ ငြိမ်သက်စွာ ရပ်နေသည်။

မေတ္တာမဲ့ ဓားကျွမ်းယုံကလည်း နေမရွေ့ပါ။

အရက်အိုးအတိုးအို ကုန်းရှန်စင်းသာလျှင် အရက် ဇိမ်ခံမော့နေလေသည်။ အတန်ကြာမှ ကြီးကြပ်ရေးမှူး ဝူချီအန်းသည် လက်ထဲမှဓားကို ဖြည်းညင်းစွာဝင့်လိုက်ပြီး သူ၏လူများနှင့် ဌာနခွဲမှူး ချိုက်၏ လူများကို (၃)စု ခွဲလိုက်လေသည်။

ပြီးမှ ဖုံးမီဝူ၊ ကျွမ်းယုံနှင့် ကုန်းရှန်စင်းတို့ကို စတင်တိုက်ခိုက်လေတော့သည်။

ထို့ကြောင့် တိတ်ဆိတ်နေသော ကျန်မင်ရှောင်ယောင်တောင်ကြား၌ ဓား ဓားချင်းထိသံ၊အော်ဟစ်သံများဖြင့် ပြန်လည် ဆူညံလာလေတော့သည်။

* * *



## ရက်စက်ခြင်း နှင့် ကောက်ကျစ်ခြင်း

ရုတ်တရက်
'တဝီ... ဝီ....'

ဟူသောမြည်သံများကြားရပြီး ထိုအသံများနှင့်အတူမြားတံပေါင်းများစွာတို့သည် ကျန်မင်ရှောင်ယောင် တောင်ကြား၏ အရပ် (၄) မျက်နှာမှ ကျရောက်လာလေတော့သည်။ ထိုမြားတံများသည် ရန်သူမိတ်ဆွေဟူ၍ မခွဲခြားပဲ ထိမှန်လေတော့သည်။

ထိုမြားတံများသည် ကျန်မင်ရှောင်ယောင် တောင်ကြား၌ လှုပ်ရှားမှု ငြိမ်သက်သွားသည့်တိုင် ပစ်လွှတ် နေခြင်း ဖြစ်ပါသည်။

ထိုစဉ် ရှည်လျားသောလေချွန်သံတချက်ပေါ်ထွက်လာလေသည်။ ထို လေချွန်သံ ပေါ်ထွက်လာသည်နှင့် တပြိုင်တည်း မိုးသီးမိုးပေါက်များပမာ ပစ်လွှတ်နေသော မြားတံ များသည် ရပ်တန့်၍သွားလေတော့သည်။

ထို့နောက် ကျန်မင်ရှောင်ယောင် တောင်ကြား အဝင်ဝ၌ ဖက်ဖူးရောင်ဝတ်စုံ ဝတ်ဆင်ထားသောလူတယောက်ပေါ်ထွက်လာလေတော့သည်။

* * *

စင်းမမ ဧည့်ခန်းထဲ၌ထိုင်နေသည်။

မကြာမီ ဧည့်ခန်းတံခါး ပွင့်သွားပြီး ဖက်ဖူးရောင် ဝတ်စုံဝတ်ဆင်ထားသော လူတယောက် ဝင်လာလေသည်။

သူသည် စင်းမမအား တွေ့သည်နှင့် လက်နှစ်ဘက်ကို ဆုပ်ကာ ...

'လှိုရမ်းဌာနခွဲက လိုကျန့်ပါ'

ဟု မိမိကိုယ်ကိုမိမိ မိတ်ဆက်လိုက် လေသည်။

စင်းမမကပြုံး၍ အသိအမှတ်ပြုလိုက်ပြီးထိုင်ရန်နေရာထိုင်ခင်း ဝင် ပေးလိုက်လေသည်။လိုကျန့်က စင်းမမ၏မျက်နှာချင်းဆိုင် ရောက်ထိုင်လိုက်ပြီး





'ကျွန်တော်လဲ ဌာနချုပ်က အမိန့်ရရချင်း လာခဲ့တာပဲ'

စင်းမမက တချက်ပြုံးလိုက်သည်။ သူမ၏အပြုံးသည် အေးစက်၍ နေသည်။ ပြီးမှ လိုကျန့်အား

'ဌာနချုပ်ကအမိန့်မှာ သူ့လူရော ကိုယ့်လူပါသတ်ဖို့အမိန့်ပေးသလား'

ဟု မေးလိုက်လေသည်။

လိုကျန့်သည် စင်းမမ၏ စကားကြောင့် မျက်နှာ တချက် ပျက်သွားလေသည်။ သို့သော် သူသည် ချက်ချင်း မျက်နှာကို ပြုံးလိုက်ပြီး

'ကျွန်တော်က အမိန့်အတိုင်း ဆောင်ရွက် တာပါ၊ ကိုယ့်သဘောနဲ့ကိုယ် ဆုံးဖြတ်တာ မဟုတ်ပါဘူး'

ထို့နောက် သူ၏ရင်ဘတ်ကြားထဲမှ ရွှေနဂါးဌာနချုပ်၏ အမိန့်ကို ထုတ်ပြလိုက်လေသည်။ အမိန့်မှာ ရွှေနဂါးဌာနချုပ်၏ အရေးပေါ်အမိန့်ဖြစ်သည်။

'ဝူချီအန်းနှင့် တပည့်သိုင်းသမားများကို သတ်လိုက်ပါ'

ဟူ၍ ဖြစ်သည်။

သို့သော် ထိုစာကြောင်း၏ 'သတ်' ဟူသော စာလုံးသတ်သည် အခြားစာလုံးများထက် ပို၍ထင်ရှားနေသည်ကို စင်းမမ တွေ့လိုက်ရလေသည်။

သူမသည် စိတ်ထဲမှတချက်ပြုံးလိုက်သည်။ သို့ရာတွင် သူမ၏ အမူအရာမှာ ဘာမျှ ထူးခြားဟန် မပေါ်လွင်ပဲ လိုကျန့်ကို တချက်ကြည့်လိုက်သည်။ ပြီးမှ အားနာဟန်ဖြင့် လိုကျန့်အား

'ကျွန်မမေးမိတာ စိတ်မရှိပါနဲ့'

ဟု ပြောလိုက်လေသည်။

ထို့နောက် အမိန့်စာကို လိုကျန့်အား ပြန်လည်၍ မပေးတော့ပဲ သိမ်းဆည်းထားလိုက်လေသည်။ လိုကျန့်သည် မိမိ၏ အမိန့်စာကို ပြန်လည်တောင်းခံလိုသော်လည်း မိမိ၏စိတ်ပူပန်မှုကို စင်းမမက ရိပ်စားမိသွားမည်ကို စိုးရိမ်သဖြင့် ချောင်းတချက်ဆိုးကာ ဘာမျှမပြောတော့ချေ။

ဌာနချုပ်၏အမိန့်သည် 'ဝူချီအန်းနှင့်တပည့်သိုင်းသမားများကို ကူလိုက်ပါ' ဟူ၍ဖြစ်သည်။

ဤအမိန့်စာရသည်နှင့် လိုကျန့်သည် အခွင့်ကောင်းယူကာ 'ကူ' ဟူသော စာလုံးများဖျက်၍ 'သတ်' ဟူသော စာလုံးကို ပြန်၍ ရေးခဲ့လေသည်။ ယခု ကဲ့သို့ စင်းမမက အမိန့်စာကို ပြန်လည်မပေးပဲ သိမ်းဆည်းလိုက်သဖြင့် စိတ်ထဲ၌ စိုးရိမ်သွားသော်လည်း စင်းမမ မရိပ်မိစေရန် ဟန်ဆောင်လိုက်ရခြင်းဖြစ်လေသည် မဟုတ်ပါလော။

* * *

စင်းမမက ထိုင်ရာမှထလိုက်သည်။

'ဌာနခွဲမှူးလိုကျန့် လုပ်စရာရှိတာလုပ်ပါ'

ဟု ပြောလိုက်လေသည်။





လိုကျန့်ကထိုင်ရာမှထလိုက်ပြီး

'အဖွဲ့ (ဂ) ဖွဲ့က လူတွေရဲ့အလောင်းကို ဌာနချုပ် ပို့ရမလား'

ဟု မေးလိုက်လေသည်။

စင်းမမကတချက်ပြုံးလိုက်ပြီး....

'ဒါကတော့ ဌာနချုပ်ရဲ့ကိစ္စပဲ ကျွန်မသဘောတခုတည်းနဲ့ မဖြစ်ဘူး'

ဟု ပြောလိုက်လေသည်။

'ကဲ ကျွန်မကိုခွင့်ပြုပါအုံး'

ဟုပြောကာ ဧည့်ခန်းထဲမှ ထွက်ခွာသွားလေတော့သည်။ ထိုသော် စင်းမမသည် အခန်းတံခါးဝသို့ ရောက်သောအခါ သူမ၏ခြေလှမ်းများကို ရုတ်တရက်ရပ်တန့်လိုက်ပြီး

'ဪ ဒါနဲ့ ကျွန်မပြောဖို့တခုမေ့သွားတယ်'

ဟု ပြောလိုက်လေသည်။

ယင်းစကားကြောင့် လိုကျန့်သည် ခင်တချက်ခုန်သွားပြီး လျင်မြန်စွာဖြင့်

'ဘာကိစ္စများပါလိမ့်'

ဟု မေးလိုက်လေသည်။

စင်းမမက တချက်ပြုံးလိုက်ပြီး

'အမိန့်ထဲမှာ ဝူချီအန်းနဲ့ တပည့်သိုင်းသမားလို့ပဲ ပါတယ်၊ တခြားသိုင်းသမား (၁၀)ယောက် မပါဘူး'

ဟု ပြောလိုက်လေသည်။

စင်းမမ၏စကားကြောင့် လိုကျန့်သည် နားမလည်ဟန်ဖြင့်

'စင်းမမရဲ့စကားကို ကျွန်တော် ဘာမှနားမလည်ဘူး၊ ဘာဖြစ်လို့လဲ ကျွန်တော် လုပ်တာမှားလို့လား'

ဟု မေးလိုက်လေသည်။

စင်းမမက လိုကျန့်ကို အေးစက်စွာ တချက်စိုက်ကြည့်လိုက်ပြီး

'အမှတ်(၄) ဌာနခွဲကဌာနခွဲမှူး ချိုက်က ဝူချီအန်းကိုကူဖို့ သူ့ရဲ့သိုင်းသမား (၁၀)ယောက်ကိုပို့ပေးခဲ့တယ်၊ အခု အဲဒီ ၁၀ ယောက် သေတဲ့အထဲမှာ ပါသွားပြီ'

လိုကျန့်က တချက်ပြုံးလိုက်ပြီး....

'ဒီကိစ္စက စင်းမမကို ဦးနှောက်ခြောက်စေလို့လား'

စင်းမမက အေးစက်စွာတချက်ပြုံးလိုက်ပြီး

'တကယ်လို့ ဌာနခွဲမှူးချိုက်က သူ့လူတွေကိုပြန်တောင်းယင် ကျွန်မ ဘယ်လိုဖြေရမလဲ၊

ဟု မေးလိုက်လေသည်။

လိုကျန့်သည် ပါး စပ် ပိတ် ထား လိုက် လေ တော့ သည်။ အကြောင်းမှာ အမှတ်(၄)ဌာနခွဲမှူးချိုက်သည် အမိန့်အတိုင်း တသဝေမတိမ်း ဆောင်ရွက်တတ်သည်။ အလုပ်လုပ်ရာတွင် တိကျသည်။ မှန်ကန်သည်။ ရွှေနဂါးသိုင်းသမား ဆန်ဝန်ကျက်၏ အားထားရသော တပည့်တဦးလည်း ဖြစ်သည်။





အကယ်၍ ဌာနခွဲမှူးချိုက်ကို အကောင်းဆုံးသော ဆင်ခြေတစုံတရာမပေးနိုင်ပါက မိမိ၏ရှေ့ရေးသည် ရင်လေးဖွယ်ရာကောင်းလှသည်ဟုလိုကျန့်သဘောပေါက်သည်မဟုတ်ပါလော။

ထို့ကြောင့် သူသည် ဘာမျှမပြောပဲ ပါးစပ်ပိတ်နေလေတော့သည်။

စင်းမမသည် တချက်ပြုံးလိုက်ယင်း

'ဖြစ်ပြီးမှတော့ ဘာတတ်နိုင်တော့မှာလဲ၊ ဒီတော့ ဌာနခွဲမှူး လိုကျန့်ကလဲ ဒီကိစ္စအတွက် ကြိုတင် ပြင်ဆင်ထားပါလို့ ကျွန်မ အကြံပေးပါရစေ'

ဟု ပြောလိုက်လေသည်။

ထို့နောက် သူမသည် အခန်းထဲမှ ထွက်ခွာသွားလေတော့သည်။ သူမသည် အခန်းထဲမှထွက်သွားပြီး မကြာမီ မှာပင် သူမ၏ အခန်းပြတင်းပေါက်မှ ခိုတကောင်သည် ကောင်းကင်ယံသို့ ပျံတက်သွားလေတော့သည်။

သို့သော် စင်းမမ၏ ပြတင်းပေါက်မှ ကောင်းကင်ယံသို့ ပျံတက်သွားသော ခိုသည် ကျန်မင်ရှောင်ယောင်တောင်ကြား၏တနေရာ၌ လိုကျန့်၏မြားကြောင့် မြေပြင်ပေါ်သို့ ကျလာလေတော့သည်။

လိုကျန့်သည် ကောက်ကျစ်စွာ တချက်ပြုံးလိုက်ပြီး မြေပေါ်မှ ခိုကိုကောက်ယူလိုက်လေးသည်။

ထို့နောက် ခို၏ခြေထောက်၌ ချိတ်ဆွဲထားသောငွေကြုတ်ကို ဖြုတ်ယူလိုက်ပြီး ငွေကြုတ်၏အဖုံးကို ဖွင့်လိုက်လေသည်။

ငွေကြုတ်ကလေး၏အဖုံး ပွင့်သွားသည်နှင့် လိုကျန့်၏ မျက်လုံးပြူးကျယ်သွားလေတော့သည်။ ထို့နောက် တဆက်တည်း စင်းမမကို ကျိန်ဆဲလိုက်လေတော့သည်။

အကြောင်းမှာ ထိုငွေကြုတ်ထဲ၌ မည်သည့် သတင်းမှမပါရှိသောကြောင့် ဖြစ်သည်မဟုတ်ပါလော။

ထိုအချိန်၌ ခိုကျားလေးတကောင်သည် စင်းမမ၏ ပြတင်းပေါက်မှ ထပ်မံ၍ ကောင်းကင်ယံသို့ ပျံတက် သွားသည်ကို လိုကျန့်မသိခဲ့ချေ။

အကယ်၍သာ စင်းမမ၏ အခန်းမှနောက်ထပ် ခိုကျားတကောင်ပျံသွားကြောင်းနှင့် မိမိအားပြတင်းပေါက်ခန်းဆီးနောက်မှ စင်းမမကြည့်ရှုနေကြောင်း လိုကျန့်သိလျှင် သူ၏ စိတ်ထဲ၌ မည်သို့ရှိမည်နည်း။

* * *

ကျန်မင်ရှောင်ယောင်တောင်ကြားမှ ပထမဆုံး ထွက်ပြေးနိုင်ခဲ့သူမှာ စွမ်အောင်နှင့် ချိုက်ဝေဖြစ်ပါသည်။

သို့သော် တောင်ကြားဝမှ လွတ်မြောက်ခါနီး အချိန်တွင် ခေါ်းအမာရွတ်၏ သစ်တောက်ငှက်ခေါ်းက ချိုက်ဝေ၏ နောက်ကျော၌ စိုက်ဝင်သွားခဲ့ပြီး တောင်ကြားဝ၌ပင် သေဆုံးခဲ့လေသည်။





တောင်ကြားမှ ဒုတိယမြောက်လွတ်လာသူမှာ ဒေါင်းဖြူ အိုက်ရင်းဖိန်နှင့် ဒေါင်းမည်း အိုက်စူကျင့်တို့ဖြစ်ပါသည်။ သူမတို့ နှစ်ယောက်သည် ဒဏ်ရာပြင်းထန်နေသော ထိုက်ငူထိုက်ကို အဖွဲ့မှ ဖန်စိုစင်းကို အတင်းဆွဲခေါ်၍ ထွက်ပြေးလာလေသည်။

သူမတို့သည် တမိုင်နီးပါးမျှ ပြေးလွှားခဲ့ပြီးနောက် စွမ်အောင်နှင့် တွေ့ဆုံကြလေသည်။

စွမ်အောင်က ဖန်စိုစင်းကို မြင်တွေ့လိုက်သည်နှင့် ဒဏ်ရာပြင်းထန်မှန်း သိကာ မိမိ၏ဆေးလုံးကို တိုက်ကျွေးလိုက်လေသည်။

ဆေးလုံးသောက်ပြီးနောက် ဖန်စိုစင်းသည် ဒဏ်ရာ သက်သာလာလေတော့သည်။

ဒဏ်ရာ သက်သာလာသည်နှင့်တပြိုင်တည်း ဖန်စိုစင်းသည် 'တောက်'ဟု ပြင်းထန်စွာ တချက် တောက်ခေါက် လိုက်ပြီး ကျန်မင်ရှောင်ယောင် တောင်ကြားဘက်သို့ ပြန်ပြေး လေသည်။

ဒေါင်းမည်း အိုက်စူကျင့်သည် ရုတ်တရက် ဖန်စိုစင်း၏ နောက်မှ ပြေးလိုက်သွားပြီး ဖန်စိုးစင်း၏ရှေ့မှ လမ်းပိတ်၍ ရပ်တန့်လိုက်ပြီး

'ရှင်…ဘာလုပ်မလို့လဲ'

ဟု မေးလိုက်လေသည်။

ဖန်စိုစင်းက

'ကျုပ်....တောင်ကြားကို ပြန်သွားမယ်၊ ဒီကောင်တွေ တယောက်မှ မကျန်မှ ပြန်လာမယ်'

ဟု ပြောလိုက်လေသည်။

ထိုအချိန်တွင် ဒေါင်းဖြူ အိုက်ရင်းဖန့်နှင့် စွဲအောင်တို့ ရောက်လာလေသည်။ ဒေါင်းမည်း အိုက်စူကျင့်က

'ဒီမှာ....ရှင်ကြားဖူးသလား မသိဘူး၊ ရှေ့တလှမ်းတိုးဖို့ နောက်နှစ်လှမ်းဆုတ်ရတယ်ဆိုတာ၊ အခု ရှင်သွားလဲ အလကားပဲ၊ ရှင့်ညီအတွက် ကလဲ့စားချေချင်လို့ပဲ ဖြစ်ဖြစ်၊ သိုင်းလောက အတွက် အန္တရာယ်ကို ရှင်းပေးချင်လို့ပဲဖြစ်ဖြစ် အခု အချိန်မှာ ကျွန်တော်တို့ နောက်ဆုတ်ရမယ်'

ဟု ပြောလိုက်လေသည်။

ဒေါင်းဖြူ အိုက်ရင်းဖိန့်ကလည်း

'ဟုတ်ပါတယ်၊ ဘာပဲဖြစ်ဖြစ် နောက်တကြိမ်အတွက် ဒီအကြိမ်မှာ ကျွန်မတို့ နောက်ဆုတ်သင့်တယ်'

ဟု ဖျောင်းဖျလိုက်လေသည်။

စွဲအောင်က ပြုံးယင်း

'ကျုပ်ရဲ့ညီလဲ တိုက်ပွဲမှာ ကျဆုံးခဲ့တာပဲ၊ ဒါပေမယ့် အခြေအနေအရ နောက်ဆုတ်သင့်တယ်၊ ဒီကနေ့ ထွက်ခွာသင့်တယ်'

ဟု ပြောလိုက်သည်။





ဖန်စိုစင်းသည် အတန်ကြာအောင် ငေး၍နေပြီးမှ သက်ပြင်း တချက် ချလိုက်လေတော့သည်။

* *

လောင်စုစိန်။

ကျေးရွာတခု၏အမည် ဖြစ်ပါသည်။

ဤကျေးရွာသို့ အိုက်စူကျင့်၊ အိုက်ရင်းဖိန်၊ စွဲအောင်နှင့် ဖန်စိုစင်းတို့ ရောက်ရှိလာသောအခါ ညသန်းခေါင်ကျော်နေပြီ ဖြစ်ပါသည်။

ရွာလမ်းမကြီးသည် တိတ်ဆိတ်၍ နေလေသည်။ အိုက်စူကျင့်သည် အထည်ပစ္စည်းများရောင်းသော ဆိုင်ရှေ့သို့ရောက်သောအခါ ရုတ်တရက် ရပ်တန့်လိုက်ပြီး ဘေးပတ်ဝန်းကျင်သို့ တချက်ကြည့်လိုက်လေသည်။

ထို့နောက် သူမသည် အထည်ပစ္စည်း အရောင်းဆိုင်၏ ပြတင်းပေါက်ကို ဓားဖြင့်ကန့်လန့်ဖွင့်လိုက်ပြီး ပြတင်းပေါက်မှတဆင့် အထဲသို့ ဝင်ရောက်လိုက်လေသည်။

ထိုဆိုင်ထဲမှ သူမပြန်ထွက်လာသောအခါ သူမ၏လက်ထဲ၌ အဝတ်အစားများ ပါလာလေသည်။

ထို့နောက် သူတို့သည် အဝတ်အစား များကို လဲလှယ်ဝတ်ဆင်လိုက်လေတော့သည်။ ပြီးမှ သူတို့သည် ဟာနေသော

ဝမ်းဗိုက်ကို ဖြည့်တင်းရန် ညသုံးပေါက်ဖွင့်သော စားသောက်ဆိုင်ကို ရှာဖွေရန် ထွက်သွားလေတော့သည်။

သူတို့ထွက်ခွာသွားပြီး မကြာမီမှာပင် သူတို့ အဝတ်အစားလဲခဲ့သော နေရာနှင့် မလှမ်းမကမ်း သစ်ပင်တပင်ပေါ်မှ လူရိပ်တရိပ်သည် မြေပြင်ပေါ်သို့ ခုန်ဆင်းလာလေသည်။

ထိုလူရိပ်သည် သူတို့ထွက်ခွာသွားရာဘက်သို့ တချက်ကြည့်လိုက်ပြီး အမှောင်ထုအတွင်းသို့ ဝင်ရောက်ပျောက်ကွယ်သွားလေတော့သည်။

ထိုလူရိပ်သည် စိန်ကျားခြံမှ အသားစားမင်းသား စိန်ဝန်လှမ်းပင် ဖြစ်ပါသည်။

* * *

စိန်ဝန်လှမ်းသည် သိုင်းလောကဌ် ဘာမဆို ဝင်ရောက်စပ်စုတတ်သော အကျင့်ရှိသည်။ ထို့ကြောင့် ထုံကွမ်း၌ သိုင်းပြိုင်ပွဲ ပြုလုပ်စဉ်ကလည်း စင်ပေါ်တက်၍ ဝင်ရောက်စပ်စုခဲ့သည်။ သိုင်းပြိုင်ပွဲ ပြီးဆုံးသည်နှင့် သူသည် ရှောင်မီဝူကို ချစ်ရေးဆိုကာ ရှောင်မီဝူနှင့်အတူ နေထိုင်ခဲ့သည်။





ထို့နောက် သူတို့နှစ်ယောက်သည် မည်သူက မည်သူ့ကို စတင်ငြိုးငွေ့လာသည် မသိပါ။ နှစ်ဦးလုံး လမ်းခွဲ ခဲ့ကြလေတော့သည်။

ယခု သိုင်းလောကဌ် ရွှေနဂါးသိုင်းသမား ဆန်ဝန်ကျက်နှင့် ရိပိန်နတ်သမီး ဆန့်ကွမ်းချုံးတို့၏လက်ထပ်မင်္ဂလာပွဲသတင်းကြားသောအခါ ဝင်ရောက်စပ်စုလိုသော ဝါသနာအရ ကျန်မင်ရှောင်ယောင် တောင်ကြားသို့ လာခဲ့ခြင်းဖြစ်ပါသည်။

ကျန် မင် ရှောင် ယောင် တောင် ကြားသို့ မရောက်မီ ဤလောင်စုဖိန် ကျေးရွာသို့ ရောက်သော အခါ ကျန်မင်ရှောင်ယောင် တောင်ကြား၌ တိုက်ပွဲဖြစ်နေကြောင်း သတင်းကြားရသဖြင့် ရှေ့ဆက်မသွားတော့ပဲ ဤကျေးရွာ၌ နားနေခြင်းဖြစ်ပါသည်။

ထိုစဉ် ဤလောင်စုဖိန်ကျေးရွာ၏ လမ်းမကြီးပေါ်၌ အိုက်ရင်းဖိန်၊ အိုက်စူကျင့်၊ စွံအောင်နှင့် ဖန်စိုစင်းတို့ကိုတွေ့လိုက်သောအခါ ကျန်မင်ရှောင်ယောင် တောင်ကြားမှ ရှုံးနိမ့်၍ပြေးလာကြောင်း ရိပ်စားမိလေသည်။

ထို့ကြောင့် သူသည် အိုက်ရင်းဖိန်တို့၏နောက်မှ မယောင်မလည် နောက်ယောင်ခံ လိုက်လာခဲ့ခြင်းဖြစ်ပါသည်။

* * *

လောင်စုဖိန်ကျေးရွာ၌ ညလုံးပေါက် ဖွင့်သောဆိုင် မရှိပါ။

သို့သော် စားသောက်ဆိုင် တဆိုင်က သူတို့ကို လက်ခံကာ နေရာထိုင်ခင်း စီစဉ်ပေးလေသည်။ စားသောက်ဆိုင် ပိုင်ရှင်၏ သဘောထား ဤမျှကောင်းအောင် အိုက်စုကျင့်ကသာမန်နှုန်းထက် သုံးဆမျှပို၍ ပေးခဲ့ရလေသည် မဟုတ်ပါလား။

ထို့နောက် အိုက်စုကျင့်က မြင်းလှည်းနှစ်စီးကို (၃) ဆမျှ ဈေးပိုပေးကာ စားသောက်ဆိုင်ပိုင်ရှင်ကို ငှားရမ်းခိုင်းလိုက်လေသည်။

စားသောက်ဆိုင်ပိုင်ရှင်သည် ဦးခေါင်းကိုညိတ်ကာ ဆိုင်ထဲမှ ထွက်သွားလေတော့သည်။

ထိုအခါမှ အိုက်စုကျင့်က စွမ်းအောင်နှင့် ဖန်စိုစင်းကိုကြည့်လိုက်ပြီး....

'မြင်းလှည်းလာတာနဲ့ ဆရာတို့နှစ်ယောက် တယောက်တစီးစီ ခွဲစီးပြီး ဒီက ချက်ချင်းထွက်သွားပါ'

ဟု ပြောလိုက်လေသည်။

စွမ်းအောင်က မျက်မှောင်တချက် ကြုတ်လိုက်ပြီး

'မင်းတို့က ဘာလို့မလိုက်တာလဲ'

ဟု မေးလိုက်လေသည်။





အိုက်စုကျင့်က တချက်ပြုံးလိုက်ပြီး

'ကျွန်မတို့ ညီအစ်မက နောက်က လိုက်လာမယ့် ရန်သူကို တားပေးမယ်'

ဟု ပြောလိုက်လေသည်။

ဖန်စိုစင်းက

'လိုက်လာမယ်လို့ မင်းတို့က ထင်သလား'

အိုက်စုကျင့်က

'ဒီရွာဟာ ကျန်မန်ရှောင်ယောင်တောင်ကြားနဲ့ နီးတယ်၊ ဒီရွာမှာ ရွှေနဂါးရဲ့ သူလျှိုမရှိဘူးလို့ မပြောနိုင်ဘူး'

ဟု ပြောလိုက်လေသည်။

အိုက်ရင်းဖိန့်ကလည်း

'ဟုတ်တယ်...၊ ဒါကြောင့် ဒီရွာမှာ ကျွန်မတို့ ရောက်နေကြောင်း ဝူချီအန်းတို့မသိပဲနေမှာ မဟုတ်ဘူး'

စွမ်းအောင်က တချက်ပြုံးယင်း...

'ဒါဖြင့် မင်းတို့က ဘာဖြစ်လို့ တို့နဲ့အတူ မပြေးသလဲ'

အိုက်စုကျင့်က...

'နောက်ရန်သူ လိုက် လာယင် တားဆီး နိုင်အောင်ပေါ့၊ ဘာပဲဖြစ်ဖြစ် ကျွန်မတို့အားလုံးထဲက ရှင်တို့နှစ်ယောက် လုံးဝလွတ်သွားယင် ရွှေနဂါးဌာနချုပ်ကို ဖြိုခွင်းဖို့အင်အားချန်တဲ့သဘောပါ'

ဟု ပြောလိုက်လေသည်။

ဖန်စိုစင်းက ချီးကျူးသောလေသံဖြင့်

'မင်းတို့ ဉာဏ်ထက်မြက်တဲ့ မိန်းကလေးတွေပဲ'

ဟု ပြောလိုက်လေသည်။

ထိုစဉ် စွမ်အောင်က တစုံတခုအား သတိရဟန်ဖြင့်

'လျှောင်အင်းနဲ့ ဝူစွမ်းက ဘာဖြစ်လို့ ပျောက်နေရတာလဲ'

ဟု ပြောလိုက်လေသည်။

အိုက်စူကျင့်က တစုံတခုပြန်လည်ပြောဆိုရန် ဟန်ပြင်လိုက်ချိန်တွင် စားသောက်ဆိုင် ပိုင်ရှင် ဝင်ရောက်လာသဖြင့် သူမသည် ဘာမျှမပြောတော့ချေ။

* * *

စားသောက်ဆိုင်ပိုင်ရှင် ငှားရမ်းပေးသော မြင်းလှည်းနှစ်စီးသည် ဖန်စိုစင်းနှင့် စွမ်အောင်တို့ကိုတင်ဆောင်ကာ ဆိုင်ရှေ့မှ ထွက်ခွာသွားလေတော့သည်။





အိုက်စူကျင့်နှင့် အိုက်ရင်းဖိန်တို့သည် အမှောင်ထုထဲ၌ မြင်းလှည်းနှစ်စီး ပျောက်ကွယ်သွားသည့်တိုင်အောင် ငေးကြည့်နေပြီးမှ ပြိုင်တူသက်ပြင်းတချက် ချလိုက်ကြလေသည်။

ထို့နောက် သူတို့နှစ်ယောက်သည် စားသောက်ဆိုင်ထဲသို့ ပြန်လည်၍ ဝင်ရောက်လိုက်လေတော့သည်။ စားသောက်ဆိုင်ထဲသို့ သူတို့ပြန်လည်ရောက်သည်နှင့် သူတို့၏ မျက်လုံးများသည် ပြူးကျယ်၍သွားလေတော့သည်။

အကြောင်းမှာ သူတို့ထိုင်ခဲ့သော စားပွဲ၌ လူတယောက်သည် ယပ်တောင်ခတ်ကာ ထိုင်နေသောကြောင့်ဖြစ်ပါသည်။

ထိုလူမှာ စိန်ကျားခြံမှ အသားစားမင်းသား စိန်ဝန်လွှမ်းပင် ဖြစ်ပါသည်။

* * *

အသားစားမင်းသား စိန်ဝန်လွှမ်းက တချက်ပြုံးလိုက်ပြီး သူ၏ဦးခေါင်းကို အသာအယာညွတ်ကာ

'သိုင်းလောကရဲ့နာမည်ကြီး ဒေါင်းညီအစ်မကို နှုတ်ဆက်ပါတယ်'

ဟု ပြောလိုက်လေသည်။

ဒေါင်းမည်း အိုက်စူကျင့်က နှုတ်ခမ်းကိုတချက်မဲ့လိုက်ပြီး

'ဘာလဲ ရှင်က ကျွန်မတို့နဲ့အတူ ခွေးပြေး ဝက်ပြေး ပြေးချင်လို့လား'

ဟု ငေါ့လိုက်လေသည်။

စိန်ဝန်လွှမ်းက ထိုင်ရာမှထလိုက်ပြီး မချိုမချဉ်မျက်နှာထားဖြင့် ပြုံးကာ....

'ချစ်စရာကောင်းတဲ့ ဒေါင်းညီအစ်မနဲ့ဆိုယင် ကျုပ်က ကမ္ဘာ့အပြင်ရောက်အောင် ပြေးချင်ပါတယ်'

ဟု ပြောလိုက်လေသည်။

အိုက်စူကျင့်က သူမ၏ နောက်ကျောမှဓားကို ဆွဲထုတ်လိုက်ပြီး....

'အင်း...ကျွန်မဓားက မျက်နှာရှူးတွေကို မညှာတတ်ဘူး'

ဟု ပြောလိုက်လေသည်။

စိန်ဝန်လွှမ်းက တဟားဟားရယ်မောလိုက်ပြီး....

'ကျုပ်ကိုအခုလိုပြောတာ ခင်ဗျားတယောက်ပဲ ရှိတယ်၊ ဂုဏ်ယူစရာပါပဲ'

ဟု ခနဲ့လိုက်လေသည်။

အိုက်စူကျင့်က ဘာမျှမပြောတော့ပဲ လက်ထဲမှ ဓားဖြင့် စိန်ဝန်လွှမ်းကို တိုက်ခိုက်လိုက်လေသည်။

အိုက်စူကျင့်၏ တိုက်ခိုက်မှုသည် လျင်မြန်သည် တဒင်္ဂအချိန်ကလေးအတွင်း သိုင်းကွက်(၃)ကွက် ပြောင်း၍ တိုက်ခိုက်ပြီးဖြစ်နေလေသည်။





စိန်ဝန်လွှမ်းသည် အိုက်စူကျင့်၏ တိုက်ခိုက်မှုကို တုံ့ပြန်မတိုက်ခိုက်နိုင်ပဲ ရှောင်တိမ်းကာ နောက်သို့ ၄-၅ လှမ်းမျှ ဆုတ်ခွာသွားရလေသည်။

စိန်ဝန်လွှမ်းသည် ကောက်ကျစ်စွာ တချက်ပြုံးလိုက်ပြီး...

'သူများရဲ့ ဆိုင်ကို မပျက်စီးစေချင်လို့ ကျုပ်က ပြန်ပြီး မတိုက်ခိုက်တာ'

အိုက်စူကျင့်က မဲ့ပြုံးတချက် ပြုံးလိုက်ပြီး....

'အကောင်းဆုံးက ရှင် ဒီကထွက်သွားဖို့ပဲ'

စိန်ဝန်လွှမ်းက ကောက်ကျစ်စွာ တချက်ရယ်မောယင်း....

'အင်း.... တကယ်လို့များ ကြီးကြပ်ရေးမှူး ဝူချီအန်းက ဒီကိုရောက်လာယင် ခင်ဗျားတို့ ဘယ်လိုလုပ်ကြမလဲ'

အိုက်စူကျင့်က မျက်မှောင်ကြုတ်လိုက်ပြီး...

'ဒါ... ကျွန်မတို့ရဲ့ကိစ္စပါ၊ ရှင်နဲ့မဆိုင်ပါဘူး'

စိန်ဝန်လွှမ်းက စဉ်းလဲစွာတချက်ပြုံးလိုက်ပြီး....

'ထုံကွမ်းသိုင်းပြိုင်ပွဲမှာ ကျုပ်နဲ့ဝူချီအန်း အပေါင်းအသင်းဖြစ်ခဲ့တယ်၊ ဒါကြောင့် ခင်ဗျားတို့ရဲ့ကံကြမ္မာကို ဝူချီအန်းထံက ကျုပ် တောင်းခံပေးယင် ဘယ့်နှယ်လဲ'

ဒေါင်းဖြူ အိုက်ရင်းဖိန်က စိန်ဝန်လွှမ်း ဘာကို ဆိုလိုကြောင်း သဘောပေါက် ဟန်ဖြင့် တံတွေးတချက် ထွေးလိုက်ပြီး....

'ကျွန်မတို့ရဲ့ ကံကြမ္မာအတွက် ရှင့်ရဲ့အကူအညီ လိုအပ်မယ်လို့ ရှင်က ထင်နေသလား'

စိန်ဝန်လွှမ်းက တချက်ရယ်မောလိုက်ပြီး...

'စဉ်းစားကြည့်လေ၊ ဝူချီအန်းက ခင်ဗျားတို့နောက်ကို သူ တယောက်တည်းလိုက်လာမလား၊ အနည်းဆုံး ရွှေနဂါး သိုင်း သမား အယောက် (၂၀)လောက် ပါလာမှာ၊ ခင်ဗျားတို့က နှစ်ယောက်တည်း၊ အဲ… တကယ်လို့ ကျုပ်တို့အပေးအယူတည့် ယင် ကျုပ်တို့ (၃)ယောက်ပေါ့'

အိုက်စူကျင့်က တချက်ကျိန်ဆဲလိုက်ပြီး….

'အပေးအယူမတည့်ယင် ရှင်နဲ့ဝူချီအန်းက တဘက်ပေါ့'

စိန်ဝန်လွှမ်းက ကောက်ကျစ်စွာပြုံးလျက်…

'ဒါပေါ့၊ အဲ…. ဝူချီအန်းကတော့ ခင်ဗျားတို့နှစ်ယောက် သာ ဖမ်းမိယင် ဘယ်လိုအပေးအယူပဲဖြစ်ဖြစ် လက်ခံမှာ'

ဟု ပြောလိုက်လေသည်။

အိုက်စူကျင့်က ဘာမျှပြန်မပြောတော့ပဲ နှုတ်ခမ်းကိုတချက် ကိုက်ကာ စိန်ဝန်လွှမ်းအား တိုက်ခိုက်ရန် ဟန်ပြင်လိုက်လေ တော့သည်။

စိန်ဝန်လွှမ်းက လက်ကာပြလိုက်ပြီး…

'ဟော့… နေအုံး၊ ခင်ဗျားက ယှဉ်ပြိုင်ချင်သေးတယ်ဆိုယင် ကျုပ်တို့ ရွာအပြင်မှာ ယှဉ်ပြိုင်ရအောင်'

ဟု ပြောလိုက်ပြီး…

ဆိုင်ထဲမှ ထွက်ခွာ သွားလေတော့သည်။ အိုက်စူကျင့်နှင့် အိုက်ရင်းဖိန့်သည် တယောက်မျက်နှာကို တယောက်ကြည့်လိုက် ပြီး စိန်ဝန်လွှမ်းနောက်မှ လိုက်သွားလေတော့သည်။





စားသောက်ဆိုင်ပိုင်ရှင်သည် သူတို့ ထွက်ခွာသွားသည်နှင့် ဆိုင်တံခါးကို လျင်မြန်စွာ ပိတ်လိုက်လေသည်။

ပြီးမှ… သူသည် သက်ပြင်းတချက် ချလိုက်လေတော့သည်။

* * *

ကွင်းပြင်တခု။

ရွာ၏အပြင်ဘက်ရှိ ကွင်းပြင်ဖြစ်ပါသည်။

ယင်းကွင်းပြင်၏ ပတ်ပတ်လည်၌ ချုံနွယ်ပိတ်ပေါင်းများ ထွေးစွာ ပေါက်လျက်ရှိနေပါသည်။

မှုန်ဝါးသော လရောင်အောက်၌ ကွင်းပြင်သည် ပကတိ တိတ်ဆိတ်ငြိမ်သက်၍နေလေသည်။

ထိုသို့ ငြိမ်သက်နေသော ကွင်းပြင်ကို ဆူညံ လှုပ်ရှားရန် ကွင်းပြင်ထဲသို့ လူရိပ် (၃)ရိပ် ရောက်ရှိလာလေသည်။

ထိုလူရိပ် (၃) ရိပ်မှာ စိန်ဝန်လွှမ်း၊ အိုက်ရင်းဖိန့် အိုက်စူ ကျင့်တို့ပင် ဖြစ်ပါသည်။

စိန်ဝန်လွှမ်းသည် ရှေ့မှ လျှောက်နေရာမှ ကွင်းပြင်၏ အလယ်သို့ ရောက်သောအခါ ရုတ်တရက် ရပ်တန့်လိုက်ပြီး…. ဒေါင်းညီအစ်မဘက်သို့ မျက်နှာမူလိုက်လေသည်။

သူ၏လက်ထဲမှ ယပ်တောင်ကို ဖြန့်ကာ သူ၏ ရင်ဘတ်ရှေ့၌ ကာထားလိုက်လေသည်။ သူတို့သုံးဦးသည် ကြိုဂံ ပုံသဏ္ဌာန်နေရာယူထားပြီး တယောက်ကိုတယောက် စူးစိုက်၍ကြည့်နေလေသည်။

တဟူးဟူးဖြင့် တိုက်ခတ်နေသော ညဥ့်လေသည် ရုတ်တရက် ရပ်တန့်သွားလေသည်။ အိုက်စူကျင့်သည် အတန်ကြာအောင် ငြိမ်သက်နေရာမှ ရုတ်တရက်....

'ယား'

ဟု တချက်အော်ကာ သူမ၏ ဓားကို စိန်ဝန်လွှမ်း၏ ရင်ဝသို့ ထိုးစိုက်လိုက်လေသည်။ သူမ၏ ဓားသည် စိန်ဝန်လွှမ်း၏ရင်ဝသို့ မရောက်မီ သိုင်းကွက် (၃) ကွက်မျှ ပြောင်းလဲသွားပြီး ဓားရိပ်များက စိန်ဝန်လွှမ်း၏ ခန္ဓာကိုယ်ပေါ်သို့ လွှမ်းခြုံသွားလေတော့သည်။

ထိုအချိန်တွင် အိုက်ရင်းဖိန့်ကလည်း စိန်ဝန်လွှမ်းကို စတင်တိုက်ခိုက်လိုက်ပြီ ဖြစ်ပါသည်။

စိန်ဝန်လွှမ်းသည် အိုက်စူကျင့်၏ ဓားကွက်သည် မိမိ၏ ရင်ဝသို့ ရောက်ချိန်၌ ရုတ်တရက် ပြောင်းလဲသွားသဖြင့် မျက်လုံးတချက် ပြူးသွားပြီး ကပျာကယာ ရှောင်တိမ်း လိုက်လေသည်။

ထို့ကြောင့် အိုက်ရင်းဖိန့်၏ တိုက်ခိုက်မှုကို ခံလိုက်ရလေသည်။ သို့သော် စိန်ဝန်လွှမ်းက ကြိုတင် ပြင်ဆင်ထားသဖြင့် အိုက်ရင်းဖိန့်၏ ဓားသည် စိန်ဝန်လွှမ်း၏ အင်္ကျီစကိုသာ ခုတ်ပိုင်းမိခဲ့လေတော့သည်။





တိုက်ပွဲသည် အချိန်ကြာသည်နှင့်အမျှ တစထက် တစ ပို၍ပြင်းထန်လာလေတော့သည်။

ထိုအချိန်၌ ကွင်းပြင်၏ အစပ်၌ ရှိသော ချုံဖုတ် အောက်၌ လူနှစ်ယောက်သည် ဝပ်လျက် ကွင်းပြင်အလယ်မှ တိုက်ပွဲကို တိတ်ဆိတ်စွာ ကြည့်နေလေသည်။

ဤသို့ဆိုလျှင် ထိုချုံဖုတ်အောက်မှ လူများသည် မည်သူနည်း။

* * *

ဒေါ်ဒေါင်းညီအစ်မ၏ သိုင်းပညာသည် အဆင့်မြင့်သည်။ သို့သော် သူတို့သည် ကျန်မင်ရှောင်ယောင် တောင်ကြား၌ တိုက်ပွဲကို ဆင်နွှဲခဲ့ရသည်။ ကျန်မင်ရှောင်ယောင် တောင်ကြားမှ ထွက်ပြေးလာပြီး ကတည်းက ကောင်းမွန်စွာ အနားမယူခဲ့ရပါ။

ယခု စိန်ဝန်လွှမ်းနှင့် ဆက်၍ ယှဉ်ပြိုင်နေရပြန်သည်။ အကယ်၍သာ သူတို့သည် နောက်ရက်များ၌ စိန်ဝန်လွှမ်းနှင့် ယှဉ်ပြိုင်ရမည်ဆိုလျှင် သိုင်းကွက် (၂၀) ခန့်ဖြင့် စိန်ဝန်လွှမ်းကို အနိုင်ယူနိုင်မည် ဖြစ်ပေသည်။

စိန်ဝန်လွှမ်းသည် ဒေါင်းညီအစ်မ ပင်ပန်းနေမှန်း ရိပ်စားမိသည့်အတွက် တိုက်ပွဲကို ကြာရှည်ဆွဲ၍ တိုက်ခိုက်ရန် စိတ်ကူးလိုက်သည်။

ထို့ပြင် ထိုသို့ တိုက်ပွဲ ကြာရှည်ဆွဲထားခြင်းအားဖြင့် ကျန်မင်ရှောင်ယောင် တောင်ကြားမှ လိုက်လာမည့် ကြီးကြပ်ရေးမှူး ဝူချီအန်းတို့နှင့် ဆုံတွေ့ရမည် ဖြစ်ပါသည်။

အကယ်၍သာ ထိုဒေါင်း ညီအစ်မသည် ကျန် မင် ရှောင်ယောင် တောင်ကြားမှ ထွက်ပြေးခဲ့သူများ ဖြစ်လျှင် မကြာမီ အချိန်အတွင်း ဤရွာသို့ ကြီးကြပ်ရေးမှူး ဝူချီအန်း လိုက်လာမည်မှာ သေချာသည်။

မည်သို့ပင် ဖြစ်ပါစေ၊ ဤ ဒေါင်း ညီအစ်မနှင့် ယှဉ်ပြိုင်ရသည်မှာ မိမိအတွက် အရှုံးမရှိနိုင်ဟု စိန်ဝန်လွှမ်း တွေးမိလေသည်။ ထို့ကြောင့် စိန်ဝန်လွှမ်းသည် ကောက်ကျစ်စွာ တချက် ပြုံးလိုက်လေတော့သည်။

ထိုစဉ် အဝေးမှ မြင်းခွာသံများ ပေါ်ထွက်လာလေတော့သည်။

* * *

မြင်းခွာသံများသည် တစထက် တစ နီးကပ်လာလေသည်။ ထို့နောက် မြင်းခွာသံများသည် ကွင်းပြင်အစပ်၌ ရပ်တန့်သွားလေတော့သည်။





စိန်ကျားခြံမှ အသားစား မင်းသား စိန်ဝန်လွှမ်းက တချက် ပြုံးလိုက်ပြီး မြင်းခွာသံများ ကြားရာဘက်သို့ လှမ်း၍—

'ဝူချီအန်းလား'

ဟု အော်ဟစ်မေးလိုက်လေသည်။

ကွင်းပြင်အစပ်မှ-

'မင်း ဘယ်သူလဲ'

ဟု ပြန်မေးလိုက်လေသည်။

ထို မေးသံဆုံးသည်နှင့် ကွင်းပြင်ထဲသို့ မြင်းသည်တော်တစု ဝင်ရောက်လာလေသည်။

ထို့နောက် မြင်းသည်တော်(၁၀)ယောက်သည် မြင်းပေါ်မှ ဆင်းသက်လိုက်ပြီး စိန်ဝန်လွှမ်းတို့ကို ဝန်းရံထားလိုက်လေသည်။

* * *

ရှေ့ဆုံး မြင်းပေါ်မှ လူတယောက်သာလျှင် မြင်းပေါ်မှ မဆင်းပဲ ကျန်နေသည်။ ထိုလူကပင် စိန်ဝန်လွှမ်းကို မေးလိုက်ခြင်း ဖြစ်ပါသည်။

စိန်ဝန်လွှမ်းက မျက်နှာတချက် မဲ့သွားပြီး-

'ကျုပ် စိန်ကျားခြံက အသားစား မင်းသား စိန်ဝန်လွှမ်းပဲ၊ မင်း မကြားဖူးဘူးလား'

ဟု ပြန်၍ အော်ဟစ်လိုက်လေသည်။

မြင်းပေါ်မှ လူက အေးစက်သော လေသံဖြင့်....

'ကျုပ် ရွှေနဂါး ဌာနခွဲ(၄)ရဲ့ ဌာနခွဲမှူး ချိုက်ပဲ'

ဟု ပြောလိုက်လေသည်။

စိန်ဝန်လွှမ်းက အိုက်စူကျင့်အား ဘယ့်နှယ် ရှိစ ဟူသော အကြည့်မျိုးဖြင့် တချက် ကြည့်လိုက်ပြီး....

'အတော်ပဲ ဒီမှာ ဒေါင်းညီအစ်မကို တားထားတယ် လာ စမ်းပါ'

ဟု ပြောလိုက်လေသည်။

ထိုစဉ် ရုတ်တရက် အိုက်စူကျင့်က စိန်ဝန်လွှမ်းကို တိုက်ခိုက်လိုက်လေသည်။ စိန်ဝန်လွှမ်းသည် ကပျာကယာ ရှောင်တိမ်းလိုက်သော်လည်း အိုက်စူကျင့်၏ ဓားဖျားက စိန်ဝန်လွှမ်း၏ ရင်ဘတ်၌ တထွာခန့် အနီရောင် အစင်းကြောင်းတခု ပေါ်သွားစေလေသည်။

ထိုအချိန်၌ ရွှေနဂါးသိုင်းသမားများက ဝင်ရောက်၍ဒေါင်းညီအစ်မကို တိုက်ခိုက်လေတော့သည်။

ထို့ကြောင့် တဒင်္ဂအချိန်အတွင်း၌ပင် ကွင်းပြင်ပေါ်၌ လူနှင့် ဓားများ ရှုပ်ထွေးသွားလေတော့သည်။

စိန်ဝန်လွှမ်းသည် အခွင့်ကောင်းယူ၍ တိုက်ပွဲအတွင်းမှ ထွက်ခွာလိုက်ပြီး ဌာနခွဲမှူးချိုက်ထံ လျှောက်သွား လေတော့သည်။

ထို့နောက် သူသည် ဌာနခွဲမှူးချိုက်အားတစုံတရာတိုးတိုး ပြောဆိုလိုက်လေသည်။ ဌာနခွဲမှူးချိုက်က အတန်ကြာစဉ်းစား ပြီး ဦးခေါင်းညိတ်လိုက်လေသည်။





ထို့နောက် စိန်ဝန်လွှမ်းသည် ဌာနခွဲမှူးချိုက်ကို ဦးညွှတ်လိုက်ပြီး တိုက်ပွဲအတွင်းသို့ ပြန်လည်ဝင်ရောက်လိုက်ပြီး ဒေါင်းညီအစ်မအား တိုက်ခိုက်လိုက်လေတော့သည်။ စိန်ဝန်လွှမ်းသည် အိုက်စူကျင့်နှင့်တိုက်ခိုက်ယင်း

'မင်းတို့တော့ ဒုက္ခရောက်ဖို့တော့ သေချာနေပြီ။ ဘာလို့ အပင်ပန်းခံတော့မလဲ အညံ့ခံလိုက်ပါတော့လား'

ဟု ပြောလိုက်လေသည်။

စိန်ဝန်လွှမ်း၏စကားကို အိုက်စူကျင့်က တုံ့ပြန်လိုက်ပါ ပါသည်။ သို့သော် စကားဖြင့်တုံ့ပြန်ခြင်း မဟုတ်ပါ။ဓားဖြင့် တုံ့ပြန်ခြင်းသာဖြစ်ပါသည်။

တဖြည်းဖြည်း ဒေါင်းညီအစ်မတို့၏ အခြေအနေမှာနိမ့်ကျလာလေသည်။ ဒေါင်းညီအစ်မတို့သည် ရွှေနဂါးသိုင်းသမား (၁၀)ယောက်ကို မမှုသော်လည်း ရွှေနဂါးသိုင်းသမားများဘက်မှ စိန်ဝန်လွှမ်းပါ ဝင်တိုက်ခိုက်နေသည့်အတွက် ဒေါင်းညီအစ်မတို့၏ အခြေအနေမှာ နိမ့်ကျလာပြီဖြစ်သည်။

အိုက်ရင်းဖိန့်သည် မိမိတို့ဆက်၍ တိုက်ခိုက်နေလျှင်ခြေကုန်လက်ပန်းကျမည်ကို ရိပ်စားမိလာသည်။

အိုက်စူကျင့်ကလည်း ယခုကဲ့သို့ တိုက်ပွဲကြာရှည်လာပါက မိမိတို့နစ်နာမည်ကို ရိပ်စားမိလာလေသည်။

အိုက်ရင်းဖိန့်သည် အိုက်စူကျင့်နှင့် ကျောချင်း ကပ်ကာ ရန်သူများကိုတိုက်ခိုက်ယင်း အိုက်စူကျင့်အား လေသံတိုးတိုး ဖြင့် တစုံတခုပြောလိုက်လေသည်။

ထို့နောက် သူတို့ညီအစ်မနှစ်ယောက်သည် လူစုခွဲကာတိုက်ခိုက်လေတော့သည်။ ယခုအကြိမ်၌ အိုက်ရင်းဖိန်သည် စိန်ဝန်လွှမ်းနှင့် ယှဉ်ပြိုင်တိုက်ခိုက်နေလေသည်။

သူမသည် စိန်ဝန်လွှမ်းနှင့် ယှဉ်ပြိုင်တိုက်ခိုက်ယင်း စိန်ဝန်လွှမ်း၏အနားသို့ကပ်ကာ တစုံတခု တီးတိုးပြောလိုက်လေသည်။

အိုက်ရင်ဖိန့်၏စကားကြောင့် စိန်ဝန်လွှမ်း၏မျက်နှာသည် ဝင်းလက်သွားပြီး အိုက်ရင်းဖိန့်အား တချက်ကြည့်ကာ

'တကယ်လား'

ဟု မေးလိုက်လေသည်။

အိုက်ရင်းဖိန့်က ဦးခေါင်းကိုညိတ်ပြလိုက်လေတော့သည်။

ထို့နောက် မကြာမီအချိန်အတွင်း၌ပင် တိုက်ပွဲ၏ အခြေအနေသည် ရုတ်တရက်ပြောင်းလဲသွားလေတော့သည်။

အကြောင်းမှာ ရွှေနဂါးသိုင်းသမားများဘက်မှ ပါဝင်တိုက်ခိုက်နေသော စိန်ဝန်လွှမ်း၏ဓားအောက်၌ ရွှေနဂါးသိုင်းသမား တယောက်ပြီးတယောက် လဲကျသေဆုံးသွားလေတော့သည်။

ဌာနခွဲမှူးချိုက်သည် စိန်ဝန်လွှမ်း၏ ရုတ်တရက်ပြောင်းလဲမှုကြောင့်....

'တောက်…လူလိမ်'

ဟု တချက်အော်ဟစ်ကျိန်ဆဲလိုက်ပြီး မြင်းပေါ်မှဆင်းရန်ဟန်ပြင်လိုက်လေသည်။





ထိုစဉ် ရုတ်တရက် ဌာနခွဲမှူးချိုက်၏ မြင်းသည်နှီး တချက်လန့်ကာ ရှေ့ခြေနှစ်ချောင်းကိုမြှောက်၍ ပတတ်ရပ်ကာ ဟီလိုက်လေသည်။

ထို့နောက် ဌာနခွဲမှူးချိုက်သည် ဟန်ချက်ပျက်သွားပြီးမြင်းပေါ်မှ လိမ့်ကျသွားလေတော့သည်။ သူသည် မြေပေါ်မှ ပြန်လည်၍ထရန်ဟန်ပြင်လိုက်ချိန်၌ သူ့အားတစုံတယောက်က ဖမ်းချုပ်လိုက်သည်ကို ခံလိုက်ရလေတော့သည်။

ဌာနခွဲမှူးချိုက်ကို ဖမ်းချုပ်လိုက်သူမှာ ချုံဖုတ်အတွင်း၌ဝပ်၍ တိုက်ပွဲကို တိတ်တဆိတ် ကြည့်နေခဲ့သောလူပင် ဖြစ်ပါတော့သည် မဟုတ်ပါလော။

* * *

စိန်ဝန်လွှမ်းက နောက်ဆုံး လဲကျသေဆုံးသွားသော ရွှေနဂါးသိုင်းသမား၏ ရင်ဝမှ သူ၏ဓားကိုဆွဲနုတ်လိုက်သည်။

ပြီးမှ တချက်ရယ်မောကာ ဌာနခွဲမှူး ချိုက်ရှိရာသို့လှမ်းကြည့်လိုက် လေသည်။ သို့သော် ဌာနခွဲမှူးချိုက်ကို မတွေ့ရတော့ပါ။

ထို့ကြောင့် စိန်ဝန်လွှမ်းကတချက်ပြုံးယင်း

'ဌာနခွဲမှူးချိုက်က သေရမှာကြောက်လို့ပြေးတာလား'

ဟု တချက်အော်ဟစ်လိုက်သည်။

ဝဏ္ဏထွန်းစာပေ

ပြီးမှ သူ၏ဓားကို ဓားအိမ်ထဲသို့ပြန်၍ သိမ်းဆည်းလိုက်လေတော့သည်။ ထို့နောက် သူသည် ဒေါင်းညီအစ်မ ဘက်သို့လှည့်၍ ပြုံးပြလိုက်လေသည်။ သို့သော်စိန်ဝန်လွှမ်း၏မျက်နှာပေါ်မှ အပြုံးသည် ရုတ်တရက်ပျောက်ကွယ်သွားပြီးမျက်လုံးပြူးကာ ပတ်ဝန်းကျင်ကိုလှည့်ကြည့်လိုက်လေတော့သည်။

အကြောင်းမှာ ကွင်းပြင်၌ သူတဦးသာရှိနေပြီး ဒေါင်းညီအစ်မတို့ကို မတွေ့ရသောကြောင့် ဖြစ်ပါသည်။

အတန်ကြာမှ စိန်ဝန်လွှမ်းသည် တက်တချက်ခေါက်လိုက်ပြီး…

'နေနှင့်အုံး မင်းတို့ညီအစ်မကို မိုးအဆုံး မြေအဆုံးလိုက်ရှာပြီး စာရင်းရှင်းခိုင်းမယ်'

ဟု ကြုံးဝါးလိုက်လေတော့သည်။

ထို့နောက် ရွှေနဂါး သိုင်းသမားများ၏ မြင်းတကောင်ပေါ်သို့ ခုန်တက်ကာ ကွင်းပြင်မှ ထွက်ခွာ သွားလေတော့သည်။

* * *

စိန်ဝန်လွှမ်း၏ မြင်းသည် အမှောင်ထုအတွင်းသို့ ဝင်ရောက်ပျောက်ကွယ် သွားသောအခါ ကွင်းပြင်၌ တိတ်ဆိတ်သောလှုပ်ရှားမှုတခု ဖြစ်ပေါ်လာလေတော့သည်။





ဌာနခွဲမှူးချိုက်ကို ဖမ်းချုပ်ထားသောလူက ပုန်းကွယ်ရာမှထလိုက်လေသည်။ သူသည် ဌာနခွဲမှူး ချိုက်ကို ဖမ်းချုပ်ပြီးသည်နှင့် သွေးကြောနှစ်နေရာကို ပိတ်လိုက်သည်။

ထို့ကြောင့် ဌာနခွဲမှူးချိုက်သည် ချုံဖုတ်အတွင်း၌မလှုပ်မယှက် ငြိမ်သက်၍နေလေသည်။

ဌာနခွဲမှူးချိုက်ကို ဖမ်းချုပ်သောလူသည် ပတ်ဝန်းကျင်ကို တချက်ဝေ့ကြည့်လိုက်ပြီး လက်ခုပ် (၃) ချက်တီးလိုက်လေသည်။

လက်ခုပ်သံ ဆုံးသည်နှင့် တပြိုင်တည်း ချုံဖုတ်များထဲမှ လူထွားကြီး (၄) ဦး ထွက်လာလေသည်။

ဌာနခွဲမှူး ချိုက်ကို ဖမ်းချုပ်သော လူသည် တကိုယ်လုံးအနက်ရောင်ဝတ်စုံကိုဝတ်ထားပြီး မျက်လုံးပေါက်နေရာ၌သာချန်လှပ်ထားလေသည်။

ထိုလူသည် လူထွားကြီး (၄) ဦးအား

'အလောင်းတွေကိုမြေမြှုပ်လိုက်၊ သဲလွန်စ ဘာမှ မကျန်စေနဲ့'

ဟု အမိန့်ပေးလိုက်လေသည်။

ထိုလူ၏အမိန့်သံဆုံးသည်နှင့် လူထွားကြီး (၄) ဦးသည်စတင်လှုပ်ရှားလေတော့သည်။

အနက်ရောင်ဝတ်စုံနှင့်လူသည် ဌာနခွဲမှူးချိုက်အားချုံဖုတ်ထဲမှ ဆွဲထုတ်လိုက်ပြီး မြင်းပေါ်သို့ တင်လိုက်သည်။ ပြီးမှ ဌာနခွဲမှူးချိုက်အား

'မိတ်ဆွေကို ကျုပ်ဘာခုပြောမယ်၊ ကျုပ်တို့ဟာ အမည်မဲ့ခြံ ကပဲ၊ ဒါဆို မိတ်ဆွေသဘောပေါက်ပြီ မဟုတ်လား'

ဟု ပြောလိုက်လေသည်။

ထိုအချိန်၌ လူထွားကြီး (၄) ဦးသည် ကွင်း ပြင် ပေါ်မှ အလောင်းများကို ရှင်းလင်းပြီးဖြစ်လေသည်။

* * *

ဤနေရာသည် လောင်စုံဖိန်ကျေးရွာ၏ အပြင်ဘက်ရှိ ကွင်း ပြင် ဖြစ်ပါသည်။

ယခုအချိန်၌ ကွင်းပြင်သည် တိတ်ဆိတ် ငြိမ်သက် နေပါ သည်။

အရာရာသည် ပကတိ တိတ်ဆိတ် နေပါသည်။ လရောင် သည် ကွင်းပြင်ပေါ်သို့ ဖြာကျနေပါသည်။

ကွင်းပြင်ပေါ်၌အနက်ရောင်ပတ်သောလူကိုလည်းကောင်း၊ ဌာနခွဲမှူး ချိုက်ကို လည်းကောင်း၊ လူထွားကြီး (၄) ဦးကို လည်းကောင်း တွေ့မြင်ရခြင်း မရှိတော့ပါ။

အကယ်၍ တစုံတယောက်က ဤကွင်းပြင်ကို ရောက်ရှိလာ ပါက ဤကွင်းပြင်၌ အဖြစ်အပျက်တစုံတရာ ဖြစ်ပျက်ခဲ့သည်ကို သိနိုင်မည် မဟုတ်ပါ။



F.23



## ပျောက်ဆုံးနေသော လျှောင်အင်းနှင့် ဝူစွမ်း

(၃) လ (၄) ရက်။

နံနက်စောစောဖြစ်သည်။

နံနက်ခင်း၏ ရောင်နီသည် ကျန်မင်ရှောင်ယောင် တောင်ကြားကို ဖြန့်ကျက်လာပြီဖြစ်သည်။

ထိုအချိန်၌ ကျန်မင်ရှောင်ယောင်တောင်ကြားမှ မြင်းလှည်းတစီး ထွက်ခွာသွားလေသည်။

ထိုမြင်းလှည်းပေါ်၌ သက်ငါးချောင်း သမားတော်လိုက်ပါ သွားလေသည်။ လက်ငါးချောင်း သမားတော်၏ မျက်နှာသည် ပြုံး၍နေသည်။





စင်းမမက သူ့အား ဝန်ခံကတိဖြင့် ကွီပေါင်ဖုန်းသို့ ပို့ခြင်းဖြစ်ပါသည်။ လက်ငါးချောင်း သမားတော်က ဝမ်းသာအားရဖြင့် ဝန်ခံကတိ ပြုခဲ့လေသည်။

ထို့ပြင် လက်ငါးချောင်း သမားတော်က စင်းမမအား ကျေးဇူးတင်ကြောင်းထပ်တလဲလဲ ပြောကြားခဲ့လေသည်။

လက်ငါးချောင်းသမားတော်အား ကွီပေါင်ဖုန်းသို့ပို့ခြင်းကိစ္စနှင့် ပတ်သက်၍ ဘဝင်မကျသူမှာ မာကျင်လျှံပင် ဖြစ်ပါသည်။

အကြောင်းမှာ သူမသည် လက်ငါးချောင်း သမားတော်နှင့် လိုက်ပါခွင့် မရသောကြောင့်ပင် ဖြစ်ပါသည်။

သို့ဖြစ်၍လည်း လက်ငါးချောင်းသမားတော်က စင်းမမအား ထပ်ကာထပ်ကာ ကျေးဇူးတင်နေသကဲ့သို့ မာကျင်လျှံကလည်း စင်းမမအား ထပ်ကာထပ်ကာ ကျိန်ဆဲနေသည် မဟုတ်ပါလော။

* * *

သုံးလ ငါးရက်။

ကျန်မင်ရှောင်ယောင် တောင်ကြားမှ မြင်းလှည်းတန်းတခုသည် ရောင်နီနှင့်အတူ ထွက်ခွာသွားလေတော့သည်။

ရှေ့ဆုံးမှ မြင်းလှည်းသည် စင်းမမ တဦးတည်းကို တင်ဆောင်၍ သွားသည်။ ဒုတိယ မြင်းလှည်းပေါ်၌ စင်းမမ၏ မိန်းမဖော် လေးဦးနှင့် မာကျင်လျှို လိုက်ပါလာလေသည်။

တတိယမြင်းလှည်းကို ကုန်းစွန်းယန်း တဦးတည်း စီးနင်းလိုက်ပါပြီး စတုတ္ထမြင်းလှည်း၌ ချင်းမြို့မှ ပိုင်လိန်ကျီနှင့် ပိုင်ထုံးကျီတို့ကို ရွှေနဂါး သိုင်းဆရာနှစ်ဦး ခြံရံ၍ လိုက်ပါလာလေသည်။

နောက်ဆုံး မြင်းလှည်းပေါ်၌ မည်သူမျှ လိုက်ပါခြင်းမရှိပါ။ သို့သော် ကြီးမားသောအိတ်ကြီးလေးလုံးကို တင်ဆောင်ထားလေသည်။

ထိုအိတ်ကြီး လေးလုံးထဲ၌ ဖုံးမီဝူ၊ ကျွမ်းယုံ၊ကျန်းရန်းစင်းနှင့် ဝူချီအန့်တို့၏ အလောင်းများကို တည့်ထားလေသည်။

မြင်းလှည်းတန်းသည် ကျန်မင်ရှောင်ယောင်တောင်ကြားမှ ထွက်ကာ တဖြည်းဖြည်းရွေ့လျားနေလေသည်။ ထိုမြင်းလှည်းတန်း၏ ဦးတည်ရာအရပ်မှာ ရွှေနဂါး ဌာနချုပ်သို့ ဖြစ်ပါသည်။

* * *

ကုန်းစွန်းယန်းသည် မြင်းလှည်းထဲ၌ ရှေးဟောင်း ကဗျာတပုဒ်ကို ရွတ်ဆို၍ လိုက်ပါလာသည်။





ဆင်းရဲသောပညာရှိ ချီစီဖုအဖြစ်ဟန်ဆောင်ကာ ရွှေနဂါးအသိုင်းအဝန်းထဲသို့ ဝင်ရောက်ခဲ့ခြင်း ဖြစ်၏။ ရည်ရွယ်ချက်သည် ရွှေနဂါးဌာနချုပ်သို့ ဝင်ရောက်ရန်နှင့် ရွှေနဂါးသိုင်းသမား ဆန်ဝန်ကျက်ကို တွေ့ရန် ဖြစ်ပေသည်။

ယခု ခရီးစဉ်ဆုံးလျှင် ကုန်းစွန်းယန်း၏ဆန္ဒ ပြည့်ဝတော့မည် မဟုတ်ပါလော။

ထို့ကြောင့် ကုန်းစွန်းယန်းသည် ရဲစိတ်ရဲမာန် တက်ကြွသော ရှေးဟောင်း ကဗျာတပုဒ်ကို အသံနေ အသံထားဖြင့် ရွတ်ဆိုနေသည် မဟုတ်ပါလော။

* * *

ပိုင်လိန်ကျီနှင့် ပိုင်ထုံးကျီတို့မှာ စင်းမမ၏ ဆေးခတ်ထားမှုကြောင့် လူသေကဲ့သို့ မလှုပ်မရှားနိုင်အောင် အားအင်ချည့်နဲ့၍ နေလေသည်။

စင်းမမ၏ အစိမ်းရောင်ဝတ် မိန်းမဖော်လေးဦးသည် တဦးနှင့်တဦး ရယ်မော၍ စကားပြောဆိုနေသော်လည်း မာကျင်လျှိုက တခွန်းမှ ဝင်ရောက်စွက်ဖက်ခြင်း မရှိချေ။

သူမသည် ရင်ထဲ၌ တကိုယ်ဘည်းကျိတ်၍ စကားပြောနေလေသည်။ သူမ၏ရင်ထဲမှ စကားများမှာ စင်းမမကို ကျိန်ဆဲသော စကားမှလွဲ၍ အခြား စကား ရှိမည် မဟုတ်ချေ။

* * *

ရှေ့ဆုံးမြင်းလှည်း၌ စင်းမမသည် မျက်မှောင်ကြုတ်၍ လေးနက်စွာ စဉ်းစားယင်း လိုက်ပါလာလေသည်။

သူမ စဉ်းစားနေသော အကြောင်းအရာများသည် လက်ထပ်ပွဲကို အဘယ့်ကြောင့် ရက်ရွှေ့ရသနည်း။ အဘယ့်ကြောင့် အဖွဲ့ရှစ်ဖွဲ့မှ ပုဂ္ဂိုလ်များကို အသေရရ အရှင်ရရ ဖမ်းခိုင်းရသနည်း။

ရွှေနဂါးဌာနချုပ်၌ ကိစ္စတစုံဘရာ ဖြစ်ပေါ်၍လော။ အကယ်၍ ရိပိန်တောင်ဘက်မှ ပျက်ကွက်ခဲ့ခြင်းလော။ ဤသို့ဆိုလျှင် မိမိသည် ရွှေနဂါးဌာနချုပ်သို့ သွားရန် သင့်ပါသလော။

ရွှေနဂါးဌာနချုပ်သည် မိမိအတွက် အန္တရာယ်မဖြစ်ဟု မည်သူမျှ မပြောနိုင်ပါ။ မိမိ၏ရှေ့ရေးသည် ရိပိန်တောင်ပေါ်၌ မူတည်၍ နေလေသည်။

ထို့ပြင် ဝူချီအန်းသေဆုံးခြင်းသည် သူမအတွက် အင်အားတခု ဆုတ်ယုတ်ခြင်းပင် ဖြစ်ပါသည်။ အကြောင်းမှာ ဝူချီအန်းသည် ရိပိန်တောင်မှ စေလွှတ်ထားသော သူလျှိုတဦး ဖြစ်သောကြောင့်ပင် ဖြစ်ပါသည်။

တဆက်တည်းမှာပင် စင်းမမသည် ရှောင်လင်မှ လျှောင်အင်းနှင့် ဝူစွမ်းတို့ကို သတိရလိုက်သည်။ လျှောင်အင်းနှင့် ဝူစွမ်းတို့သည် လက်ထပ်ပွဲသို့ အဘယ့်ကြောင့် မလာခဲ့သနည်း။ သူမစေလွှတ်သော အထောက်တော်များထံမှ…





လျှောင်အင်းနှင့် ဝူစွမ်းလည်း လက်ထပ်ပွဲသို့တက်ရောက်ရန် နှစ်လပိုင်း လကုန်ရက်မတိုင်မီကပင် ရှောင်လင်နှင့် ဝူးတန်မှ ထွက်ခွာခဲ့ကြောင်း သတင်းပေးပို့ခဲ့သည် မဟုတ်ပါလော။

ဤသို့ဆိုလျှင် လျှောင်အင်းနှင့် ဝူစွမ်း မည်သည့်နေရာသို့ ရောက်ရှိနေသနည်း။ သို့မဟုတ် တစုံတခုသော အန္တရာယ်နှင့် ကြုံတွေ့နေရသလော။ စင်းမမ စဉ်းစား၍မရပါ။

နောက်ဆုံး စင်းမမသည် သက်ပြင်းတချက် မှုတ်ထုတ်လိုက်ပြီး၊ အိပ်စက် အနားယူလိုက်လေတော့သည်။

* * *

(၃) လ (၃) ရက် မတိုင်မီ တပတ်ခန့်က ဖြစ်သည်။ တနည်းဆိုရလျှင်-

(၂)လ၊ လကုန်ပိုင်း အချိန်ဖြစ်သည်။ လျှောင်အင်းသည် (၃)လ၊ (၃)ရက်၌ ကျင်းပမည့် ရွှေနဂါး သိုင်းသမား ဆန်ဝန်ကျက်နှင့် ရိပိန် နတ်သမီး ဆန်ကွမ်းချုံးတို့၏ မင်္ဂလာပွဲသို့ တက်ရောက်ရန် တပည့် ကွေ့ဖိန်ချုူးနှင့် အတူ ရှောင် လင် မှ ထွက်ခွာခဲ့လေသည်။

ထို့အတူ ဝူစွမ်းသည်လည်း ထိုရက်ပိုင်းအတွင်း၌ပင် တပည့်ဖြစ်သူ ကျုရှိနှင့်အတူ ဝူးတန်မှ ထွက်ခွာသွားခဲ့လေသည်။

(၂) လပိုင်း၊ (၂၈)ရက်နေ့တွင် သူတို့ နှစ်ယောက်သည် လမ်း၌ဆုံတွေ့ပြီး 'ရက်ချင်ဖု' တည်းခိုခန်း၌ လျှို့ဝှက်စွာ တည်းခိုခဲ့ကြလေသည်။

အကြောင်းမှာ သိုင်းလောကမှ လူများသည် (၃)လ(၃) ရက်၌ ပြုလုပ်မည့် မင်္ဂလာပွဲကို စိတ်ဝင်စားနေကြသဖြင့် အကယ်၍ သူတို့အား တွေ့ပါက လာရောက်စပ်စုကြမည်ကို စိုးရိမ်သောကြောင့် ဖြစ်ပါသည်။

ထို့ပြင် ယင်းမင်္ဂလာပွဲကို ဖျက်လိုဖျက်ဆီး ပြုလုပ်လိုသူများနှင့် တွေ့ဆုံပါက မကောင်းသော ဆုတ်ယုတ်မှုများကို ရင်မဆိုင်လို၍ ယခုကဲ့သို့ လျှို့ဝှက်စွာ သွားလာနေထိုင်ခြင်းပင် ဖြစ်ပါသည်။

သို့သော် တနေ့၌ သူတို့ တည်းခိုသော အခန်းထဲသို့ လူတယောက် ဝင်ရောက်လာခဲ့လေတော့သည်။

ထိုလူသည် တကိုယ်လုံး အဝတ်နက် ဝတ်ထားပြီး မျက်လုံးပေါက်သာ ချန်လှပ်ထားလေသည်။ ထိုလူသည် လျှောင်အင်းနှင့် ဝူစွမ်းတို့အား လက်နှစ်ဘက် ဆုပ်ကာ ဦးညွှတ်လိုက်လေသည်။

လျှောင်အင်းနှင့် ဝူစွမ်း၏ ထိုလူ၏ လှုပ်ရှားမှုကို ကြည့်ပြီး ထိုလူသည် သိုင်းလောက၌ အဆင့်မြင့်သော သိုင်းသမားတဦး ဖြစ်မည်ဟု ခန့်မှန်းလိုက်လေသည်။

ထိုလူက ဝူစွမ်းနှင့် လျှောင်အင်းအား-





'အခုလို ခွင့်မတောင်းပဲ ဝင်လာတဲ့အတွက် ကျွန်တော့်ကို ခွင့်လွှတ်ပါ'

ဟု ပြောလိုက်လေသည်။

လျှောင်အင်းက နှစ်လိုဖွယ်ကောင်းသော အပြုံးဖြင့် တချက်ပြုံးလိုက်ပြီး....

'ကိစ္စမရှိပါဘူး၊ ဒါနဲ့ လာရင်း ကိစ္စက'

ဟု မေးလိုက်လေသည်။

အနက်ရောင်ဝတ် လူက-

'ကျွန်မင်ရှောင်ယောင် တောင်ကြားက မင်္ဂလာပွဲကို သွားမလို့ မဟုတ်လား'

ဟု မေးလိုက်လေသည်။

ဝူစွမ်းက အနက်ရောင်ဝတ် လူ၏ အမေးကို မဖြေပဲ၊

'မင်းက ဘာဖြစ်လို့ မျက်နှာမပြရဲရတာလဲ'

ဟု ပြောလိုက်လေသည်။

အနက်ရောင်ဝတ်လူက ဖြည်းညင်းစွာ သူ၏ခေါင်းမှ အနက်ရောင် ခေါင်းစွပ်ကို ချွတ်လိုက်လေသည်။

သို့သော် လျှောင်အင်းနှင့် ဝူစွမ်းတို့သည် ထိုလူကို မသိပါ။ ထိုလူက ပြုံးလိုက်ပြီး-

'ကျွန်တော် မျက်နှာပြလဲ ဆရာကြီး ကျွန်တော့်ကို သိမှာမဟုတ်ပါဘူး'

ဟု ပြောလိုက်လေသည်။

ပြီးမှ တဆက်တည်း ...

'ဒါနဲ့ သတို့သမီးရဲ့ အုပ်ထိန်းသူက ဘယ်သူပါလဲ'

ဟု မေးလိုက်လေသည်။

အမှန်မှာ ဤမေးခွန်းသည် မေးရန် မလိုသော မေးခွန်းဖြစ်သည်။ မေးရန် မလိုသော မေးခွန်းမျိုးကို မေးလာသဖြင့် လျှောင်အင်းက မျက်မှောင်ကြုတ်လိုက်ပြီး-

'ရိပိန်တောင် ဘီလူးမ၊ ဆူးရိဖုံးဆိုတာ မေးဖို့ လိုသေးလား'

ဟု ပြောလိုက်လေသည်။

ထိုလူက တချက် ပြုံးလိုက်ပြီး....

'တရုတ်ပြည်ကနေ နှင်ထုတ်လိုက်တဲ့ ဆူးရိဖုံး မဟုတ်လား'

ဝူစွမ်းက မျက်မှောင်ကြုတ်လိုက်ပြီး....

'ဟုတ်တယ်'

ဟု ဖြေလိုက်လေသည်။

ထိုလူက ဦးခေါင်းကို ခါယမ်းလိုက်ပြီး....

'အင်း.... တကယ်လို့သာ ချီချဲ့ဂိုဏ်းချုပ် ရှင်ကျူးချီဆုသာ ရှိမယ်ဆိုယင် ရိပိန်တောင်ဘီလူးမ ဆူးရိဖုံးကို တရုတ်ပြည်ထဲ ပြန်ဝင်ဖို့ ခွင့်ပြုမှာမဟုတ်ဘူး'

လျှောင်အင်းက တချက်ပြုံးလိုက်ပြီး

'သတို့သမီးရဲ့ အုပ်ထိန်းသူလူကြီးအဖြစ် မင်္ဂလာပွဲကို လာသင့်တာပေါ့'

ဟု ပြောလိုက်လေသည်။

ထိုလူက တချက်ပြုံးလိုက်ပြီး

'အဲဒီလိုခွင့်ပြုယင် သိုင်းလောကမှာ ကြေကွဲစရာတွေဖြစ်လာမှာကို မစဉ်းစားတော့ဘူးလား'

ဝူစွမ်းကမျက်မှောင်ကြုတ်ကာ





'မင်းစကားက ဘာစကားလဲ၊ ကျုပ်တို့ကို စော်ကားတာလား'

ထိုလူကမဲ့ပြုံးပြုံးလိုက်ပြီး

'ဆရာကြီးတို့ကို မစော်ကားရဲပါဘူး၊ ဒါပေမယ့်သေသင့်တဲ့လူ မသေပဲ မသေသင့်တဲ့လူက အယင်သေသွားတာ နှမြောစရာပဲ'

လျှောင်အင်းက မဲ့ပြုံးပြုံးကာ

'မင်းကစကားပြောလိမ္မာတဲ့လူပဲ၊ ငါတို့ကို သေသင့်တဲ့လူလို့ မင်းကပြောတာ မဟုတ်လား'

ထိုလူကပြုံးယင်း...

'ရိပိန်တောင် ဘီလူးမ ဆူးရိဖုံး တယောက် မွေးဖွားပေးဖို့ မဟုတ်ဘူးလို့ ဘယ်သူ အာမခံမလဲ'

'ဆူးရိဖုံးကို ဘယ်သူက မောင်းထုတ်မလဲ ရှင်ကျူးချီဆုလို ဘယ်သူမောင်းထုတ်ရဲမလဲ'

ဟု ပြောလိုက်လေသည်။

လျှောင်အင်းနှင့်ဝူစွမ်းသည်တယောက်မျက်နှာကိုတယောက်ကြည့်လိုက်ပြီး ဘာမျှပြန်မပြောချေ။ ထိုလူကသက်ပြင်းတချက်မှုတ်ထုတ်လိုက်ပြီး

'ကျွန်တော် စိတ်မကောင်းဖြစ်တာက အဖွဲ့(ဂ)ဖွဲ့ရဲ့ အမြင့်ဆုံး သြဇာရှိတဲ့ ပုဂ္ဂိုလ်နှစ်ယောက်က ဘာဖြစ်လို့ ဆူးရိဖုံးရဲ့ ဆန္ဒကို လိုက်လျောနေရတာလဲဆိုတာပဲ'

ဟု ပြောလိုက်လေသည်။

ဝူစွမ်းက ထိုင်ရာမှထလိုက်ပြီး

'မင်း ဘယ်သူလဲ ဘယ်ကလဲ ဒီစကားမျိုး မင်းကဘာလို့ ပြောရတာလဲ'

ဟု မေးလိုက်လေသည်။

ထိုလူကတချက်ပြုံးလိုက်ပြီး

'ကျုပ်က အမည်မဲ့ခြံရဲ့ ကြီးကြပ်ရေးမှူးချုပ်ပါ'

ဟု ဦးညွှတ်၍ပြောလိုက်လေသည်။

ပြီးမှ ကြီးကြပ်ရေးမှူးချုပ်က တချက်ပြုံးလိုက်ပြီး....

'နောက်တခု ကျွန်တော်ဝမ်းနည်းတာက ဆရာကြီးတို့လို ပုဂ္ဂိုလ်ဟာ ဘာဖြစ်လို့ ဆူးရိဖုံးရဲ့ အမိန့်အတိုင်း ဆောင်ရွက်ရတာလဲဆိုတာပဲ'

ဝူစွမ်းက ဦးခေါင်းကို ခါယမ်းလိုက်ပြီး

'ကျုပ်တို့ ဆူးရိဖုံးရဲ့ အမိန့်နဲ့လုပ်တာ မဟုတ်ဘူး'

ဟု ငြင်းပယ်လိုက်လေသည်။

ကြီးကြပ်ရေးမှူးချုပ်က တချက်ပြုံးလိုက်ပြီး

'ကျန်မင်ရှောင်ယောင်တောင်ကြားက ချီချုံအဖွဲ့ကလဲဆူးရိဖုံးရဲ့ အမိန့်ကြောင့် တောင်ကြားကို စွန့်ခွာပြီး ကျန်မင် ဌာနချုပ် အစည်းအဝေးခန်းမကို မင်္ဂလာခန်းမ အဖြစ် ပေးခဲ့တာ မဟုတ်ဘူး'

ဟု ဖြေလိုက်လေသည်။

ဝူစွမ်းနှင့်လျှောင်အင်းတို့သည်တယောက်မျက်နှာတယောက် ကြည့်လိုက်ပြီး လျှောင်အင်းက

'ကြီးကြပ်ရေးမှူးချုပ်က ဒါတွေကို လာပြောနေတာ ဘာအကြောင်းများ ရှိလို့လဲ'





ကြီးကြပ်ရေးမှူးချုပ်က ပြုံးလိုက်ပြီး

'အဖွဲ့ (ဂ) ဖွဲ့က ပုဂ္ဂိုလ်တွေ မသေစေချင်တဲ့ သဘောပါ....'

လျှောင်အင်းက မျက်မှောင်ကြုတ်လိုက်ပြီး

'ဆူးရိဖုံးက အဖွဲ့ (ဂ)ဖွဲ့က လူတွေကို သတ်မယ်လို့ ထင်လို့လား'

ကြီးကြပ်ရေးမှူးချုပ်က ပြုံးယင်း

'ကျွန် တော် သာ ဆို ယင် သိုင်းလောကမှာ ဆူးရိဖုံးလို ရက်စက်ယုတ်မာတဲ့ ဒုတိယ ဆူးရိဖုံး ပေါ်ထွက်နိုင်အောင် အဖွဲ့ (ဂ) ဖွဲ့က လူတွေကို တယောက်မကျန် သတ်မှာပဲ'

လျှောင်အင်းနှင့် ဝူစွမ်းတို့သည် တယောက် မျက်နှာကို တယောက်ကြည့်လိုက်လေသည်။ ကြီးကြပ်ရေးမှူးချုပ်၏စကားများသည် ယုတ္တိယုတ္တာရှိသော စကားများ ဖြစ်နေသည်။

အမှန်မှာ ဆူးရိဖုံးသည် မင်္ဂလာအခမ်းအနားအတွက် ရှောင်လင်၌ ဖြစ်စေ၊ ဝူးတန်၌ဖြစ်စေ ကျင်းပ ခွင့်တောင်းသင့်သည်။

သို့သော် သူမသည် ထိုနေရာများကို မတောင်းခံပဲအဘယ်ကြောင့် ကျန်မင်ဌာနချုပ်ကို တောင်းခံခဲ့ရသနည်း။

ထိုကျန်မင်တောင်ကြားသည် တချိန်က သူမကို တရုတ်ပြည်မှ နှင်ထုတ်ခဲ့သောနေရာဖြစ်သည်။

တနည်းဆိုရလျှင် ရှင်ကျူးချီဆုနှင့် ဆူးရိဖုံးတို့ သိုင်းပညာယှဉ်ပြိုင်ခဲ့သော နေရာဖြစ်သည်။

အတန်ကြာမှ လျှောင်အင်းက ကြီးကြပ်ရေးမှူးချုပ်အား တချက်ကြည့်လိုက်ပြီး....

'ဒီပြဿနာမဖြစ်ရအောင် ကြိုတင်ကာကွယ်ဖို့ ကြီးကြပ်ရေးမှူးချုပ် စဉ်းစားထားတာရှိသလား'

ဟု မေးလိုက်လေသည်။

ကြီးကြပ်ရေးမှူးချုပ်က ပြုံးလိုက်ပြီး

'နည်းလမ်းနှစ်ခုရှိတယ်'

ဟု ပြောလိုက်လေသည်။

ဝူစွမ်းက သက်ပြင်းတချက်ချယင်း

'ပထမနည်းက ဘာလဲ'

ဟု မေးလိုက်လေသည်။

ကြီးကြပ်ရေးမှူးချုပ်က....

'ဆရာကြီးတို့နှစ်ယောက် အခုချက်ချင်းမြောက်ပိုင်းကိုသွားပြီး ရိပိန်တောင်ဘီလူးမ ဆူးရိဖုံးကိုတားပေးပါ၊ အယင်တုန်းကပေးထားတဲ့ ကတိအတိုင်းနေဖို့ပြောပေးပါ'

ဟု ပြောလိုက်လေသည်။

လျှောင်အင်းက....

'ဒုတိယနည်းကရော'

ကြီးကြပ်ရေးမှူးချုပ်က တချက်ပြုံးယင်း

'ဆရာကြီးတို့နှစ်ယောက် ဒီနေ့ကစပြီး သိုင်းလောကကနေခြေရာဖျောက်ပြီး ထွက်သွားဖို့ပဲ'

ဟု ပြောလိုက်လေတော့သည်။

လျှောင်အင်းက ဦးခေါင်းကိုခါယမ်းကာ....

'ဒုတိယနည်းကိုတော့ ကျုပ်တို့မလုပ်နိုင်ဘူး'

ဟု ပြောလိုက်လေသည်။





ကြီးကြပ်ရေးမှူးချုပ်က ပြုံးလိုက်ပြီး....

'ပထမနည်းက အင်မတန်ခက်ခဲတဲ့နည်းပါ၊ စဉ်းစားပါ'

ဟု ပြောလိုက်လေသည်။

ဝူစွမ်းက သက်ပြင်းတချက် မှုတ်ထုတ်လိုက်ပြီး

'ဒီအခြေအနေ ရောက်မှတော့ ပထမနည်းကို ဖြစ်တဲ့နည်းနဲ့ သုံးရမှာပဲ'

ဟု ပြောလိုက်လေသည်။

လျှောင်အင်းကလည်း သဘောတူဟန်ဖြင့် ဦးခေါင်းကိုညိတ်ပြလိုက်လေတော့သည်။

* * *

နောက်တနေ့နံနက် အရုဏ်တက်ချိန်၌ 'ရက်ရှန်ချိုင်ဖု' တည်းခိုခန်းရှေ့မှ မြင်းလေးစီးသည် တရုတ်ပြည်မြောက်ပိုင်းသို့ ဦးတည်ပြေးလွှားသွားသည်ကို တွေ့မြင်ရမည် ဖြစ်ပါသည်။

ထို မြင်းလေးစီးမှာ လျှောင်အင်း၊ ဝူစွမ်းနှင့် သူတို့၏ တပည့်နှစ်ယောက် စီးနင်းမောင်းနှင်သော မြင်းလေးစီးပင်ဖြစ်ပါသည်။

ဝူစွမ်းနှင့် လျှောင်အင်းတို့သည် ရိပိန်တောင်ဘီလူးမ ဆူးရိဖုံးကို တရုတ်ပြည်ထဲသို့ မဝင်ရန် တားဆီးနိုင်ပါမည်လော။

* * *

နှစ်လပိုင်း လကုန်ရက် ဖြစ်သည်။

လှပသော မြင်းလှည်းတန်းသည် 'ဆန်းကမ်' လမ်းပေါ်၌ ရွေ့လျားနေလေသည်။ 'ဆန်းကမ်' လမ်းသည် တရုတ်ပြည် မြောက်ပိုင်းရှိ လမ်းမကြီးတခု ဖြစ်သည်။ ထိုလမ်းပေါ်၌ ရွေ့လျားနေသော မြင်းလှည်းတန်း မြင်းလှည်း ပေါ်တွင် အမည်းရောင် အနားကွပ်ထားသော သုံးမြောင့် အလံသည် လေထဲ၌ လှုပ်ရှားနေလေသည်။

ထိုအလံ၏ အလယ်ဗဟို၌ အဖြူရောင်ဖြင့် ဓားမြောင် တချောင်း ရေးဆွဲထားလေသည်။

လွန်ခဲ့သော နှစ်ပေါင်းနှစ်ဆယ်က ဤအလံ၏ အမှတ်အသားကိုတွေ့လျှင် သိုင်းလောကသားများ တုန်လှုပ်ခဲ့ရလေသည်။

ထို့ကြောင့် ထိုအလံ၏ အမှတ်အသားကို 'သေမင်းတမန်' ဟု ခေါ်ကြလေသည်။ ထို့ပြင် ထိုအလံသည် ရိပိန်တောင် ဘီလူးမ ဆူးရိဖုံး၏ အမှတ်အသားဖြစ်ကြောင်း နားလည်ကြလေသည်။

ယခု ထိုအလံသည် (၁၀)နှစ်(၁၅)နှစ်ခန့် ပျောက်ကွယ်နေရာမှ ပြန်လည်ထွက်ပေါ်လာပြီ ဖြစ်သည်။ ထို့ကြောင့် သိုင်းလောကသားများအတွက် 'သေမင်းတမန်' ရောက်ရှိလာခြင်း ပေလော။

နန္ဒကျော်သူ